www.burmeseclassic.com

ပျး

ကလောင်ခွဲ

# ဝသျှး

အတိတ်စိမ်း

DESIGN THEIN SHWE KYI

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC .com

# သျှီး

## အတိတ်စိမ်း

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၈၅၀၃၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၁၄၀၃၁၂

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၈၈) (ချူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ-၀၄၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သခိုလမ်း၊ ၈၈/အောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း - ၀၁- ၂၉၀၉၃၆

၈၉၅.၈၃

သျှိုး

အထိတ်စိမ်း / သျှိုး။ - ရန်ကုန်၊

ချူးစာပေ၊ ၂၀၁၂။

၂၄၀ - စာ၊ ၁၂ x ၁၈ စင်တီ။

(၁) အထိတ်စိမ်း

## အခန်း (၁)

"အန်ကယ် ဒီဘက်အိမ်က ဦးအုံ့ဘွယ်တို့ မရှိကြဘူးလား ခင်ဗျ"

မိုးညအမေးကြောင့် တစ်ဖက်ခြံမှ အန်ကယ်ကြီးတစ်ယောက် ပန်းပင်တွေကို ပေါင်းသင်မြေဆွနေရင်းမှ လှည့်ကြည့်၏။

"ဟော ဦးအုံ့ဘွယ်လား၊ မရှိဘူးကွယ့်"

"ဘယ်သွားကြလဲ ခင်ဗျာ၊ ကျွန်တော် ကိစ္စလေးရှိလို့ပါ"

"သူက ဒီမှာမနေတော့ဘူးလေကွယ်"

"ဗျာ ဒါ ဒါဆို ဘယ်ပြောင်းသွားတာလဲခင်ဗျာ"

"သူ့ကို သူ့သားသမီးတွေ လာခေါ်သွားကြတာပဲကွ၊ အသက် ကလည်းကြီးပြီဆိုတော့ သူ့ခမျာတစ်ယောက်တည်းနေလို့လည်း မသင့်



www.burmeseclassic.com

www.burmeseclassic.com



တော်ဘူးလေ"

ထိုအန်ကယ်ကြီး ရှည်ရှည်ဝေးဝေး ရှင်းပြနေသည်ကို မိုးညို စိတ်မဝင်စားအားတော့။ ယခု လတ်တလော ကိုယ့်ဒုက္ခကိုသာ ဘယ်လို ဖြေရှင်းရမလဲဟု တွေးကာ ဦးနှောက်တွေ တခဏချင်း ထုံပူလာ၏။

"ဒါနဲ့မောင်ရင်က ဘာကိစ္စလဲကွယ်၊ တွေ့ချင်ရင်တော့ သူရှိတဲ့ နေရာကို လိုက်တွေ့လိုက်ပေါ့ကွာ"

"ကျွန်တော်က သူ့အိမ်မှာငှားနေမယ်ဆိုပြီး ပြောင်းလာတာ"

"ဟေ"

လက်ဗလာကြီးဖြင့်ပြောနေသော မိုးညိုကို ထိုအန်ကယ်လ်ကြီး ခြေဆုံးခေါင်းဆုံးကြည့်ကာ

"ပြောင်းလာတယ်လည်းဆိုသေး ဘာပစ္စည်းမှလည်းမပါ ပါ လား"

စပ်စုတတ်ပုံရသော ထိုအန်ကယ်လ်ကြီးကို စိတ်ရှုပ်ထွေးနေသည့်ကြားမှ ရှင်းပြရသေးသည်။

"ပစ္စည်းတွေက သိပ်များများစားစားမပါတော့ သူငယ်ချင်းတစ် ယောက်အိမ်မှာ ခဏထားခဲ့ပါတယ်"

"ဩော် အေး အေး ဒါနဲ့မင်းကတစ်ယောက်တည်းနေမှာလား ကွ"





"ဟုတ်ပါတယ် တစ်ယောက်တည်းပါ ဘာဖြစ်လို့မေးတာလဲ ခင်ဗျာ ဒီနားမှာ အိမ်ငှားဖို့များရှိနေလို့လား"

"ရှိတော့မရှိပါဘူးကွာ၊ ဒါပေမဲ့ အခုမင်းလာတွေ့တဲ့ ဦးအံ့ဘွယ် ရဲ့အိမ်အပေါ်ထပ်ကိုတော့ငှားမှာ၊ အောက်ထပ်မှာတော့ လင်မယားနှစ် ယောက်ငှားနေတယ်၊ ငါတို့စိတ်မကျဉ်းကျပ်ဘူးဆိုရင်တော့၊ ဦးအံ့ဘွယ်ကို ဖုန်းဆက်အကြောင်းကြားပြီး နေလိုက်ပေါ့ အခန်းသော့ကတော့ ဦးလေး ဆီမှာရှိတယ်"

ဆုံးဆုံးမြုပ်သွားပြီးဟုတွေးထားသော မျှော်လင့်ချက်ကလေး ပြန်ကွေ့လာသဖြင့် မိုးညို အနည်းငယ်စိတ်သက်သာရာရသွားတာတော့ အမှန်ပင်။

"ဒီလိုဆိုရင်တော့ အဆင်ပြေတာပေါ့ အန်ကယ်ရယ်၊ ဟို လော လောဆယ်တော့ ကျွန်တော် အခန်းသော့ယူပြီး အိမ်ပေါ်ခဏတက် ကြည့်လို့ရမလား"

"ဟာ ရတာပေါ့ နေဦး၊ ဦးလေး သော့သွားယူပေးမယ်"

အန်ကယ်ကြီး ရွှံ့ပေနေသောလက်ကို ဘုံပိုင်ခေါင်းဖွင့်ပြီး ဆေး လိုက်သည်။ ပြီးနောက် အိမ်ပေါ်ကို ကပျာကယာ တက်သွားသည်။

မိုးညို ထိုအန်ကယ်ကြီးကို အိမ်ရှေ့မှာရပ်စောင့်ရင်း ပတ်ဝန်း ကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူးဖြောင့်နေသော လမ်းကလေးရယ်၊ ကိုယ့်ခြံကိုယ့်ဝင်းနှင့် သပ်သပ်ရပ်ရပ်စီဆောက်ထားသော အိမ်လေးတွေနှင့် နေချင်စရာ၊ အိမ်တိုင်းအိမ်တိုင်း၏ခြံဝင်းထဲမှာ အုပ်အုပ်ဆိုင်းဆိုင်း အပင်ကြီးတွေရှိသည့်အတွက် လမ်းကလေးက နေပြောက်မတိုးဘဲ စိမ့်စိမ့်ကလေး အေးနေသည်။

ရှင်းလင်းနေသောလမ်းမှာ ကလေးတစ်ယောက်တလေတောင် ရှိမနေခြင်းကို မိုးညှ အတော်လေး သဘောကျနေသည်။ မိုးညှ အလုပ်က စာရေးသည့်အလုပ်။ ခုလိုမျိုး ပတ်ဝန်းကျင်တိတ်ဆိတ်နေမှ အလုပ်ဖြစ်မှာ။ ဒါကြောင့်လည်း လွန်ခဲ့သည့် သုံးလေးလက ဦးအုံ့ဘွယ်နှင့်တွေ့ပြီး ရန်ကုန်ကိုလာရင် သူ့အိမ်မှာလာနေဟု ပြောထားသောစကားရှိ၍ ယခုလာခြင်းဖြစ်သည်။

"ဟော့ ငါ့ညီ၊ ဘာတွေငေးနေတာလဲ၊ လာသွားကြမယ်လေ"

"ဗျာ အန်ကယ်ကြီးရော"

"ဟော အစ်ကိုက အန်ကယ်ကြီးရဲ့ တစ်ဦးတည်းသောသား။ အပေါ်ထပ်လှေကားတက်ရင် အဖေ မောမှာစိုးလို့ အစ်ကိုလိုက်ပို့ပေးမယ်ဟုတ်ပြီလား။ အစ်ကို့နာမည်လည်းမှတ်ထားဦး မောင်ယဉ်ကျေးတဲ့ အဟဲ အရိုင်းနဲ့ဆန့်ကျင်ဘက် အယဉ်ပေါ့"

ဟာသလူရွှင်တော် အရိုင်းလိုမျက်နှာမျိုးနှင့်ပြောင်ချော်ချော်





ပြောနေသော ကိုယဉ်ကျေးကိုကြည့်ပြီး မိုးညှ ရယ်လိုက်သည်။

"ကျွန်တော့်နာမည် မိုးညှပါအစ်ကို"

"ဟော နာမည်က တယ်မိုက်ပါလား။ ကျွန်တော့် မင်းကိုမင်းအမေက မိုးရွာတဲ့ညမှာ မွေးလို့ထင်တယ်"

ကိုယဉ်ကျေး သူ့ထင်ကြေးနှင့်သူ အရွှန်းဖောက်လိုက်သည်။

"ဟုတ်မယ်ထင်တယ် အစ်ကို၊ ကျွန်တော့်အမေက မိုးရာသီကို အရမ်းနှစ်သက်တာ"

"စောင်ခြုံကွေးလို့ရအောင်မို့လား"

"အဟဲ ဟုတ်ချင်ဟုတ်မှာပေါ့"

"ကဲ လာ လာ အစ်ကိုတို့ ဟိုဘက်အိမ်အပေါ်ထပ်ကို သွားကြည့်ကြမယ် လာ"

ကိုယဉ်ကျေး ဦးဆောင်ခေါ်ရာသို့ မိုးညှ လိုက်လာခဲ့၏။

အိမ်ကနှစ်ထပ်အိမ်ဆိုပေမယ့် အပေါ်ထပ်ကိုတက်ဖို့ လှေကားကို အောက်ထပ်အခန်းနှင့်ကာထားသဖြင့် အောက်ထပ်နှင့် တသီးတခြားဖြစ်နေသည်။

"လာ ငါ့ညီ အိမ်ပေါ်ထပ်မှာ ပစ္စည်းတချို့တလေတောင် ရှိသေးတယ်၊ မင်းအသုံးလိုရင် ယူသုံးလို့ရတယ်"

ကိုယဉ်ကျေး အိမ်တံခါးသော့ကို ဖွင့်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မှောင်မဲနေသော အခန်းအတွင်းသို့ အပြင်မှအလင်းရောင် ဖျတ်ခနဲ ခုန်ဝင်သွားသဖြင့် ကိုယဉ်ကျေးနှင့်မိုးညှ ထိုအလင်းရောင်နှင့်ပင် အိမ်ထဲသို့ဝင်ခဲ့ကြ၏။

ကိုယဉ်ကျေး ပြတင်းပေါက်တံခါးတွေကို ဖွင့်လိုက်သည်။

"ကဲ ခုတော့လင်းသွားပြီ ကြည့် စိတ်ကြိုက်သာကြည့်၊ ကြည့်တာလောက်နဲ့တော့ ပိုက်ဆံမပေးရဘူး၊ တစ်ဝကြီးကြည့်၊ အေး နေရင်တော့ ပိုက်ဆံပေးရမှာဗျ၊ တစ်လကို လေးသောင်းတဲ့"

ကိုယဉ်ကျေး အိမ်လခပါ တလက်စတည်းရှုတ်ပြ၏။ မိုးညှ အဖို့ လေးသောင်းဆိုတာ သိပ်ပြီးခဲယဉ်းသော ငွေကြေးပြဿနာမဟုတ်။ ပေးနိုင်သည်။

"အပေါ်ထပ်မှာ ရေချိုးခန်း၊ အိမ်သာပါလား အစ်ကို"

"အယ် ဒါတော့ မပါဘူးလေကွာ၊ နှစ်ထပ်ပျဉ်ထောင်အိမ်က အပေါ်ထပ်မှာ ရေချိုးခန်း၊အိမ်သာပါဖို့မလွယ်ဘူး ငါ့ညီရ"

"ဟော် ဒါဆို ကျွန်တော် ရေချိုး အိမ်သာတက်ရင် ဘယ်ကွား ရမလဲ"

"အောက်မှာလေ၊ လာ နောက်ဖေးပေါက်ကို လိုက်ပြမယ်"

ကိုယဉ်ကျေး စိတ်မြန်သူပီပီ မိုးညှကို လက်ဆွဲခေါ်သွားကာ အိမ်နောက်ဖေး လှေကားဆီသို့ခေါ်သွား၏။





"ကဲ တွေ့လား၊ ဟောဒီတံခါးလေးဖွင့် ဒီလှေကားလေးဆင်း လိုက်ရုံနဲ့ ဟော ဟိုမှာအုတ်ကန်ဘေးမှာအိမ်သာ အဆင်ပြေတယ် မဟုတ် လား"

"အင်း မပြေလည်း ပြေရမှာပေါ့ အစ်ကိုရာ"

"ပြေလိုက်ပါ မိုးညှရာ၊ ဒီလောက်အပေါ်ထပ်အခန်း အကျယ် ကြီး၊ အိမ်ရှေ့မှာ ဆက်တီခုံပါတယ်၊ ဟော့ ဟိုဘက်မှာ စာရေးစားပွဲလုပ် လို့ရတဲ့ ခုံတစ်လုံးပါတယ်၊ ဗီရိုအဟောင်းတစ်လုံး၊ ခုတင်တစ်လုံး၊ နောက် ဖေးမှာလည်း ကြောင်အိမ်နဲ့ပန်းကန်စင်က အဆင်သင့်၊ လိုအပ်ရင် ဟောဟို ထင်းရှူးသေတ္တာကြီးထဲက အိုးခွက်ပန်းကန်တွေကိုတောင် ထုတ် သုံးလို့ရတယ်"

ကိုယဉ်ကျေးပြောသလို မိုးညှအတွက် အစစအရာရာမှာ အ ဆင်ပြေပါ၏။

"ဒါနဲ့ အောက်ထပ်မှာ လင်မယားနှစ်ယောက်နေတယ်ဆို"

"ဟုတ်တယ်၊ ဒါကလည်း ကိုယ်မပတ်သတ်ရင် အနေသာကြီးပါ ငါ့ညီရာ၊ သူတို့လည်း သူတို့ဟာသူတို့နေ ကိုယ်လည်းကိုယ့်ဟာကိုယ်နေ ဘာများပတ်သက်စရာရှိမလဲ"

"အင်းလေ လင်မယားနှစ်ယောက်နေရုံနဲ့တော့ ကျွန်တော့်အ တွက် ဘာမှအနှောင့်အယှက်ဖြစ်စရာ မလိုပါဘူး၊ အမိကကလေး



www.burmeseclassic.com

www.burmeseclassic.com



မရှိနေတာပဲ တော်တော်လေးအဆင်ပြေနေပြီ ကျွန်တော်က အာရုံနောက်ရင်အလုပ်လုပ်လို့ မရဘူး အစ်ကိုရ"

မိုးညစကားကြောင့် ကိုယဥ်ကျေး သူ့မျက်မှန်ကြီးကိုပင့်ကာ မိုးညကို ကြည့်ပြီး

"ငါ့ညီက ဘာလုပ်တာလဲ"

"စာရေးဆရာပါ အစ်ကို"

ကိုယဥ်ကျေး အတော်လေး လေးစားသွားပုံဖြင့် အထင်တကြီး ကြည့်လိုက်ပြီး

"ဟား တယ်ဟုတ်ပါလား ငယ်ငယ်ရွယ်ရွယ်နဲ့စာရေးဆရာဖြစ်တာ တော်တော်လေးကိုအံ့သြစရာကောင်းတာပဲ၊ အတော်ပဲ အစ်ကိုကလည်း စာဖတ်ဝါသနာအိုး၊ ငါ့ညီနဲ့ စာကြောင်းပေကြောင်းဆွေးနွေးဖို့ အဖော်ရသွားပြီပေါ့"

"ကောင်းတာပေါ့ အစ်ကိုရာ၊ ကဲ ကျွန်တော့်ကို ဦးအံ့ဘွယ်ခဲ့အကြောင်းကြားပေးဦးနော် အစ်ကို"

"စိတ်ချ ငါ့ညီ၊ အစ်ကို ဒီနေ့ပဲ ဖုန်းဆက်လိုက်မယ် ငါ့ညီ မနက်ဖြန်ကစပြီးပြောင်းလာပေတော့"

ကိုယဥ်ကျေး၏ ပွင့်လင်းဖော်ရွေစရာကောင်းသော အိမ်နီးနားချင်းနှင့်တွေ့ရ၍ မိုးညအဖို့ အနည်းငယ်တော့ အပျင်းပြေ၏။





ပတ်ဝန်းကျင်ဆိုတာ လူတစ်ယောက်၏ဘဝမှာ မရှိမဖြစ်လိုအပ်ဦးမှာပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မိဖြူ ထမင်းပွဲပြင်တာ ကြာလှချည်လား"

"ရှင် ပြီး ပြီးပါပြီ၊ အစ်ကိုကြီး စားလို့ရပါပြီ"

ကြောက်ရွံ့ဟန်ပါသောလေသံဖြင့် အိမ်နောက်ဖေးခန်းထဲမှ အသံပြန်အပြူ ဦးကျော်ခေါင် ဖျဉ်ကုလားထိုင်မှာထိုင်နေရာမှ ထလိုက်သည်။

မိဖြူ မီးဖိုခန်းထဲမှ ဟင်းပန်းကန်လေးကိုင်ပြီး ကမျာကသီထွက်လာ ထမင်းဝိုင်းကိုကြည့်ပြီး နှာခေါင်းရှုံ့သွားသည်။

"ဟင်း ဘယ်အချိန်ကြည့်ကြည့် ကျက်သရေမရှိတဲ့ ထမင်းဝိုင်း ဘယ်လိုမှ မျိုလို့ရမှာတောင် မဟုတ်ဘူး"

"ဒီနေ့ ဈေးဖိုးမလောက်လို့ ရှိတာလေးနဲ့ ရှာကြံပြီး ချက်ထားတာပါ အစ်ကိုကြီး"

"ဘာ ဒါဆို နင် ဒီလိုဟင်းတွေချက်ရတာ ငါ့ကြောင့်ပေါ့





ဟုတ်လား၊ သောက်ကောင်မ ငါ ရှာကျွေးတာကိုစားပြီး ငါ့ကိုပြန်ပြီး အပြစ်တင်နေတယ်ပေါ့၊ နင်က ဘယ်လင်အားကိုးနဲ့လဲ ဟမ်၊ ကောင်မ ပြောစမ်း"

"မဟုတ်ရပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီး ဒီငါးဟင်းမစားချင်ရင် ဖြူ နောက်တစ်ခု ထပ်စီစဉ်ပေးပါ့မယ်"၊

"နင်က ဘာစီစဉ်ပေးမှာလဲ"

"ဟို လ လက်ဖက်သုပ်ကလေး လုပ်ပေးပါ့မယ်"

"တော် ငါက ထမင်းကို လက်ဖက်သုပ်နဲ့စားစရာလား၊ နင် အဲဒီလောက်တောင် အလိုက်ကမ်းဆိုး မသိဘူးလား"

"ဝုန်း"

"အမလေး"

ထမင်းဝိုင်းပေါ်မှ ထမင်းပန်းကန်တွေ ဟင်းပန်းကန်တွေကို ဘိုင်မှောက်လိုက်သဖြင့် ကြမ်းပြင်တွင် ထမင်းတွေနှင့်ဟင်းတွေ ဖွာလန်ကြဲသွားသည်။

မိဖြူ ကြောက်လွန်း၍ အသားတွေ တဆတ်ဆတ်တုန်၍နေသည်။ ပါးပြင်မှ မျက်ရည်တွေ တွင်တွင်စီးကျလာပြီး ဖြူ ခေါင်းပင်မဖော်ရဲ။

ဘဝမှာ ဒီလို ကြောက်ရွံ့ထိတ်လန့်စရာကောင်းသည့် အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတွေ ဘယ်အချိန်များမှ ဆိတ်သုဉ်းပါ့မည်လဲ။ ဖြစ်နိုင်လျှင် ဖြူ့ခန္ဓာကိုယ်တစ်ခုလုံး ဝိဉာဉ်အဖြစ် ဦးကျော်ခေါင်နားမှ အငွေ့ပျံပြီး လွင့်ပျယ်သွားချင်ပါ၏။

"ဟဲ့ ကောင်မ နင်က ငါ့ကို မျက်ရည်ခံထိုးဦးမလို့လား။ နင့်မျက်ရည်တွေကို ကြည့်ရတာ ရွံဖို့ကောင်းတယ် မငိုနဲ့၊ လာ နင် အခု ငါ့နားကိုလာစမ်း"

ဦးကျော်ခေါင်၏အသံမှာ သရဲဘီလူးစီးသလို ဩရှရှကြီးနှင့် ဖြူ့အဖို့ ကြက်သီးထရလောက်အောင် ကြောက်စိတ်တွေ မွှန်ထူစေ၏။

"ကြောက် ကြောက်ပါတယ် အစ်ကိုကြီးရယ်၊ နောက် နောက်ဆိုရင်လေ ဖြူ အစ်ကိုကြီးစားချင်တာကို ချက်ပေးပါ့မယ်၊ ဖြူ့ကို မရိုက်ပါနဲ့"

ဖြူ ငိုသံပါကြီးနှင့် လက်အုပ်ကလေးချီကာ တောင်းပန်ရှာ၏။

"နင်က နင့်အသားနာမှာတော့ ကြောက်သလား၊ ဟမ် ကောင်မ၊ ငါကလည်း နင့်ကို မရိုက်ချင်ပါဘူး။ ငါ့ကို စိတ်အနှောင့်အယှက်ပေးတဲ့ နင့်ကို စိတ်အနှောင့်အယှက်ပြန်ပေးရုံလေးတင်ပါ၊ လာ ခုလာခဲ့ မလာရင် ပိုပြီး ပွဲကြမ်းသွားမယ်နော်"

ဖြူ ဆက်ပြီး တောင်းပန်တိုးလျှိုးနေ၍ မရတော့မှန်း သိသဖြင့် ဖြူ ဦးကျော်ခေါင်နားသို့ တိုးကပ်၍ လာလိုက်သည်။





ဦးကျော်ခေါင် ဖြူ့ဆံပင်တွေကို ဆောင့်ခနဲ လှမ်းဆွဲလိုက်သဖြင့် ဖြူ့မျက်နှာလေး ဦးကျော်ခေါင်ရှေ့သို့ အရုပ်ကလေးတစ်ရုပ်လို ပါလာ၏။

"ကဲ စားစမ်း၊ အဲဒီကြမ်းပြင်ပေါ်ကျနေတဲ့ ထမင်းတွေ ဟင်းတွေကို နင် ငါ့ရှေ့မှာ ကောက်စားလိုက်၊ ဒီထမင်းတွေ ဟင်းတွေဖြစ်လာဖို့ ငါမှာ တပင်တပန်း ရှာဖွေထားရတာ"

"မ မစားပါရစေနဲ့ အစ်ကိုကြီးရယ်၊ မစားပါရစေနဲ့"

"မစားလို့မရဘူး စားရမယ် စား"

"အွန့် အဟွတ် ဟွတ်"

ဖြူ့ဆံပင်ကိုဆွဲကာ ကြမ်းပေါ်သို့ နှိမ့်ချပြီး ကြမ်းပေါ်ကျနေသော ထမင်းခဲတွေကို ပါးစပ်နှင့်တေ့ပေးနေသော ဦးကျော်ခေါင်၏ ယုတ်မာမှုက စာဖွဲ့၍ပင် မီနိုင်ပါမည်လား မသိနိုင်အောင်။

ဖြူ့မျက်နှာမှာ ကြမ်းပြင်မှာပြန့်ကျဲနေသော ထမင်းဟင်းတွေနှင့် ယှဉ်ပြီး နောက်ဆုံး ဦးကျော်ခေါင် အလိုကျ ထိုထမင်းဟင်းတွေကို ရှုမြင်လိုက်ရလေတော့သည်။

လောကမှာ မိန်းမတွေကို နှိပ်စက်တတ်သည့် ယောကျ်ားတွေ အမြောက်အများရှိကြပေမယ့် ဦးကျော်ခေါင်လောက် ယုတ်မာရက်စက်သော ယောကျ်ား ရှိနိုင်ပါဦးမည်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အိမ်ရှေ့ကို ဟိုင်းလက်ကားလေး ထိုးစိုက်လိုက်သည်နှင့် တစ်ဖက်အိမ်မှ ကိုယဉ်ကျေးနှင့် သူ့အဖေ ခြံထဲမှ ကပျာကယာ ထွက်လာကြသည်။

"ဟေး ပြောင်းလာပြီလား မိုးညရေ၊ ငါက မနေ့ကတည်းက ပြောင်းလာမယ် ထင်တာကွ"

ကိုယဉ်ကျေးနှင့်သူ့အဖေ ကားပေါ်မှပစ္စည်းအချို့ ဝိုင်းချပေးရန် ကားနားကို ရောက်လာကြသည်။

"မနေ့က ကျွန်တော် မအားလို့ ဒီနေ့မှပဲ ပြောင်းဖြစ်တယ် အစ်ကို"

"အေး အေး ပေး အဲဒီအထုပ်တွေ၊ ဒီဘက်တွန်းလိုက်၊ ငါ



သယ်ပေးမယ်"

"ရပါတယ် အစ်ကိုရာ၊ အားနာစရာကြီး"

"အားမနာနဲ့၊ အိမ်နီးနားချင်းတွေပဲ၊ အားနာစရာ မလိုဘူး ဆေး ပေး"

ကိုယဉ်ကျေး ငွေခွံအိတ်တွေနှင့် ထုပ်ထားသော စာအုပ်တွေကို အိမ်ရှေ့လှေကားဝသို့ သယ်ချသွား၏။

"ဟော့ မိုးည အခန်းသော့ အခန်းသော့"

"ဩော် ဟုတ်ကဲ့ လာပြီ လာပြီ"

မိုးည ဘောင်းဘီအိတ်ထဲမှ သော့ကိုထုတ်ပြီး လှေကားဝသို့ ခပ်သွက်သွက် လျှောက်လာလိုက်၏။

ရုတ်တရက် အိမ်အောက်ထပ် အတွင်းခန်းထဲမှ လူရိပ်တစ်ခု ချက်ခနဲ ဝင်သွားတာ တွေ့လိုက်၏။ သို့သော် ဂရုထားမနေဘဲ ကိုယဉ်ကျေးကို သော့လှမ်းပေးလိုက်၏။

ကားပေါ်မှာ အဝတ်သေတ္တာနှင့် စာအုပ်ထုပ်တွေကလွဲ၍ ထွေထွေထူးထူး ဘာမှမပါသဖြင့် ပစ္စည်းသယ်ရွှေ့သည့်အလုပ်ကို အချိန်အကြာကြီး မပေးလိုက်ရ။

"ကဲ မိုးည၊ ဒီနေ့တော့ မင်းစားဖို့ဝါးဖို့ ဘာမှထွေထွေထူးထူး ထိုင်နေနဲ့တော့၊ ငါတို့အိမ်မှာပဲ လာစားတော့၊ ငါတို့ကလည်း ဒီအားအဖ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်းဆိုတော့ ကြုံသလို ကြက်သားကြော်ပဲပေါ့ အဟဲ''

''ဟာ ရပါတယ် ကိုကျေးရာ၊ နေပါစေ ကျွန်တော် အပြင်မှာပဲ ဝယ်စားလိုက်ပါမယ်''

''ဟ မင်းနေယ် အားနာစရာမရှိ ကြုံဖန်ပြီး အားနာနေတယ်၊ ငါတို့သားအဖက မင်းအိမ်မှာ လာမစားပါဘူးကွ''

ကိုယဉ်ကျေး စကားကြောင့် မိုးညှ အားနာစွာရယ်လိုက်ရင်း

''အဲဒီလို မဟုတ်ပါဘူး ကိုကျေးရာ၊ ကျွန်တော်က အားနာလို့ ပါ''

''မနာနဲ့ မနာနဲ့ ငါတူ ပတ်ဝန်းကျင်ဆိုတာ မြန်ရာဟင်းကောင်း ခင်ရာဆွေမျိုးပဲကွ၊ ဦးလေးတို့သားအဖနှစ်ယောက်ကို ကိုယ့်အစ်ကိုတွေ ကိုယ့်ဦးလေးတွေလို သဘောထားလိုက်၊ မင်းရဲ့အားနာနေတဲ့စိတ်တွေ ပျောက်သွားလိမ့်မယ်၊ ဦးလေး နာမည်ကို မှတ်ထား၊ ဦးစေတနာတဲ့၊ နာမည်နဲ့လိုက်အောင်ကို စေတနာတွေက ရှေ့ကိုနှစ်မိုင်လောက် လွှန် ထွက်နေတာ မယုံမရှိနဲ့''

ဦးစေတနာကပါ စေတနာကောင်းစွာ ဝင်ပြောနေ၍ မိုးညှ ပို၍ပြုံးရခက်သွားသည်။ သားအဖနှစ်ယောက်စလုံး ဖွတ်အတင်းခေါ်နေ မှတော့ အားနာနာနှင့်ပင် စားရတော့မှာပင်။

''ဟုတ်ကဲ့ ကျွန်တော် စားပါတော့မယ် အစ်ကိုရာ၊ ဩော်





ဒါနဲ့ အန်ကယ့်ကို ကျွန်တော် ပေးစရာရှိလို့''

''ဟေ ဘာပေးမှာလဲ၊ ရည်းစားစာလား၊ ဒါဆိုလည်း မြန်မြန် ပေးကွာ၊ ငါ ရင်မခုန်ရတာ ကြာနေပြီကွ''

ရယ်ရွှန်းပတ်ရွှန်းပြောလိုက်သော ဦးစေတနာစကားကြောင့် အင်္ကျီအိတ်ကပ်ထဲမှ ပွဲစားခအနေနဲ့ပေးမည့်ငွေကို စာအိတ်ထဲထည့်ထား တာ သတိရလိုက်ပြီး မိုးညှ ရယ်လိုက်သည်။

''ဩော် အန်ကယ်က ရင်ခုန်ချင်သေးတယ်ပေါ့၊ ဒါဆိုရင်တော့ ကိုယဉ်ကျေးကိုရှာခိုင်းလေ အန်ကယ်ရ''

''ထွီ ဒီကောင်က သူ့ကိုယ်သူတောင် စွံအောင်မလုပ်နိုင်တာ၊ ငါ့အတွက်ဆိုရင်တော့ ငါ့အရိုးတွေ ဆွေးရုံပဲရှိတော့မယ်''

''ဟာ အဖေကလည်း အဲဒီလိုတော့ မပြောပါနဲ့ဗျာ၊ အဖေ့ကို ကျွန်တော် ရှာပေးတယ်လေ၊ အဖေ့ပဲ အရိုးများသလေး ချိုးခါးသလေးနဲ့ ငြိုင်းပြီး''

မိုးညှနှင့် ပြောနေရင်းမှ သားအဖနှစ်ယောက် သူတို့အတွင်းရေး တွေ ဖော်ကုန်ကြသည်။

''ဟ ငြင်းမှာပေါ့ကွ၊ မင်းရှာပေးတဲ့မိန်းမက သွေးဆုံးနေရုံတင် မဟုတ်ဘူး ငါ့ထက်တောင် အသက်ကြီးပြီး သွားပါကျိုးနေတော့ မိုးညှရဲ့ မင်းပဲစဉ်းစားကြည့် ငါ့မှာ ထမင်းဝါးကျွေးရမယ့်အလုပ်တောင်ပိုသွား



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

"ဖအေကို သောက်တလွဲရှာပေးလို့ သူကိုယ်တိုင်ရော အဖြစ်ရှိလားဆိုတော့လည်း နီးပဲ၊ သီရိမာလာလမ်းက နောက်ပြောင်းလာတဲ့အိမ်က ကောင်မလေးကို ချစ်လှပါရဲ့ဆိုပြီး တစ်လလောက် အချိန်ပေးပြီး သူ့မှာ သွားသွားမျှော်ရတာလေ၊ ဟိုက သူ့ကို ချစ်ပါတယ်လို့တော့ စာပြန်ပေးတယ်၊ ပါးစပ်နဲ့တော့ အဖြေမပေးဘူး၊ အဟုတ် စာထဲမှာ ဘာတဲ့ ဟော့ကောင် ငါ မေ့နေလို့"

ဦးစေတနာ သူ့ဟာသူပြောပြီး မေ့နေသဖြင့် ကိုယဉ်ကျေးကို အစဖော်ခိုင်းသေး၏။ ကိုယဉ်ကျေး ရှက်လွန်း၍ထင်၏ မျက်နှာကြီးနီကာ ငိုမလို ရယ်မလိုကြီးဖြင့်

"ဟာဗျာ အဖေကလည်း ဘာတွေလျှောက်ပြောနေတာလဲ မသိဘူး"

"ဟ မင်းကောင်မလေး ရေးတာ မင်းမမှတ်ထားဘူးလားကွ၊ ကျွတ် နေပါဦး ဪ သတိရပြီ ဘာတဲ့ ဖင်ကလေ တစ်သက်မှာတစ်ခါသာ ချစ်ရတဲ့အစ်ကို့ကို နှလုံးသားနဲ့ရင်းပြီး ဘဝကိုပုံအောပေးပါရစေတဲ့ အစ်ကိုသာဆန္ဒရှိမယ်ဆိုရင် ကလေးတစ်ဒါဇင်လောက် လိုချင်တယ်ဆိုရင်လည်း မွေးပေးပါရစေတဲ့၊ ဒါပေမဲ့ ဖင့်ရဲ့ချို့ယွင်းချက်ကိုတော့ စိတ်မပျက်ပါနဲ့တဲ့"





ကိုယဉ်ကျေး လူကြီးရှက်တော့ ရယ်ဆိုသလို တဟားဟားဖြင့် ရယ်ရင်း ခေါင်းတွေ တဖျင်းဖျင်းကုတ်နေ၏။

"အဲဒါနဲ့ သူ့ချော လှတပတလေးက သူ့ကို အကုန်ပုံအောပေးပြီး ကလေးတစ်ဒါဇင်တောင် မွေးပေးမယ်လည်းဆိုရော ငါ့ကို အပူကပ်ပြီး တောင်းခိုင်းလို့ ငါ့မှာ ရပ်မိရပ်ဖနဲ့ သွားတောင်းပေးရသေးတယ်၊ အဲဒီမှာတင် ကောင်မလေးက စကားတစ်ခွန်းမှ မပြောလို့ သမီးရယ် သမီးဆန္ဒလေး ပြောပါ၊ မင်္ဂလာကိစ္စကို စိတ်ကြိုက်စီစဉ်ပေးပါ့မယ်ဆိုလည်း ဆိုရော ကောင်မလေးအမေက ဘာထပြောတယ်မှတ်သလဲ"

မိုးညို ခြေဟန်လက်ဟန်ဖြင့် အားပါးပါးပြောနေသော ဦးစေတနာ စကားကို စိတ်ဝင်စားသွားသည်။

"ဘာ ဘာပြောလဲ အန်ကယ်"

"ဟဲ့ သမီး သမီးဆန္ဒတွေကို စိတ်ထဲရှိတဲ့အတိုင်း စာနဲ့ရေးပြလိုက်လေတဲ့၊ အဲဒါနဲ့ ငါကလည်း မျက်မှန်မေ့ကျန်ခဲ့တာဆိုတော့ သမီးရယ် ဦးလေး မျက်မှန်ကျန်ခဲ့လို့ စာဖတ်လို့လည်း မြင်မှာမဟုတ်ဘူး၊ ဒီတော့ ပါးစပ်နဲ့ပဲ ပြောပါဆိုလည်း ဆိုလိုက်ရော ဗူးဗူးဝါးဝါး အသံကြီးနဲ့ ထပြောတယ်ကွာ၊ သူ့စကားလုံးတွေက ဗူးဗူးဝါးဝါးကလွဲလို့ ဘယ်လိုမှ အဓိပ္ပာယ်ကောက်လို့မရတော့ဘူး"

"ဟင် ဘာဖြစ်လို့လဲ၊ သူက စကားမပြောတတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါပဲပေါ့ ဒီကောင်ကွာ၊ ငါ ကြိုက်နေတဲ့ ကောင်မလေးမှာ ဘာချို့ယွင်းချက်ရှိသလဲဆိုတာတောင် မသိဘူး၊ တကယ် ဘုမသိဘမသိကောင်"

"အဟီး ကျွန်တော်က ဘယ်သိမလဲဗျ၊ သူနဲ့က စာနဲ့ပဲ ဆက်သွယ်ဖူးတာ၊ တစ်ခါမှ စကားမပြောဖူးတော့ သူ အ,နေမှန်း ဘယ်သိမတုံး"

"ကဲ ကြားတယ် မဟုတ်လား မိုးညှ၊ အဲဒါ မင်းအတွက် ကုန်ကြမ်းတွေပဲကွ၊ မှတ်ထား၊ ကုန်ကြမ်းတွေ နောက်ဆို ဒီရပ်ကွက်မှာ အနေကြာလာတာနဲ့အမျှ ဒီရပ်ကွက်ထဲကလူတွေအကြောင်းလည်း မင်းတစေ့တစောင်း လေ့လာပြီး ကုန်ကြမ်းရှာလို့ရတယ် မယုံမရှိနဲ့"

"စိတ်ချ ကျွန်တော်က စာရေးဆရာဆိုတော့ လူအမျိုးမျိုးရဲ့ ဘဝလေးတွေ အဖြစ်အပျက်ဆန်းလေးတွေကို အမြဲတမ်း ရှာမှီးနေတဲ့ သူဆိုတော့ အန်ကယ်ပြောသလို ကုန်ကြမ်းပေါ့လေ"

"အဲ အောက်ကလူကိုတော့ နည်းနည်း သတိထားပေါ့ကွာ"

"ဗျာ ဘာဖြစ်လို့လဲ အန်ကယ်"

မိုးညှ အမေးကြောင့် ဦးစေတနာ အသံခပ်အုပ်အုပ်ဖြင့်

"လူသားမဆန်လို့ပေါ့ကွာ၊ မင်း တဖြည်းဖြည်း သိလာလိမ့်မယ်"





လူသားမဆန်ဘူးဟူသောစကားကြောင့် မိုးညှ အနည်းငယ်တော့ စိတ်အနှောင့်အယှက် ဖြစ်သွားရ၏။

သို့သော် မိုးညှ တည့်အောင် အလိုက်အထိုက် နေမည်ဟု ခပ်ဖော့ဖော့ပဲ တွေးလိုက်မိ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဝုန်းခနဲ အသံကြောင့် မိုးညှ အိပ်နေရာမှ ဖျတ်ခနဲ လန့်နိုးလာသည်။ မျက်လုံးများကို ဖွင့်ကြည့်လိုက်တော့ ပတ်ဝန်းကျင်တစ်ခုလုံး ထပ်မံတိတ်ဆိတ်သွား၏။

မိုးညှ ထပ်ပြီး နားစွင့်လိုက်သည်။ အောက်ထပ်မှ စကားပြောသံခပ်သဲ့သဲ့ ကြားရ၏။ ထို့ကြောင့် နာရီကို လှမ်းကြည့်တော့ မနက်လေးနာရီပင် ကျော်နေ၏။

မိုးညှ ပြန်အိပ်တုံး မျက်လုံးများကို ပြန်လည်မှေးစင်းလိုက်သည်။ ရုတ်တရက် ဗိုက်ကာရစ်နာလာသဖြင့် အိပ်နေရင်းမှ ကိုယ့်ကိုယ်ကိုယ်ပင် စိတ်ပြန်တိုမိ၏။

ဗျူး ၀၁၆၀



"ကျွတ် အိပ်မယ်ဆိုကာမှ အရေးထဲ ဗိုက်ကာရစ်လာပြန်ပြီကွာ"

မိုးညှ ကိုယ်ပေါ်မှာ ခြုံထားသော စောင်ပါးလေးကို ဖျတ်ခနဲ ဖယ်ပြီး ခြင်ထောင်ထဲမှ ထွက်လိုက်သည်။

ပြီးနောက် ဖရိုဖရဲဖြစ်နေသော ပုဆိုးကို ပြင်ဝတ်ကာ စာရေးစားပွဲပေါ်က ဘတ်မီးကိုယူ၍ နောက်ဖေးပေါက်ဝ်လှေကားမှ အိမ်သာရှိရာသို့ ဆင်းလာခဲ့လိုက်သည်။

အုတ်ကန်ဘေးမှ အိမ်သာရှိရာသို့အဖြတ် အမှောင်ထဲမှ တစ်စုံတစ်ခုကို မမြင်ဘဲ မိုးညှ ဝင်တိုင်လိုက်၍ ကိုယ်ကရှေ့သို့ ဟတ်ထိုးလဲကာ

"ဟာ ဟာ ဘာ ဘာကြီးလဲ"

"အမလေး"

"ဟမ် လူ လူ"

အမှောင်ထဲမှာမို့ လူတစ်ယောက်ကိုတစ်ယောက် မသဲကွဲ။ အသံကိုသာ ကြားရ၏။ ဒီတော့မှ မိုးညှ လက်ထဲမှာ ကိုင်ထားသော ဓာတ်မီးကို သတိရပြီး ဓာတ်မီးနှင့်ထိုးကြည့်လိုက်သည်။

မိန်းမငယ်လေးတစ်ယောက် ငိုထားသော အငိုမျက်နှာဖြင့် မိုးညှကို မျက်လုံးဝိုင်းဝိုင်းလေးဖြင့် မော့ကြည့်ကာ

"ကန် ကန်တော့နော် အစ်ကို၊ ဖြူ အသံမပေးဘာမပေးနဲ့ ဒီမှာ ထိုင်နေမိလို့"

ဗျူး ၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



အရုဏ်တက်ချိန်မှာ တိုးသက်ညှင်သာသော အသံခပ်တိုးတိုးလေးဖြင့် တောင်းပန်ရှာသော မိန်းမငယ်လေးက သူ့ကိုယ်သူ ဖြူဟု နာမ်စားသုံးကာ ညှိုးညှိုးငယ်ငယ်ဖြင့် တောင်းပန်ရှာ၏။ မိုးညှ ရစ်နာနေသော ဗိုက်ထဲက ဝေဒနာပင် ပျောက်သွားသလို ဖြစ်သွားရ၏။

"မင်း မင်း ဒီမှာ ဘာလာလုပ်နေတာလဲ ဘယ်ကလဲ"

"ဖြူက ဒီအိမ်အောက်ထပ်ကပါ"

အိမ်အောက်ထပ်ကဆို၍ ကိုယ်ဉ်ကျေး ပြောသော လင်မယား နှစ်ယောက် ငှားနေတယ်ဆိုသည့်စကားကို ပြန်၍ အမှတ်ရသွားသည်။ ဒါဆို ဒီလို နုနုငယ်ငယ် ကောင်မလေးက အိမ်ထောင်ရှင်မိန်းကလေးပေါ့။

မိုးညှ ဆက်ပြီး ရပ်နေရန် မသင့်တော်သဖြင့် အိမ်သာထဲသို့ ကမန်းကတန်း ဝင်ခဲ့လိုက်၏။ အိမ်သာထဲရောက်တော့ ကိုယ့်ကိစ္စကိုယ်ရှင်းဖို့အတွက် အပြင်မှာ မိန်းကလေးတစ်ယောက်ရှိတာသိနေ၍ ဘယ်လိုမှ ရှင်းမထုတ်နိုင်။ စိတ်က မလုံမလဲဖြစ်နေ၏။

ကိုယ်က တစ်ခါတစ်ရံ မနက်စောစော အိမ်သာထဲဝင်၊ ဗုံးကြဲတဲ့အသံကို သူများကြားမည်စိုး၍ စိတ်ရှိတိုင်း ရှင်းမထုတ်ရဲခြင်းဖြစ်သည်။

မတတ်သာသည့်အဆုံး အိမ်သာထဲမှ ပြန်ထွက်လာကာ ငုတ်တုတ်ကလေး ထိုင်နေသော ထိုကောင်မလေးကို လှည့်မကြည့်တော့ဘဲ အိမ်ပေါ်သို့ ကမန်းကတန်း ပြန်တက်လာလိုက်၏။





အိမ်ပေါ်ရောက်သည်အထိ မိုးညှ စိတ်ထဲ မရှင်း။ ထိုကောင်မလေးက ဘာကြောင့် မနက်စောစောစီးစီး မိုးတောင်မလင်းသေးဘဲနှင့် အမှောင်ထဲမှာ ဘာကြောင့် ထိုင်နေရသနည်း။ '

သူမှာ ဘာအကြောင်းကိစ္စရှိနေ၍ ခုလိုမျိုး တစ်ယောက်တည်း ထိုင်နေရတာလဲ။

အတွေးထဲမှာ မေးခွန်းပေါင်းများစွာကို ဘာသာပြန်မေးရင်း အငိုမျက်ဝန်းဖြင့် မော့ကြည့်လာသော ကောင်မလေးကို မျက်စိထဲ ပြန်၍ မြင်ယောင်လာပြန်သည်။

"ကျွတ် ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့"

ကိုယ့်ဟာကိုယ် မကျေမနပ် ခပ်တိုးတိုး ရေရွတ်ကာ ခြင်ထောင်ထဲ ပြန်ဝင်လိုက်၏။ ကိုယ့်အကျင့်ကလည်း နည်းနည်းမှမကောင်း။ အိပ်ရာထဲရောက်မှ ဗိုက်ကပြန်ပြီး ရစ်၍ နာလာပြန်သည်။

မိုးညှ မထတော့ဘဲ အောင့်အည်းနေလိုက်တော့၏။ ဒါဟာ အခန်းတွဲငှားနေရသည့် ဒုက္ခအသေးအဖွဲလေးတွေပဲ ဖြစ်မည်ဟု မိုးညှ တွေးလိုက်မိ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ပတ်ဝန်းကျင်အသစ်၏ နေခြည်နွေးနွေးကို စတင်ခံလှုံရသည့် နေ့မှို မိုးညှ ဝရန်တာတွင် ထွက်ရပ်ကာ အိမ်နီးချင်းများ၏လှုပ်ရှားမှုနှင့် လမ်းသွားလမ်းလာများကို မျက်နှာမသစ်သေးဘဲ ငေးကြည့်နေမိသည်။

သုံးလေးအိမ်ခြားလောက်မှ မုန့်ဟင်းခါးဆိုင်ကို မိုးညှ အကြည့် ရောက်သွားသည်။ ထိုအကြည့်နှင့်အတူ ဗိုက်ထဲက အချက်ပေးသံ မြည် လာသည်။ မုန့်ဟင်းခါးရနံ့သင်းသင်းလေးက မိုးညှ နှာခေါင်းထဲ တိုးဝင် လာသဖြင့် မိုးညှ ဝရန်တာမှာ ဆက်ရပ်မနေတော့ဘဲ မျက်နှာသစ်ဖို့ အားချင်းလုပ်ရတော့၏။

မျက်နှာသစ်ပြီးတာနှင့် မုန့်ဟင်းခါးသွားတီးဦးမည်ဟု စိတ်ထဲ

ဗျူး၁၁၄၀



မှာ တေးလိုက်ကာ သွားတိုက်ဆေးကို သွားပွတ်တံထဲ ညှစ်ထည့်ပြီး ရေခွက်နှင့် ဆပ်ပြာခွက်ယူကာ နောက်ဖေး ရေဘုံဘိုင်ရှိရာသို့ ခပ်သွက် သွက် ဆင်းလာခဲ့လိုက်၏။

အိမ်နောက်ဖေး လှေကားမှ ဆင်းလာရင်း မနက်က ကောင် မလေးကို ဝင်တိုက်မိသော အဖြစ်ကို ပြန်ပြီး သတိရလိုက်မိသေးသည်။

သို့သော် ထိုအတွေးကို အာရုံထဲမှ ချက်ချင်း ဖျောက်လိုက်ပြီး အုတ်ကန်ထဲမှ ရေကို ခပ်ကာ သွားတိုက်မျက်နှာသစ်ခြင်းအလုပ်ကို ခပ်မြန်မြန် လုပ်လိုက်သည်။

အိမ်ပေါ်ရောက်တာနှင့် ညဝတ်အင်္ကျီ ကပျာကယာလဲပြီး ပိုက်ဆံ အိတ် ခါးကြားထိုးကာ မုန့်ဟင်းခါးဆိုင်သို့ ခပ်သွက်သွက် ဆင်းလာခဲ့ လိုက်၏။

မုန့်ဟင်းခါးဆိုင်ရောက်တော့ လူက စောစောက အပေါ်မှ ကြည့်တုံးကလောက် သိပ်မများတော့။ မုန့်ဟင်းခါးသည် အဒေါ်ကြီးက မိုးညှကို ဖော်ရွေသော အပြုံးဖြင့် မော့ကြည့်ပြီး

"ထိုင် ငါ့တူ၊ ဘာနဲ့စားမလဲ"

မိုးညှ ခွေးချေခုံအပုလေးကို ဆွဲထိုင်လိုက်ပြီး အကြော်ဗန်းကို ငဲ့ကြည့်လိုက်သည်။

"ဘူးသီးကြော် မရှိဘူးလား အန်တီ"

ဗျူး၁၁၄၀

www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ ကုန်သွားတာ ငါ့တူရယ်၊ ပဲကြော်နဲ့ မန္တလေးပဲကြော်ပဲ ကျန်တော့တယ်"

မိုးည ထိုအကြော်နှစ်မျိုးစလုံးကို မကြိုက်။ မိုးည မုန့်ဟင်းခါး စားလျှင် ဘူးသီးကြော် အိုးဘဲဥ၊ ငါးဖယ် ထိုသုံးမျိုးနှင့်မှလွဲ၍ ကျန်သော အကြော်တွေနှင့် လုံးဝမစားတတ်။

"အိုးဘဲဥရောရှိလား အန်တီ"

"အေး ရှိတယ်"

"ဒါဆို အိုးဘဲဥနဲ့ပဲ ထည့်တော့"

အဒေါ်ကြီး ပန်းကန်ထဲကို မုန့်ထည့်နေတုံး မိုးည ရေနွေးပန်းကန်လုံးထဲသို့ ရေနွေးအနည်းငယ် ထည့်ပြီး လက်ကလေးနှင့် ခပ်သာသာ ပွတ်ဆေးလိုက်သည်။ ပြီးနောက် အငွေ့တထောင်းထောင်း ထနေသော ရေနွေးတွေကို ပန်းကန်လုံးထဲငှဲ့ထည့်ထားလိုက်၏။

မိုးညက မုန့်ဟင်းခါးစားလျှင် ရေနွေးသောက်မှ စားတတ်သည်။ မုန့်ဟင်းခါးစား၍ ရေနွေးမပါလျှင် ထိုမုန့်ဟင်းခါး ဘယ်လောက်ကောင်းကောင်း အရသာမရှိသလို စိတ်က ထင်မိ၏။

"ရော့ တူလေး၊ ဟင်းရည်လိုရင်ပြော၊ နံနံပင် ပဲသီး ကြိုက်သလောက် ထည့်စား"

အဒေါ်ကြီး လှမ်းပေးသော အငွေ့တထောင်းထောင်းနှင့် မွှေး



ကြိုက်နေသော မုန့်ဟင်းခါးပန်းကန်ကို လှမ်းယူလိုက်သည်။ ထို့နောက် နံနံပင်နှင့်အတူ တွဲထည့်ထားသော ပဲသီးစိတ်ကလေးတွေကို ယူပြီး မုန့်ဟင်းခါးပန်းကန်ထဲ ဖြူးလိုက်သည်။

ပြီးနောက် မုန့်ဟင်းခါးကို အသေအချာ အရသာခံရာ တစ်ဇွန်းချင်း ဖိမ်နှင့်စားနေတော့၏။

မုန့်ဟင်းခါးသည် အဒေါ်ကြီး မုန့်ဖတ်ထည့်ထားသော ဇန်းကို သက် ယပ်ခပ်ရင်း မိုးညကို မျက်နှာသစ်မှိုထင်သည် အသေအချာ အကဲခတ်နေ၏။

"ဟား မိုးညတို့က တယ်လည်း ဝီရိယကောင်းနေပါလား"

ကိုယဉ်ကျေး စပ်ဖြီးဖြီး မျက်နှာဖြင့် အနားရောက်လာသည်။

"လာ ကိုယဉ်ကျေး ထိုင်"

"မင်း မထိုင်ခိုင်းလည်း ငါကထိုင်ပြီးသားမောင်၊ မနက်မိုးလင်း ချင်း ငါ့မှာ ဒေါ်ညိုကြီးမုန့်ဟင်းခါးကိုမှ မစားရရင် အဲဒီနေ့ တစ်နေ့လုံး ထဲမှာ ဗိုးသိုးဖတ်သတ်နဲ့ နေလို့ကို မရတော့ဘူး၊ ဟုတ်တယ် မဟုတ် ဘူး ဒေါ်ညိုကြီး"

"ဟုတ်ပါ့တော် ဒီကလည်း ယဉ်ကျေးကိုမှ မုန့်ဟင်းခါး မရောင်း ထိုက်ရတဲ့နေ့ဆိုရင် နေမထိ ထိုင်မသာကို ဖြစ်လို့"

ရောင်းသူနှင့်ဝယ်သူ အတိုင်အဖောက်ညီနေကြသဖြင့် မိုးည

www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်သည်။

"ကဲ ကိုရွှေယဉ်ကျေး ထုံးစံအတိုင်း မန္တလေးပဲကြော်နဲ့ပဲ မဟုတ်လား"

"ဟုတ်တာပေါ့ဗျာ၊ အဲ ဒါနဲ့ ဒေါ်ညိုနဲ့မိတ်ဆက်ပေးရဦးမယ်၊ ဒါ မနေ့ကမှ ဦးအုံ့မွှယ်တို့ အိမ်အပေါ်ထပ်ကို ပြောင်းလာတဲ့ စာရေးဆရာလေ"

မိုးညှ မုန့်ဟင်းခါးသည် ဒေါ်ညိုကို ရေနွေးသောက်နေရင်းမှ ခေါင်းကို ဆတ်ခနဲ ညိတ်ပြီး ပြုံးပြလိုက်သည်။

"ဩော် စာရေးဆရာလေးလား အင်း ပုံစံလေးက နုဖတ်ချောမောနေတော့ ကိုယ့်စိတ်ထဲ အလုပ်ကြမ်းသမားတော့ မဟုတ်နိုင်လောက်ဘူးလို့ ထင်တော့ ထင်သား"

ဒေါ်ညိုတို့စတင်ပြီး မြှောက်ပြောတော့၏။ မိုးညှ ပေါ်တင်ကြီးမြှောက်နေသော ဒေါ်ညို့ကို ရှက်ကျဲကျဲလေး ရယ်ပြလိုက်ပြီး

"စိတ်ချပါ အန်တီရာ၊ ကျွန်တော် အန်တီ့မုန့်ဟင်းခါးကို နေ့တိုင်း အားပေးမှာပါ"

မိုးညှ ပြန်၍ နောက်လိုက်သည်။ ကိုယဉ်ကျေးက ဒေါ်ညို့ကို ကြည့်ပြီး ခပ်မဲ့မဲ့လေး ရယ်လိုက်ပြီး

"ဘာလဲ ခင်ဗျား သမီးနဲ့မှန်းနေပြီမဟုတ်လား ဒေါ်ညို"





"ဟယ် ယဉ်ကျေး နင် ဘာတွေလျှောက်ပြောနေတာလဲ၊ ဆရာလေးကို အားနာစရာဟာယ်"

ဒေါ်ညို ချက်ချင်းပင် မိုးညှကို ဆရာလေးဟု ပြောင်းခေါ်သဖြင့် ညှ မျက်စိထဲ မယ်သီလရှင်ကို မဆီမဆိုင်ပင် ပြေးမြင်လိုက်မိသေး၏။

"ဆရာလေးက ဘယ်လိုင်းရေးတာလဲ၊ ဘာသာပြန်လား စုံထောက်လား၊ အချစ်လား ဟာသလား"

"အဲ ဟာသပါ၊ တစ်ခါတစ်ရံ အချစ်ဝတ္ထုတွေလည်း ရေးဖြစ်ပါတယ်"

"ကလောင်နာမည်ကရော"

"ရှဲဒိုးပါ"

"ဩော် ရှဲဒိုးတဲ့လား၊ အင်း ကြားဖူးတယ်၊ ကြားဖူးတယ် အိမ်ကသမီးတွေက စာအုပ်ဆိုင်ကနေ ဝတ္ထုတွေ ငှားငှားဖတ်နေတော့ မြင်ဖူးနေတယ်"

ဒေါ်ညိုကြီး စကားကြောင့် မိုးညှ မုန့်ဟင်းခါးစားနေရင်းမှ ငုံသွားသည်။ ကိုယ်ပြောတာက တခြားစာရေးဆရာတွေကို ကိုယ့်နာမည် မဟုတ်ဘဲ ရေးပေးတဲ့ ရှဲဒိုးကိုပြောတာ။ ဒေါ်ညို သိသောပေါက်သွားတာက ကလောင်နာမည် ကိုရှဲဒိုးဟု သဘောပေါက်သွားကာ စာပေလောကမှာ မရှိသော ထိုကလောင်နာမည်ကို ကြားဖူးတယ်ချည်း ဖွတ်



www.burmeseclassic.com

www.burmeseclassic.com

ရှိုးနေ၍ ရယ်တော့ ရယ်ချင်မိသည်။

ဘာပဲဖြစ်ဖြစ် မိုးညှ ထိုပတ်ဝန်းကျင်အသစ်ကလေးနှင့် ရင်းနှီးနွေးထွေးသွားသည်ဆိုတာကိုတော့ သဘောကျလက်ခံပါသည်။

ဝတ္ထုကုန်ကြမ်းတွေ ရတာပေါ့။

■ ■ ■



## အခန်း (၆)

"အံမယ် အံမယ် ကောင်မလေးနဲ့ ဖုန်းပြောပြီးသွားလို့ သတိရသွားတယ် ထင်တယ်၊ တစ်ကိုယ်လုံးကို ပျော့ခွေသွားတာပဲ"

အမေနှင့်ဖုန်းပြောအပြီး ကုလားထိုင်ပေါ် စိတ်ပျက်လက်ပျက်ရှင်း ထိုင်ချလိုက်သော မိုးညှ ကိုယဉ်ကျေး၏အသံကြောင့် ကိုယ်ကိုဆတ်ခနဲ မတ်လိုက်သည်။

"ကြော် ကိုယဉ်ကျေး လာ"

အိမ်ပေါက်ဝတွင် မတ်တပ်ရပ်နေသော ကိုယဉ်ကျေးကို အိမ်အဝင်ဖို့ ခေါ်လိုက်သည်။ ကိုယဉ်ကျေးနောက်မှ လူငယ်ချာတိတ်ကလေးနှစ်ယောက် လိုက်ဝင်လာသဖြင့် ထိုလူငယ်လေးနှစ်ယောက်ကို အပြုံးဖြင့်ခေါင်းဆတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကွာ မင်းနဲ့ခင်ချင်လို့ဆိုပြီး ငါ့ကို ဂျီလာကျနေတဲ့ကောင်တွေ၊ မင်းဆီခေါ်လာတာ"

"လာ ထိုင် ညီလေးတို့"

မိုးညှ ဖော်ရွေနွေးထွေးစွာ ဆက်ဆံလိုက်သည်။ ထိုကောင်လေးနှစ်ယောက် ဆက်တီခုံပေါ်မှာ ခပ်ရှိန့်ရှိန့်ဝင်ထိုင်လိုက်ကြသည်။

"ဒီကောင့်နာမည်က အောင်ရဲ၊ ဟိုတကောင်က စပ်ဖြိုးဖြိုးကောင်ကစိုးဂေါင်း၊ ဒီကောင်တွေက စာကျပိုးတွေ၊ ငါတို့လမ်းထဲကို မင်းလို စာရေးဆရာတစ်ယောက် ပြောင်းလာတာကို သဘောကျနေတဲ့ကောင်တွေ"

ကိုယည်ကျေး စကားကြောင့် ထိုချာတိတ်နှစ်ယောက်ကို ခေါင်းတဆတ်ဆတ် ညိတ်ပြီးကြသည်ကာ

"ငါ့ညီတို့က စာဖတ်ဝါသနာအိုးတွေဆိုတော့ အစ်ကို့ဆီမှာ စာအုပ်တွေရှိတယ်၊ လာဖတ်ကြပေါ့၊ အဲ အိမ်ကိုတော့ ပေးမငှားဘူး။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ကိုငှားလိုက်ရင် အစ်ကို့စာအုပ်တွေက ပျောက်ပျောက်ကုန်လို့၊ စာအုပ်ဖတ်ချင်တဲ့သူတွေဆို အိမ်မှာပဲ ဖတ်ခွင့်ပေးတော့တယ်"

"ဟုတ် ကျွန်တော်တို့ကလည်း အစ်ကို့အိမ်မှာပဲ လာဖတ်မှာ စိတ်ချ၊ အိမ်မှာ ယူဖတ်ရင် စာအုပ်တစ်အုပ်ကို ဘယ်တော့မှ ဇိမ်နဲ့မဖတ်ရဘူး။ မားသားကြီးတွေက ကျွန်တော်တို့ကို ယောက်ျားပျင်း ကျောင်း





ဆိုပြီး ရေလည်ပွားတော့တာပဲ အစ်ကိုရော၊ အမှန်တော့ ကျွန်တော်တို့လို ဗဟုသုတ ဆာလောင်နေတဲ့ လူငယ်တွေ စာဖတ်တာ အပြစ်မှမဟုတ်တာ အစ်ကိုရော၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တာပေါ့ ငါ့ညီပြောတာ မှန်တယ်၊ ဗဟုသုတတွေ ပေါက်ကွဲနေတဲ့ ဒီနေ့ခေတ်ကြီးမှာ ညီတို့လို လူငယ်စာဖတ်ဝါသနာရှင်တွေ အများကြီးရှိသင့်နေတာ၊ ဒါမှလည်း အစ်ကိုတို့နိုင်ငံကြီး မြန်မြန်ဆန်ဆန် တိုးတက်လာမှာပေါ့၊ ခုဆို ဗဟုသုတအမျိုးမျိုးအဖုံဖုံက လူတန်းစားမျိုးစုံထဲမှာ ကွန်ယက်ဖြန့်လာပြီ၊ ဒါကို လူငယ်တွေက ယူတတ်ရမယ်၊ ဟိုးတုန်းကဆို ဆယ်နှစ်၊ ဆယ့်ငါးနှစ်လောက် အချိန်ပေးပြီး ရှာဖွေခဲ့ရတဲ့ ဗဟုသုတတွေကို ခုဆို သုံးလေးလအတွင်း တွေ့ရှိနေကြပြီ၊ နိုင်ငံခုအခါက ဗဟုသုတ ပွဲတင်သံကြီးက အစ်ကိုတို့နိုင်ငံကို မြည်ဟီးရိုက်ခတ်နေတယ်၊ ဒါကို အစ်ကိုတို့နိုင်ငံက မြန်မာလူငယ်တွေ ယူတတ်ဖို့ပဲ လိုတယ်၊ အဲ ယူတဲ့နေရာမှာလည်း အကောင်းအကျိုး အဆိုးအပြစ်ဆိုတာကိုတော့ ခွဲခြားတတ်ရမှာပေါ့လေ"

"ဟုတ်တယ် မိုးညှ ပြောတာကို ငါ လက်ခံတယ်၊ မင်းပြောသလို နိုင်ငံတကာက တိုးတက်နေတဲ့ ခေတ်မီဗဟုသုတတွေက တို့နိုင်ငံထဲကို ဘက်ပေါင်းစုံက ရှုထောင့်ပေါင်းစုံက စီမံဝင်လာနေကြတယ်၊ ဒါကို လူငယ်တွေက ယူသင့်တာကို မယူဘဲ မယူသင့်တဲ့အရာတွေကြ



www.burmeseclassic.com

www.burmeseclassic.com



တော့ အတုနိုးတယ်ကွာ၊ အထူးသဖြင့် ငါတို့ မြန်မာမိန်းကလေးတွေ တော်တော်လေးကို ရုပ်ပျက်ဆင်းပျက်နိုင်နေကြတယ်ကွ၊ မြို့ထဲမှာ ထွက်သွားလိုက်ရင်ကွာ နွေခေါင်ခေါင် မိုးကြိုးပစ်သလို လျှပ်စီးတွေ့က မိန်းကလေးတွေရဲ့ခန္ဓာကိုယ်ကနေ လက်ခနဲ လက်ခနဲ ငါတို့ရင်တွေဆို ဖိုးသိုးဖတ်သတ်နဲ့ ကြည့်လို့တော့ ကောင်းသားကွ''

''ဟား ဟား ဒါကြောင့် ကိုယဉ်ကျေးကြီး မြို့ထဲကို တစ်ပတ်တစ်ခါလောက် အကြောင်းမရှိဘဲ ထွက်နေတာမဟုတ်လား''

''အယ် ဒါကတော့ကွာ လူဆိုတာ အိမ်ထဲမှာပဲနေပြီး ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့မှ မရတာ၊ အပြင်ဗဟုသုတလေး ဘာလေးတော့ ရှာမှီးရဦးမှာပေါ့ကွ''

''ဟား ဟား လူကြားကောင်းအောင် အပြင်ဗဟုသုတ ရှာတယ်လို့ ပြောနေတာ အစ်ကိုရ၊ ကိုယဉ်ကျေးကြီး မြို့ထဲထွက်ပြီး ဘာလုပ်တယ်ဆိုတာ ကျွန်တော် သိတယ် အစ်ကိုရ''

စိုးလင်း စကားကြောင့် ကိုယဉ်ကျေး မျက်မှန်ကြီးပင့်တင်ကာ စိုးလင်းကို ပြုံးကြည့်ပြီး

''ဟော့ကောင် ဘာတွေပေါက်ကရ လျှောက်ဖွဦးမလို့လဲ''

ကိုယဉ်ကျေး ဟန့်လိုက်ပေမယ့် စိုးလင်းက တဟားဟားဖြင့် ရယ်ရင်း

ဗျူး၁၁၆၀



''ဖွတာ မဟုတ်ဘူး အစ်ကို့ကို ကျွန်တော်က ကုန်ကြမ်းပေးမလို့''

''ဟ လုပ်စမ်းပါဦး၊ ဘာကုန်ကြမ်းလဲ''

''ဒီလို အစ်ကိုရ၊ စိုးလင်း ဖွရင် အဲ ကုန်ကြမ်းပေးရင် ပြည့်စုံမှာမဟုတ်ဘူး၊ ကျွန်တော် ပြောပြမယ်''

အောင်ရဲက ကြားဖြတ်ဝင်ပြော၏။

''ကိုယဉ်ကျေးကြီး မြို့ထဲထွက်ရင် သူ့လွယ်အိတ်ထဲမှာ ကင်မရာအသေးလေးတစ်လုံး ပါတယ်၊ မှန်ဘီလူးပါတယ်''

မိုးညှ အောင်ရဲစကားကြောင့် ကိုယဉ်ကျေးကို လှမ်းကြည့်လိုက်ပြီး

''ဘာလုပ်တာလဲ၊ မှန်ဘီလူးက''

မိုးညှအမေးကို ကိုယဉ်ကျေး သွားဖြဲလေးဖြင့် ရယ်ကာ

''အဟဲ ဘာ ဘာရယ်မဟုတ်ပါဘူးကွာ၊ ဟိုနားဒီနား စိတ်ဝင်စားစရာလေးတွေ တွေ့ရင် မှန်ဘီလူးနဲ့ကြည့်ရှုံသက်သက်ပါ''

''အဲဒီ စိတ်ဝင်စားစရာလေးတွေက ပန်းခြံမှာ ထိုင်နေတဲ့ အတွဲတွေ မဟုတ်လား''

စိုးလင်း ဝင်ထောက်လိုက်သဖြင့် ကိုယဉ်ကျေး တဟီးဟီးဖြင့် ရယ်၏။ ပြီးနောက် အောင်ရဲနှင့် စိုးလင်းကို ပါးစပ်မှ ပွစိပွစိလုပ်ပြီး

ဗျူး၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



အသံတိတ် ဆဲလိုက်သည်။

"မင်းတို့ကောင်တွေ ငါ့ကို အတော်လေး မျက်မုန်းကျိုးနေကြတယ် ဟုတ်လား။ ငါ အတွဲလိုက်ချောင်းတာ ဘာဖြစ်လဲ၊ လူဆိုတာ သူ့ဝါသနာနဲ့သူကွ မင်းတို့လည်း မင်းတို့ဝါသနာနဲ့ မင်းတို့ ငါလည်း ငါ့ဝါသနာနဲ့ငါ မှတ်ထား။ လူ့ဘဝဆိုတာ တကယ် တိုတိုလေးကွ၊ ဒါကြောင့် လူဖြစ်တဲ့အခိုက်မှာ ကိုယ့် ဝါသနာပါရာကို စိတ်ထဲရှိတိုင်း လုပ်တာ ဘာဖြစ်လဲ၊ ဒါမှ အသက်ရှည်မှာကွ"

ကိုယဉ်ကျေး လေကြီးမိုးကြီး စကားတွေဖြင့် အရှက်ပြေ ပြောဏ်။ မိုးညှ သဘောကျစွာဖြင့် တဟားဟား ရယ်လိုက်သည်။

■ ■ ■



အခန်း (၇)

လှသံတွေ တိတ်ဆိတ်ပြီး ခပ်စိမ့်စိမ့် အအေးဓာတ်ကလေး စီးဝင်နေသည့် ညဦးယံမှာ မိုးညှ အတွေးတွေကောင်းနေဆဲ။ အရေးတွေကောင်းနေဆဲ။

စာရေးဆရာ ဆိုသည်ကလည်း ညဘက် လူခြေတိတ်ချိန်ကျမှ စာရေးရတာ ဈာန်ဝင်သည်ဆိုသည့် ရှေးစာပေပညာရှင်ကြီးတွေ လက်သုံးစကားအရ မိုးညှသည်လည်း ညဘက်ကျမှ တပို၍ ရေးကောင်းသည်။

တစ်ခါတစ်ရံ မိုးလင်းလို့ လင်းမှန်းတောင် မသိလောက်အောင် အလုပ်ထဲ စိတ်နှစ်ပစ်လိုက်သည့်နေ့တွေလည်း မကြာမကြာ ရှိတတ်သေးသည်။

"ဖြန်း ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com



တဖြိုင်ဖြိုင်အသံနှင့်အတူ မိန်းကလေးတစ်ယောက်၏ ငိုရှိုက်သံက မိုးညှ အကြားအာရုံထဲသို့ တိုးဝင်လာသည်။ ရုတ်တရက် ထိုအသံကြောင့် အတွေးတို့ ပျက်သွားကာ ထိုအသံလာရာကို နားစွင့်လိုက်သည်။

တဖြုန်းဖြုန်း အသံမကြားရတော့ပေမယ့် ငိုရှိုက်သံ တအင့်အင့်ကတော့ ကြားနေရဆဲ။

မိုးညှ အိမ်ရှေ့ဝရန်တာရှိရာသို့ ထွက်ခဲ့လိုက်၏။ ည လူခြေတိတ်မှ လမ်းသွားလမ်းလာတွေ အိမ်ရှေ့မှာ ဘာများပြဿနာတက်သလဲဟူသော သိချင်စိတ်ဖြင့် အပြင်ဘက်ကို ငေးကြည့်လိုက်သည်။

လမ်းကလေးသည် ဓာတ်မီးတိုင်၏အလင်းရောင်တွေအောက်မှာ အေးအေးဆေးဆေး အိပ်မောကျနေ၏။

မိုးညှ အိမ်ထဲပြန်ဝင်လာလိုက်သည်။ နာရီကိုကြည့်လိုက်တော့ ည နှစ်နာရီပင် ရှိနေပြီ။ စာလည်း ဆက်မရေးချင်တော့သဖြင့် အိပ်ရာထဲသာ ဝင်ခဲ့လိုက်တော့၏။

အိပ်ရာထဲရောက်သည်အထိ တအီးအီး ငိုရှိုက်သံက ကြားနေရဆဲ။ ထို့နောက် စကားပြောသံသဲ့သဲ့ကိုပါ ကြားနေရသည်။

ကြမ်းပြင်နှင့်ခေါင်းအုံး ကပ်နေသဖြင့် အောက်ထပ်က လင်မယား ညသန်းခေါင်မှ ရန်ဖြစ်ကြသည်ဟု စိတ်ထဲက တွေးပြီး မျက်လုံးတွေကို ဖွတ်မှိတ်ပြီး အိပ်ပစ်လိုက်သည်.





"ကောင်မ နင် ခုချက်ချင်း အိမ်ပေါ်ကဆင်းနော်၊ နင့်မျက်နှာကို ငါ မကြည့်ချင်ဘူး"

ယောက်ျားသံတစ်သံကို ပီပီသသ ကြားလိုက်ရသဖြင့် မိုးညှ မှိတ်ထားသည့်မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာသည်။

"ဖြူ ဖြူ တောင်းပန်ပါတယ် အစ်ကိုကြီးရယ်၊ ဖြူ့ကို တခြားလူဆီကို မလွှတ်ပါနဲ့၊ ဖြူ့ဘဝကို သနားပါ၊ ဖြူ့ဘဝအမှန်ကို မသိသေးသ၍ ဒီမှာပဲ နေပါရစေ"

"တောက် နင်က ငါ့ဆီမှာ နေတော့ရော ဘာများ တာဝန်ကျေလို့လဲ၊ စက်ရုပ်တစ်ရုပ် ခေါ်ထားရင်တောင် အဲဒီစက်ရုပ်မက ငါ့ကို သာယာမှုတွေ ပေးချင်ပေးဦးမယ်"

မိုးညှ ခေါင်းအုံးနှင့်ထိထားသော ခေါင်းမှာ ဆတ်ခနဲ ထောင်လာသည်။

ဘာလဲဟ ညအချိန်မတော်ကြီးကျမှ ဘာအကြောင်းကြောင့်များ စကားတွေ အခြေအတင် ပြောနေရပါလိမ့်ဟု သိချင်စိတ်တွေက ရင်ထဲအလုံးလိုက် ဝင်လာသဖြင့် ခေါင်းကို ခြင်ထောင်အပြင်သို့ ပြူထွက်လိုက်သည်။

"ဖြူ့ကို အစ်ကိုကြီး ပိုင်တာပဲ၊ အစ်ကိုကြီး စိတ်တိုင်းကျ ကျွန်တစ်ပါးလို ပြုစုပေးနေတာနဲ့တောင် မလုံလောက်သေးဘူးလား အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးရယ်''

"ဘာ နင်က ငါ့ကို ပြန်ပြီးပြောတယ် ဟုတ်လား။ နင့်လို လူ သေကောင်နဲ့မခြားတဲ့မိန်းမကို ငါက အိမ်မှာအလကား ထင်မကျွေးနိုင်ဘူး။ ဒီတော့ ငါ့မိတ်ဆွေတွေဆီမှာ နင် တစ်ညဆီသွားနေရမယ်၊ ဒါ ငါ့အမိန့်''

မိုးညှ မျက်လုံးပြူးသွားသည်။ ဒီလိုကိစ္စမျိုး မိုးညှ တစ်သက်မှာ တစ်ခါမှ မကြုံဖူး မကြားဖူး။ ဘယ်လို လင်မယားလဲ။ တစ်နေကုန် အမြဲတမ်း ငြိမ်သက်နေသော အခန်းက ညဘက်ကျမှ ပြဿနာခပ်ကြိတ်ကြိတ် တက်သည်။ အကြောင်းအရင်းက ဘာလဲဆိုတာကို မိုးညှ သိချင်စိတ် ပြင်းပြလာသည်။

"သွား ကောင်မ ထ ငါကိုယ်တိုင် လိုက်ပို့မယ်''

မိုးညှ ကိုယ်တစ်ပိုင်းကိုပါ ခြင်ထောင်ထဲက ထွက်စေလိုက်ပြီး အောက်ထပ်ကို ကြည့်လို့ရနိုင်မည့်အပေါက် တစ်ပေါက်တွေ့လိုတွေ့ငြား ရှာကြည့်လိုက်သည်။

သိပ်မရှာလိုက်ရ။ မိုးညှ အိပ်ရန်ခင်းထားသည့် ပလတ်စတစ်ဖျာ၏ အောက်နားတွင် မတ်စေ့တစ်ပိုင်းစာလောက်ရှိသည့် အပေါက်ငယ်ကို တွေ့ရှိသွား၏။

မိုးညှ ထိုအပေါက်ငယ်မှ အောက်ဘက်ကို ချောင်းကြည့်လိုက်





သည်။

တသိမ့်သိမ့် ရှိုက်ငိုနေသော ကောင်မလေးကို အပေါ်စီးတည့်တည့်မှ မြင်လိုက်ရ၏။ ရုပ်ရည်ခပ်ကြမ်းကြမ်း လူကြီးတစ်ယောက်က အပေါ်ပိုင်းအကျီဗလာဖြင့် ခုတင်စွန်းတွင် ခြေချိတ်၍ ထိုင်နေသည်။ သူ့ပုံစံက ထိုမိန်းကလေးအပေါ်မှာ အတော်လေးကို ဒေါသထွက်ပြီး အမြင်မကြည်လင်ပုံလည်း ရသည်။

မိုးညှ အသက်ပင် ပြင်းပြင်းမရှူရဲ။ မိန်းကလေး၏မျက်နှာကို သည်းကွဲစွာ မမြင်ရပေမယ့် ထိုမိန်းကလေးအပေါ် ဘာကြောင့်များ သနားသွားမိသည် မသိ။

ထိုလူကြီး၏လူမဆန်သော အပြောအဆိုတွေကြောင့် ထိုလူကြီး၏မျက်ခွက်ကို လက်သီးနှင့် တခွပ်ခွပ် ထိုးချင်စိတ် ပြင်းပြသွားရ၏။

"ငါ အခု ငွေလိုနေတယ် နင်သိလား မိဖြူ၊ ဂျင်ဝိုင်းမှာ ရှုံးထားတဲ့ပိုက်ဆံတွေကို ဒီတစ်ပတ်အတွင်း ငါ ပြန်ဆပ်ရမှာ၊ ဒါကြောင့် နင့်ကို ငါ့ဘော်ဒါတစ်ယောက်ဆီကို မဖြစ်မနေ လွှတ်ရတာပါဟာ၊ ငါ့ဘော်ဒါဆီ နင် ဒီတစ်ညလောက်သွားရင် သူက အဲဒီအကြွေးတွေကို လျှော်ပစ်လိုက်မှာ၊ ငါပြောတာကို နားထောင်စမ်းပါ''

ချော့တစ်ခါ ခြောက်တစ်လှည့် သိမ်းသွင်းနေပေမယ့် ကောင်မလေး ဘက်က ခေါင်းကို တသွင်သွင် ခါရမ်းဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မသွားဘူး လုံးဝမသွားဘူး"

"ဘာ ကောင်မ၊ ငါ ဒီလောက် ချော့ပြောနေတာကို ငါ့ကို ငြင်းနေသေးတယ် ဟုတ်လား။ နင်က ဘယ်အကောင်အားကိုးနဲ့ ငါ့ကို အာခံတာလဲ ဟမ် ကောင်မ"

အခြေအနေက ပြန်၍ တင်းမာသွားပြန်သည်။ ကောင်မလေး ဘာမှပြန်မပြောဘဲ တသိမ့်သိမ့် ရှိုက်ငိုနေဆဲ။

မိုးညှ ကြမ်းပေါက်ကို မှောက်ခုံကြီး ချောင်းကြည့်နေရာမှ လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

ထိုကောင်မလေးသာ ခုချိန်မှာ မိုးညှနှင့်အွေမျိုးတော်ကြည့်လိုက် ခုချက်ချင်း ဝုန်းဒိုင်းကြဲ ဆင်းသွားပြီး ထိုလူကြီး၏မျက်ခွက်ကို နောက်စေ့ ကျွံသည်အထိ တခွပ်ခွပ်ထိုးမိမည်မှာ မလွဲ။

ထို့နောက် ဆက်မကြည့်တော့ဘဲ အိပ်ရာထဲ ပြန်ဝင်ကာ နား နှစ်ဖက်ကို ခေါင်းအုံးဖြင့် ဖိအုပ်ထားလိုက်မိ၏။

ရင်ထဲမှာလည်း တစ်စုံတစ်ဦးကို သတိရသွားမိကာ သက်ပြင်း မောကို ခပ်ပြင်းပြင်းချကာ မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်သည်။

■ ■ ■

ဗျူး၁၁၀၀

## အခန်း (၈)

မနက်ရောက်သည်နှင့် ညကကိစ္စကို ကိုယဉ်ကျေးကို ပြန်၍ ...က်သည်ချလိုက်သည်။

"ဒီလူက အဲဒီလိုပဲကွ၊ အရမ်းယုတ်မာတယ်၊ ကောင်မလေးကို ...ည်း အရမ်းနှိပ်စက်တယ်၊ ကောင်မလေးခမျာမှာ သူ့ အနှိပ်စက်ကို ...တ်တော်လေး ခံရရှာတာ"

"အေးဗျာ ကျွန်တော် ညက ကြားလိုက်ရတဲ့စကားတွေက ...တ်ရုံလူမှာမရှိတဲ့ ယုတ်မာမှုမျိုးတွေဗျာ၊ ဒါနဲ့များ ဒီကောင်မလေးက ...ူကို ပေါင်းသင်းနေသေးတယ်၊ တစ်ခါတည်း တရားဝင်ကွာရှင်းလိုက် ...ို"

မိုးညှ ကောင်မလေးဘက်က မခံချိမခံသာ ဝင်ပြောမိ၏။ ကိုယဉ် ...ူ့ မိုးညှ ဒေါသဖြစ်နေပုံကိုကြည့်ပြီး အဓိပ္ပာယ်ပါပါ ပြုံးသည်။

ဗျူး၁၁၀၀

www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့ကိုမြင်ဖူးတယ် မဟုတ်လား"

"သေသေချာချာတော့ မမြင်ဖူးဘူးဗျ၊ တစ်ခါ မနက်အစော ကြီး ဝေလီဝေလင်း ကျွန်တော် အိမ်သာထသွားတုံး သူ နောက်ဖေးအုတ် ကန်ဘောင်မှာ ထိုင်နေတာကို ကျွန်တော် မမြင်ဘဲ ဝင်တိုက်မိတယ်၊ အဲဒီတုံးက မှောင်နေတော့ သေသေချာချာ သဲသဲကွဲကွဲလည်း မမြင်ရ ပါဘူး၊ ဘာဖြစ်လို့မေးတာလဲ ကိုယဉ်ကျေး"

"ဘာရယ်တော့ မဟုတ်ပါဘူး၊ ကောင်မလေးက တော်တော် လေး လှတယ်ကွာ၊ ဒီလူနဲ့တောင် ဘယ်လိုမှ မလိုက်ဖက်ဘူး၊ ငါ့စိတ်ထင် ကောင်မလေးမှာ တစ်ခုခု အားနည်းချက်ရှိလို့သာလျှင် ဒီလို လူ့ဘီလူး ကြီးကို မချစ်သော်လည်း အောင့်ကာနမ်းဆိုသလိုပုံစံမျိုးနဲ့ ဒီလူကြီး အကြိုက် လိုက်နေရတာဖြစ်မယ်"

ကိုယဉ်ကျေး ပြောတော့မှ ညက ငိုသံနှောသောအသံဖြင့် ပြော နေသော ကောင်မလေး၏စကားအချို့ နားထဲပြန်ဝင်လာသည်။ ဘာတဲ့ ဖြူ့ဘဝအမှန်ကို မသိသေးသ၍ ဒီမှာနေပါရစေဆိုလား ဘာလား။

သို့သော် ထိုအကြောင်းအရာကိုတော့ ကိုယဉ်ကျေးကို ပြောပြ မနေတော့။ သူမျှားအတွင်းရေးကို အသေးစိတ်လိုက်ပြောနေလျှင် ယောက်ျားတန်မဲ့ အတင်းပြောရာကျသွားဦးမည်။ ဒီတော့ ဆက်ပြီး မဆွေးနွေးလိုတော့၍ အေးစက်စပြုနေပြီဖြစ်သော လက်ဖက်ရည်ခွက်ကို





…တာ မော့လိုက်သည်။

"ဒါနဲ့ မင်းကိုကြည့်ရတာ ခုတလော အပြင်ကိုချည်း ထွက် …နေတယ်၊ ဘာဖြစ်လို့လဲ၊ အလုပ်ကိစ္စလား"

"အလုပ်ကိစ္စတော့ မဟုတ်ဘူး ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု …ဗျ"

မိုးညှ ကိုယ့်အဖြစ်ကိုကိုယ် သတိရသွားပြီး သက်ပြင်းခပ်ဖွဖွ …ချလိုက်သည်။

"လူတစ်ယောက်မှာ အပူသောက တစ်မျိုးရှိတယ်ဆိုတာ သိပ် …န်တယ် ကိုယဉ်ကျေးရာ"

"ဒါပေါ့ကွာ ဒီခန္ဓာရှိမှတော့ လောဘ ဒေါသ မောဟဆိုတဲ့ …သုံးမီး တောက်လောင်ပြီး ဒီမီးတွေ တောက်လောင်မှတော့ အပူသော …ဆိုတာလည်း ရှိလာတာပဲ၊ ဒါ ဘာဆန်းလဲကွ၊ ငါ့မှာလည်း အပူ သောကရှိတယ်ကွ၊ ငါ့အပူသောကက ဘာလဲဆိုတော့ ခုချိန်ထိ လူပျိုကြီး …ဘဝက မကျွတ်သေးလို့ ခုတော့ ချိန်ပါလူပျိုကြီးဖြစ်ပြီး သိပ်မကြာခင် …ခေါင်းမွေးတောင် ဖြူလာတော့မယ်"

"ဘာလဲ ခင်ဗျား ချိန်လိုက်တဲ့ မိန်းကလေးတွေ သူများနောက် …ကုန်လို့လား"

မိုးည၏စကားကြောင့် ကိုယဉ်ကျေး စားပွဲခုံကို လက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြန်းခနဲပုတ်ပြီး အားရပါးရ ထောက်ခံ၏။

"ဟာ မှန်လိုက်လေ စာရေးဆရာရယ်၊ ဒါကြောင့် ငါ့မှာ လူမသိသူမသိ အပူမီးနေတာကွ၊ ဒါတောင် မင်းကိုခင်လွန်းလို့ ငါ့လျှို့ဝှက်ချက်ကို ပြောပြရတာ၊ တော်ရုံလူဆို မပြောဘူး"

"ကျွန်တော်က ခင်ဗျားထက် ဆိုးပါတယ်ဗျာ"

"ဟေ မင်းက ငါ့ထက်ဆိုးတယ် ဟုတ်လား"

"ဟုတ်တယ် အခု ကျွန်တော် ရန်ကုန်ကို လာတာ စာရေးဖို့သက်သက်ဆိုတာထက် လူပျောက်လာရှာတာဗျ"

ကိုယဉ်ကျေး မျက်လုံးအစုံ ပြူးဝိုင်းကာ မိုးညစကားကို စိတ်ဝင်စားသွား၏။

"လူပျောက်လာရှာတာ ဟုတ်လား"

"ဟုတ်တယ် ကျွန်တော်နဲ့ လူကြီးချင်း စေ့စပ်ထားတဲ့ မိန်းကလေး မြို့ကို ဘုရားဖူးထွက်လာတာ လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ပျောက်သွားလို့"

"ဟေ"

"ဟုတ်တယ် သူ့သူငယ်ချင်းတွေနဲ့ လိုက်လာတာ၊ သူ့သူငယ်ချင်းတွေက ဒဏ်ရာကိုယ်စီရကြတယ်၊ ကျွန်တော်နဲ့စေ့စပ်ထားတဲ့ ကောင်မလေး ကတော့ ကားအက်ဆီးဒင့်ဖြစ်တဲ့နေရာမှာ ရှိမနေဘူး။ ဘယ်





ရောက်သွားမှန်းကို မသိတာ၊ ခုချိန်ထိကို လုံးဝပျောက်သွားတာ"

"သေများသွားလားမှ မသိတာကွာ"

"သေသွားတယ်ဆိုရင်လည်း အလောင်းကိုတော့ ရှာတွေ့ရမှာပေါ့၊ သူ့သူငယ်ချင်းတွေလည်း ဒဏ်ရာကြောင့် ဆေးရုံမှာ ဆေးကုသမှုခံယူကြရသေးတာ"

"သူ့အိမ်ကိုလည်း ရောက်မလာဘူးလား"

"ပြန်ရောက်မလာဘူး။ သူ့မိဘတွေကလည်း လူပျောက်ကြော်ငြာထည့်ပါတယ်၊ ဒါပေမဲ့ ဘာမှအကြောင်းထူးမလာဘူး"

"ဟာကွာ စိတ်မကောင်းလိုက်တာ၊ ဒါကြောင့် မင်းက ရန်ကုန်ကို ထွက်လာတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ကိုယဉ်ကျေး၊ ကျွန်တော့်စိတ်ထင် သူဟာ လူ့လောကကြီးထဲမှာ ရှိနေဦးမယ်လို့ ထင်တယ်ဗျာ၊ သူ့ကိုလူကြီးချင်း သဘောတူလို့ လက်ခံလိုက်ပေမယ့် ကျွန်တော့်စိတ်ကလည်း မြင်မြင်ချင်း စိတ်လှုပ်ရှားသွားမိတယ်"

"ဟဲ့ မင်းတို့က အရင်က မမြင်ဖူးကြဘူးလား"

"မမြင်ဖူးဘူး၊ သူက မိုးကုတ်သူ ကျွန်တော်က မန္တလေးသား၊ မိဘတွေကသာ ငယ်ပေါင်းကြီးဖော်တွေ၊ ကျွန်တော်တို့လူငယ်ချင်းက တစ်ခါမှ မြင်ဖူးတာ မဟုတ်ဘူး၊ ကျွန်တော်နဲ့စေ့စပ်မယ်ဆိုပြီး အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



လာလည်တုံးက တစ်ခါ၊ စေ့စပ်ပွဲနေ့ကတစ်ခါ၊ အဲဒီနှစ်ခါပဲ မြင်ဖူးလိုက်တာ၊ ဒါပေမဲ့ ဟော့ဒီနှလုံးသားထဲမှာတော့ သူ့ပုံရိပ်က ဘယ်လိုမှ ဖျောက်ဖျက်လို့မရအောင် စွဲနေတယ်၊ ဒါကြောင့်လည်း ကျွန်တော် ရန်ကုန်ကို ထွက်လာပြီး သူ့ကိုလာရှာတာပေါ့"

"အေးကွာ မင်းအဖြစ်ကြီးကလည်း ပါးစပ်နားရောက်ခါနီးမှ ပြုတ်ကျသွားရတယ်လို့၊ ငါ့ဘဝနဲ့ ထူးမခြားနားပါပဲကွာ"

ကိုယဉ်ကျေးပါ မိုးညအကြောင်း ကြားရတော့ စိတ်မသက်သာစွာနှင့် ညည်းတွားၓ၏။

"ဒါနဲ့ မင်း ကောင်မလေးက လှလား"

"လှတယ် ဖယောင်းရုပ်ထုလေးလို ဖူးဖူးလုံးလုံးလေး၊ နောက်ပြီး စိတ်သဘောထား နုံရှင်းတယ်၊ ကျွန်တော့်ကိုလည်း လက်ခံပုံရတယ်"

မိုးည ပြောရင်းဖြင့် မျက်လုံးအိမ်တွေ ရီဝေသွားသည်။ ဘဝမှာ တစ်ကြိမ်သာ နင့်နင့်နဲနဲ မြတ်နိုးတော့မည်ဟု ရည်ရွယ်ပြီးကာမှ နှလုံးသားကို မက်ဆေ့မပို့ဘဲ တိတ်တဆိတ် ထွက်သွားသော မိန်းကလေး။ ဘယ်နေရာကိုများ ရောက်နေပြီလဲ။

လွဲတတ်လွန်းသော ကံကြမ္မာကို မည်သို့အပြစ်ဖို့ရမှန်းတောင် မသိတော့။

■ ■ ■



## အခန်း (၉)

"ဒေါက် ဒေါက် ဒေါက်"

အိမ်ရှေ့တံခါးခေါက်သံကြောင့် မိုးည အိပ်ရာထဲမှ လူးလဲထကာ အိပ်မှုံစုံမွှား မျက်နှာအစ်အစ်ဖြင့် အိမ်ရှေ့ခန်းကို ထွက်ခဲ့လိုက်၏။

တံခါးကျက်ဖွင့်လိုက်သည်နှင့် ရှုတည်တည် ရပ်နေသော အောက်ဆပ်ကလူ မျက်နှာက ဘွားခနဲ ပေါ်လာ၏။

"ဘာကိစ္စလဲ"

ဒီလူ့ကိုမြင်တိုင်း စိတ်ထဲမှ ဒေါသတွေပဲ ဖြစ်မိနေ၍ မေးလိုက်သော အသံမှာ ဒေါသရှိန်ကြောင့် အနည်းငယ် မာသွားသည်။

"မီတာခ တစ်ဝက်ခံပါ၊ နောက်ပြီး ကျုပ်က မအားလို့ မီတာခကို ခင်ဗျားကိုယ်တိုင် သွားဆောင်ဖို့ လာပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ့လေသံကလည်း မိုးညာ၏လေသံထက်ပင် မာရေကျော

နိုင်လှ၏။ မိုးညတို့ကလည်း ဒါမျိုးဆို စိတ်ကဆောဟ်ပြီးသား။

"မီတာက ဘယ်လအတွက် ဆောင်ရမှာလဲ၊ ကျူပ်ရောက်တာ ဆယ့်ငါးရက်တောင် မပြည့်သေးဘူး၊ အမှန်တကယ် ဆောင်ရမယ်ဆို လည်း နောက်လမှ ကျူပ်ဆောင်ရမှာလေ"

"ဘာ မင်း အဲဒီလို လက်လွှတ်စပယ် မပြောနဲ့လေ၊ အခု မင်း ဒီမှာစပြီးနေပြီပဲ၊ မီတာစာရွက်လာပြီဆိုမှတော့ ဟိုလတွေ ဒီလတွေ တွက်နေစရာ မလိုဘူး၊ တစ်ဝက်ခံသင့်ရင် ခံရမှာပဲ၊ အခု မီတာ ငါးထောင့်ငါးရာကျတယ်၊ တစ်အိမ်ကို နှစ်ထောင့်နှစ်ရာ့ငါးဆယ်ကျတယ် ရော့ ဒီမှာ ငါတို့ဆောင်ရမယ့် မီတာခတစ်ဝက်နဲ့ မီတာစာရွက်"

ထိုလူကြီး ပြောပြောဆိုဆိုဖြင့် တံခါးလက်ကိုင်ကြားထဲ ညှပ် ပေးခဲ့ပြီး ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ဆင်းသွား၏။

မိုးည တက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

လူကို သက်သက်မဲ့ လာကျောတာ။ သို့သော် မိုးည အထွတ် အထိပ်ရောက်နေသော ဒေါသကို သတိကပ်ပြီး ထိန်းလိုက်၏။

ကိုယ့်ဒေါသကို ဖြေသိမ့်သည့်အနေဖြင့် အနီးရှိ ခုံကို ဝုန်းခနဲ ပိတ်ကန်လိုက်သည်။ ထို့နောက် မီတာစာရွက်နှင့် ပိုက်ဆံကို စားပွဲပေါ်သို့ ခပ်ဆောင့်ဆောင့် ပစ်ချလိုက်သည်။





အိမ်နီးနားချင်းတွေနှင့် ရန်မဖြစ်ချင်။ ရန်ဖြစ်လျှင် ကိုယ့်ဒေါသ ကို ကိုယ်ထိန်းနိုင်မည်မဟုတ်သဖြင့် တက်တစ်ခေါက်ခေါက်ဖြင့်သာ ရင်ထဲ က ဒေါသတွေကို ဖြေရ၏။

အရေးထဲ ဗိုက်ကရစ်ပြီး နာလာပြန်သဖြင့် အိမ်သာသို့ ပြေးရ လေသည်။ အိမ်သာထဲရောက်၍ ကိုယ့်ကိစ္စကိုယ်ရှင်းထုတ်နေရင်းဖြင့်ပင် ထိုလူကြီး၏ပုတ်သိုးသိုး မျက်နှာကြီးက မျက်လုံးထဲ ပေါ်လာပြန်သည်။

"တောက် အသုဘကြီး"

စိတ်ထဲကနေ တစ်တစ်ခွခွကြီး ကျိန်ဆဲပစ်လိုက်၏။

ထိုသို့ ကျိန်ဆဲလို့မှ မဆုံးသေး အိမ်သာတံခါး လာခေါက်၏။ မိုးည တံခါးအပေါက်ကလေးမှ အပြင်သို့ ချောင်းကြည့်လိုက်တော့ အကု သိုလ်တုံးကြီး ဖြစ်နေသည်။

မိုးည အိမ်သာထဲမှာ လူရှိသည်ဆိုသည့် အချက်ပြစနစ်ဖြင့် တံခါးကို ပြန်ခေါက်လိုက်ပြီး တမင်ပင် ဖိမ်ဆွဲလိုက်သည်။

"ဟေ့ အိမ်သာထဲက မြန်မြန်လုပ်ကွ"

ထိုလူကြီး ဖင်ပိတ်အော်၏။ မိုးည ကိုယ့်ကိစ္စပြီးပေမယ့်လည်း တမင်ပင် မထဘဲ ပေ၍နေလိုက်သည်။ မိုးညတို့က ရွဲ့လျှင် သူများထက် ရွဲ့၏။

တမင်ပင် လေလေးတချွန်ချွန်ဖြင့် အေးအေးဆေးဆေး ဆက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေလိုက်၏။

ထိုလူကြီး အိမ်သာရှေ့မှ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော ခြေသံကြားလေ မိုးညှ ပို၍ ကျေနပ်လေပင်။

"ဟော့ အိမ်သာထဲမှာ ဘာလုပ်နေတာလဲ၊ နိုးပါနေတာလား။ အိပ်ပျော်နေတာလားကွ လန့်းတဲ့မှပဲ"

ထိုလူကြီး ဒေါသအိုးတွေ အတွဲလိုက် ပေါက်ကွဲကုန်ပြီ ထင်၏။ အပြင်မှာ တက်တစ်ခေါက်ခေါက်နှင့် အီးကလည်း အတော်လေး ပါချင်နေပုံလည်း ရ၏။

"အား အီးပါချင်လှပြီ၊ အိမ်သာထဲက မောင်မင်းကြီးသား မြန်မြန်လေး လုပ်ပေးပါ"

ထိုလူကြီးအသံ အားလျော့လာ၏။ ထွက်ချင်သော ဝေဒနာကို တော်တော်လေး ခံစားနေပုံရ၏။ မိတာခကို နှစ်ထောင့်ခုနှစ်ရာငါးဆယ် ဘလိုင်းကြီး လာစိုက်နိုင်းတော့ မိုးညှကလည်း သူ့ကို အတိုးရောအရင်း ရောပေါင်းကာ သုံးထောင်မိုးလောက် တန်သော ဝေဒနာကို ပိုးစိုးပက်စက် ပြုစုပေးလိုက်ရုံပင်။

"အား အီး ထွက် ထွက်တော့မယ်ကွ၊ ဟော့ အထဲထဲကကောင် မြန်မြန်ထွက်တော့"

တော်တော်လေး အော့ငိအိပ်နေ…းချုပ်ထားပုံရသော လေသံက





တကယ့် မဆန့်မပြ ထွက်ကျတော့မည့် လေသံမျိုး။ မိုးညှ မလုပ်ကောင်း ပေမယ့် ထိုလူကြီးကို အနည်းအကျဉ်းတော့ ပညာပေးချင်သေးသည်။

"မိပြူ မိပြူ အခန်းထဲမှာ အိုးအဆင်သင့် လုပ်ထားစမ်း။ ငါ ထွက်တော့မယ်"

ထိုလူကြီး လုံးဝမဟာန်နိုင်သည့်အဆုံး သူ့ကိစ္စကို အိမ်ထဲမှာပင် အိုးနှင့်ရှင်းဖို့ အိမ်ပေါ်သို့ ဝရုန်းသုန်းကား ပြေးတက်သွားသံကို ကြားလိုက်ရသည်။

ဒီတော့မှ မိုးညှ ထိုင်နေရာမှ ထလိုက်ပြီး အိမ်သာအပြင်သို့ ထွက်ခဲ့လိုက်၏။ အိမ်သာအပြင်ရောက်တော့ မိန်းကလေးကို တွေ့လေ မလားဟု ဝေ့ဝဲပြီး ကြည့်လိုက်သည်။ အရိပ်အယောင်ပင် မတွေ့ရ။

မိုးညှ အုတ်ကန်မှ ဘုံဘိုင်ခေါင်း ဖွင့်လိုက်ပြီး လက်ကို ဆပ်ပြာ နှင့် အသေအချာ ဆေးကာ အိမ်ပေါ်သို့ ပြန်တက်ခဲ့လိုက်၏။

ထိုလူကြီးကို ပညာပေးလိုက်ရ၍ စောစောက ဒေါသတွေ တော်တော်လေးတော့ အရောင်ဖျော့သွား၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟား ဟား ဟား ကောင်းတယ် ဒီလူနဲ့ ဖက်ပြီး ရန်ဖြစ်မယ့် အစား ခုလို အသံတိတ်နည်းနဲ့ ပညာပြန်ပေးတာ အကောင်းဆုံးပဲ၊ ငါလည်း ဒီကောင့်ကို ကြည့်မရတာ ကြာပြီကွ၊ ဒါပေမဲ့ ဒီလိုကောင်မျိုးနဲ့ ဖက်ဖြစ်တော့ရော ခွေးရူးနဲ့ခွေးကောင်း ကိုက်သလို ခွေးကောင်းပဲ နာနာ အဲ ဟုတ်ပါဘူး ပြောရင်းနဲ့ ငါပါ ခွေးဖြစ်ရပြီ"

ကိုယဉ်ကျေး စကားကြောင့် မိုးညနှင့်ဒေါ်ညို ရယ်လိုက်ကြ၏။ ဒေါ်ညိုက မုန့်ဖတ်ဗန်းကို ယပ်တောင်နှင့် တဖျတ်ဖျတ်ခပ်ရင်း မှ...ကာ ရွဲ့ကာဖြင့်

"ဒီကောင်က မကောင်းတာ အကုန်လုပ်တဲ့ကောင်၊ ထောင်ကို အိမ်ဦးနဲ့ကြမ်းပြင်လို ကူးချည်သန်းချည် လုပ်နေတာ၊ နင်တို့သွားပြီး





ဖတ်မဖြစ်နေနဲ့ ရပ်ကွက်ထဲက လူတွေကိုလည်း ဒီကောင်က တစ်ယောက်မှ လူမထင်ဘူး၊ ဟိုလကလည်း အရက်ဆိုင်မှာ ရန်ဖြစ်ကြသေးတယ်လေ၊ ဒီကောင်က အရက်၊ ဖဲ၊ မိန်းမ ဘယ်ဟာမှမလွတ်ဘူး၊ ဒါတောင် အဓုဏ်ဖြစ်နေလို့ အဓုဏ်သာမဖြစ်ရင် မိန်းမတောင် တစ်ရာပြည့်အောင် ယူမယ့်ကောင်၊ ရပ်ကိုက ဘယ်အချိန်ကြည့်ကြည့် အကုသိုလ်တွေ ပြည့်နေတဲ့ရုပ်"

"ဘာအဓုဏ်ဖြစ်တာလဲ ဒေါ်ညိုရ၊ ခင်များကလည်း မိုးညကို ရှင်းအောင် ပြောလေ"

"ဩော် ဆရာလေးရယ် ဆရာလေးက အရိပ်ပြရင် အကောင်ထင်ပါတယ်၊ အဲဒီလူက ပန်းသေနေတာလေ၊ အဟင်း ပန်းသေရုံမကဘူး၊ တစ်ခါတည်း အသက်ပါ သေသွားရမှာတော့၊ ဒီလိုလူမျိုး လောကကြီးထဲမှာ ရှိနေတာ ဘာမှအသုံးမဝင်ဘူး၊ မြေကြီးလေးတယ်တော့"

ဒေါ်ညိုက မဲ့ကာရွဲ့ကာဖြင့် ထိုလူ့အကြောင်းကို ပျစ်ပျစ်နှစ်နှစ် အတင်းတွေပြောနေ၏။ မိုးည ခုမှပင် သတိထားမိတော့၏။ မနက်စောစောစီး မုန့်ဟင်းခါးဆိုင်မှာ သူများအတင်းထိုင်ပြောနေကြပြီး ထိုအတင်းပြောသူတွေထဲမှာ မိုးညပါ ပါဝင်နေ၏။ ထို့ကြောင့် စိတ်ထဲ မသိုးမသန့်ဖြစ်ကာ ထမှဖြစ်တော့မည်ဟု စိတ်ကူးလိုက်သည်။

"ကျုပ်ကြားထားတာကလည်း ကောင်မလေးက ရောဂါ...ည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလား ဘာလား၊ လမ်းဘေးမှာ လဲနေတာ တွေ့လို့ သူ ခေါ်လာတာတဲ့၊ ဘယ်သူဘယ်ဝါမှန်းလည်း မသိတဲ့နဲ့ သူ့မိန်းမအဖြစ် အတင်းယူထားတာ''

ဒေါ်ညို ပြောသော ထိုစကားကို မိုးညှ စိတ်ဝင်စားသွား၏။ ထမည်ဟု ဟန်ပြင်ပြီးကာမှ အသာပြန်ထိုင်နေလိုက်ပြီး ကုန်ကြမ်းရှာဖို့ ဒေါ်ညို ပြောသမျှ နားထောင်ရတော့မည်။

''ဘယ်လို ဒေါ်ညို၊ အဲဒီကောင်မလေးက သူနဲ့ချစ်လို့ကြိုက်လို့ ညားထားကြတာ မဟုတ်ဘူးလား''

''ဘယ်က ဟုတ်ရမှာလဲ ဆရာလေးရဲ့ အဲဒီကောင်မလေးက စိတ်ရောဂါဝေဒနာရှင်လားတော့ မသိဘူး၊ သူ့ကိုယ်သူ ဘယ်ကလာလို့ လာမှန်းလည်း မသိဘူး၊ အိမ်ထဲက အိမ်ပြင်လည်း မထွက်ဘူး၊ အဲဒီလူက မထွက်ခိုင်းဘူးလေ၊ ဒါကြောင့် အိမ်နီးနားချင်းတွေတောင် အဲဒီကောင်မလေးကို သိပ်မသိကြဘူး''

''အဲဒီလူက ဘာဖြစ်လို့ ကောင်မလေးကို အပြင်မထွက်ခိုင်းတာလဲ''

မိုးညှ စိတ်ဝင်တစား မေးလိုက်သည်။ အမှန်ပဲ ထိုအကြောင်းအရာသည် မိုးညှအတွက် ဇာတ်လမ်းတစ်ပုဒ် ဖြစ်နိုင်သည်။

''ဒီလိုကွ မိုးညှရဲ့ သူက အဲဒီကောင်မလေးကို အလိုမတူဘဲ ပေါင်းသင်းနေထိုင်တာ နောက်ပြီး တရားဝင်လက်ထပ်ထားတာလည်း





မဟုတ်တော့ လူသိ သိပ်မခံချင်တာ နေမှာပေါ့ကွာ''

မိုးညှ တဆတ်ဆတ် ခေါင်းညိတ်ကာ ခပ်တွေတွေလေး စဉ်းစားလိုက်၏။ စိတ်ထဲမှာလည်း ကောင်မလေးကို သနားနေမိသည်။ ကောင်မလေးကို အိမ်နီးနားချင်းမှ လူများမပြောနှင့် တစ်မိုးအောက်ထဲမှာ အတူနေနေသည့် မိုးညှပင်လျှင် ကောင်းစွာ မမြင်ဖူးသေး။

ဟိုတစ်ခါ မနက်ဝေလီဝေလင်းကြီး တွေ့လိုက်ရသည်ဆိုတာကလည်း ဖြုန်းခနဲ ဝင်တိုက်မိပြီး ကြောက်အားလန့်အားနှင့် ဝရုန်းသုန်းကားဖြစ်သွား၍ မျက်နှာကို အသေအချာ မမှတ်မိလိုက်။

''သူ့မိဘတွေကရော လာမရှာဘူးလား''

''လာရှာတယ်လို့ ပြောသံတော့ မကြားရဘူး၊ ကောင်မလေးက လုံးဝ စကားရုပ်လိုပဲ၊ အရယ်အပြုံး မရှိဘူး''

မိုးညှ အာရုံထဲ ထိုအကြောင်းအရာသည် တစိမ့်စိမ့်တိုးဝင်၍လာနေပြီ။ ထိုကောင်မလေး၏ဘဝလေးကို နမချင်း စာနာစွာ သနားတရုဏာ သက်မိ၏။

''သူတို့ ပြောင်းလာတာ ကြာပြီလား ကိုယဉ်ကျေး''

မိုးညှ အမေးကြောင့် ကိုယဉ်ကျေး စဉ်းစားသည့်အနေနှင့် မျက်မှောင်ကို တွန့်ကွေးလိုက်ပြီး

''အင်း သုံးလေးလလောက်တော့ ရှိပြီကွ၊ ဒီလူက အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



က သုဝဏ္ဏဘုမ္မာနေတယ်လို့တော့ ကြားတယ်၊ အဲဒီနေရာမှာ လောင်းကစား နဲ့ မသမာမှုတွေ လုပ်တာများပြီး အဲဒီနေရာကနေ ဒီဘက်ကို ရွှေ့လာတာ ကွ"

"ဒီလူ ပြောင်းလာတာ ကျုပ်တို့တော့ မကြိုက်ပါဘူး၊ လမ်းထဲ မှာ အကျင့်မကောင်းတဲ့လူတွေ မရှိစေချင်ဘူး၊ ကျုပ်တို့လမ်း သိက္ခာကျ တယ်၊ ဦးအုံ့ဘွယ်ကြီးတို့ ဘယ်လို လူမျိုးကို အိမ်ငှားတင်ခဲ့လဲ မသိပါဘူး တော်၊ ပြီးတော့ သူက လွတ်ရာလွတ်ကြောင်း သွားနေနေတယ်"

ဒေါ်ညို ဦးအုံ့ဘွယ်ကို မကျေမနပ်ဖြစ်ပြီး အပြစ်တင်နေ၏။

"သူလည်း မသိလို့ ငှားခဲ့တာ နေမှာပေါ့ဗျာ၊ အဓိကက ကိုယ့် လမ်းထဲက ကာလသားတွေကို ဒီလူနဲ့ယှဉ်မဖြစ်ဖို့ မှာထားလိုက်ရုံပဲ ဒီလို လူမျိုးတွေက သေမထူး နေမထူးတွေ၊ လောကကြီးကို ဒုက္ခပေးဖို့ ရောက် လာကြတဲ့လူတွေ"

ဒေါ်ညိုနှင့်ကိုယဉ်ကျေး အတိုင်အဖောက် ညီနေကြသည်။

မိုးညကတော့ ထိုကောင်မလေးအတွက် မဆီမဆိုင် ရတက် မအေး ဖြစ်သွားမိသေးသည်။

■ ■ ■



အခန်း (၁၁)

မိုးည စာဖတ်နေရင်းမှ အောက်ထပ်မှ သီချင်းသံ့သံ့ကို ကြား သိုက်သဖြင့် ဖတ်လက်စ စာအုပ်ကို စားပွဲပေါ်တင်ကာ နားစွင့်နေလိုက် သည်။

မိုးညစိတ်ထဲမှာ ထိုကောင်မလေး၏ပုံပန်းသဏ္ဍာန်ကို အသေ အချာ တွေ့ချင်စိတ်တွေ ဖြစ်ပေါ်ကာ ထိုင်ရာမှထပြီး အိပ်ရာအောက်မှ အပေါက်ငယ်လေးရှိရာသို့ အာရုံစေ့ဆော်မှုကြောင့် လှမ်းဝင်ခဲ့သည်။

အခန်းထဲရောက်တော့ ဖျာကိုဖယ်ပြီး ထိုအပေါက်ငယ်လေးမှ အောက်ထပ်ကို အသာကြည့်လိုက်၏။

အပေါက်နှင့်ခုတင်က တန်းနေသဖြင့် ထိုကောင်မလေး ခုတင်



www.burmeseclassic.com

www.burmeseclassic.com



ထက်တွင် မှောက်ခုံအနေအထားဖြင့် လှဲအိပ်နေသည်ကို တွေ့ရသည်။

မိုးညအဖို့ ခုလိုမျိုး သူတစ်ပါးမိန်းမ တစ်ယောက်ကို ခုလို ဆိတ်ကွယ်ရာမှာ ချောင်းမြောင်းကြည့်ခြင်း လုပ်ရပ်မှာ မသင့်တော်မှန်း သိသည်။

သို့သော် ထိုကောင်မလေး အကြောင်းကို တစေ့တစောင်း အကဲခတ်လိုသည့်စိတ်ဆန္ဒတွေ ရင်ထဲမှာ တဖွားဖွား ပေါ်လာနေသည်ကို တော့ မိုးည ဘယ်လိုမှ တားဆီး၍ မရ။ သို့သော် ထိုဆန္ဒသည် ထို ကောင်မလေး၏ဘဝ တစ်စိတ်တစ်ပိုင်းကို စိတ်ဝင်တစား လေ့လာ အကဲ ခတ်မိသည်မှလွဲ၍ ရိုးရှင်းသည်။ မရိုးသားသော ဆန္ဒတစ်စုံတစ်ရာ လုံးဝ မပါရှိ။

ရိုးရှင်းသော အတွေးတို့နှင့်အတူ အပေါက်ငယ်မှ ကြည့်နေရင်း တသိမ့်သိမ့် ရှိုက်ငိုနေသော ငိုသံက တအင့်အင့်ဖြင့် မိုးညနားထဲ တိုးဝင် လာသည်။

ဒါဆို ထိုကောင်မလေး ငိုနေသည်ပေါ့။ ဘာကြောင့် ငိုနေ တာလဲ။ ဟိုလူ နှိပ်စက်သွားပြန်ပြီလား။ အတွေးပေါင်းစုံတို့က မိုးည၏ အာရုံတွေကို ရှုပ်ထွေး၍ သွားပြန်သည်။

ပုစ္ဆာတစ်ပုဒ်လို အဖြေရှာရခက်သော ထိုကောင်မလေး၏ နောက်ကွယ်က လျှို့ဝှက်ချက်တွေသည် သူမ၏ အတိတ်မှာ မည်သို့မည်





ကျွန်ရစ်ခဲ့လေသနည်း။

ယခု ပစ္စုပ္ပန်ကတော့ သူမအတွက် သာယာငြိမ့်ညောင်းတာ မရှိခဲ့သေး။ မြင်သမျှ ကြားသမျှတို့သည် ကြည့်ရဆိုးလောက်အောင်ပင် စိတ်မချမ်းမြေ့စရာတွေချည်းပင်။

မိုးည သူမနှင့်စကားပြောကြည့်ချင်သည်။ သူမ ရင်ထဲက ခံစားချက်တွေကို သိချင်သည်။ ခုချိန်မှာ သူမ ဘယ်လို ခံစားချက်တွေ ကို နင့်နင့်သီးသီး ခံစားနေရသလဲ။

ဒီလူကြီး၏ဒဏ်ကို လိုမ့်ပိန့်ခံရလောက်အောင် သူမဘဝ၏ အားနည်းချက်က ဘာလဲ။

ရင်ထဲမှာ မေးခွန်းပေါင်းများစွာက သိချင်စိတ်တွေဖြင့် တန်းစီ ၍ နေသည်။

အနိမ့်အမြင့် အရှိုက်အဖိုတွေဖြင့် မိန်းမတစ်ယောက်၏ ဂုဏ် အင်္ဂါနှင့်ပြည့်စုံနေသော ထိုမိန်းကလေး၏ ကျော့ရှင်းသော ကိုယ်နေဟန် ထားသည် ယောကျ်ားတစ်ယောက်၏ စိတ်သဏ္ဌာန်ကို အပြည့်အဝ ဆွဲဆောင်နိုင်ပါလျက်နှင့် ထိုလူကြီးမှာ ထိုမိန်းကလေးကို အကြင်နာတွေ မပေးဘဲ ဘယ်လိုကြောင့် ရင့်သီးရိုင်းပျနေရတာပါလိမ့်။

လောကမှာ နူးညံ့ညင်သာစွာဖြင့် ကြင်ကြင်နာနာ ဆက်ဆံရ သည့် သတ္တဝါတွေထဲမှာ မိန်းမဆိုသည့်အမျိုးလည်း ပါဝင်နေသည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ထိုလူမသိလေရော့သလား။

"မိုးညရေ မိုးည"

အိမ်ရှေ့မှ ကိုယဉ်ကျေးအသံကြောင့် မိုးည ကမန်းကတန်း ထထိုင်ပြီး အိမ်ရှေ့သို့ ကပျာကသီ ထွက်လိုက်၏။

"ဟာ ဟ ဖြည်းဖြည်းထွက်လာပါကွ၊ ဘယ့်နှယ် ပျာတီပျာယာ ထွက်လာခဲ့ရတာလဲ"

ကိုယဉ်ကျေး စကားကြောင့် မိုးည ကိုယ်မလုံမလဲသော စိတ်ကို ကိုယ် ပြန်ဘရိတ်အုပ်လိုက်ပြီး

"အဟဲ ကျွန်တော်က အိပ်ချင်တာနဲ့ အိပ်တော့မလို့၊ လူက မှေးခနဲတောင် ပျော်နေပြီ၊ ကိုယဉ်ကျေးအသံကြားလို့ ဘာများအရေးကြီး လဲဆိုပြီး ထွက်လာတာ"

ဖြစ်နိုင်လောက်သည့် ဆင်ခြေပေးလိုက်သဖြင့် ကိုယဉ်ကျေး ယုံသွားသည်ထင်သည်။ လက်ထဲမှ သတင်းစာကို မိုးညထံသို့ လှမ်းပေး ပြီး ထိုင်ခုံမှ ဝင်ထိုင်လိုက်သည်။

"ဒါ ဒီနေ့သတင်းစာလား"

မိုးည ကမ်းပေးသော သတင်းစာကို လှမ်းယူပြီး သူ့ပါကို ကိုယဉ်ကျေးဘေးမှ ဆက်တီခုံတွင် ဝင်ထိုင်ပြီး မေးလိုက်သည်။

"ဟုတ်တယ် အဲဒီထဲမှာ သတင်းထူး တစ်ခုပါတယ်၊ မင်းနဲ့များ





ပတ်သက်နေမလားလို့"

"ဟင် ဟုတ်လား ဘာသတင်းလဲ"

"မင်္ဂလာသတင်း"

"ဟာ ဘာဆိုင်တုံး"

"ဆိုင်တယ် သိချင်ရင် သေသေချာချာ ဖတ်ကြည့်ကွာ၊ မင်းနဲ့ ချေစပ်ထားတဲ့ ကောင်မလေးများ ဖြစ်နေမလားလို့"

"ဟင် ဟုတ်လား ကိုယဉ်ကျေးက ဘယ်လိုလုပ် အတိအကျ ပြောနိုင်တာလဲ"

မိုးည မင်္ဂလာဆောင်ကြော်ငြာပါသည့် စာမျက်နှာကို ဖြန့်ကြည့် ရင်း မေးလိုက်ခြင်းဖြစ်သည်။

"ဟာ မင်းကောင်မလေး နာမည် မြသားဖြူ ဆိုတဲ့နာမည်ရယ်၊ မိုးကုတ်မြို့ဆိုတဲ့ မြို့နာမည်ရယ် နှစ်ခုက တိုက်ဆိုင်နေတယ်လေကွာ၊ နောက်ပြီး မိဘတွေရဲ့အမည်နဲ့ နေရပ်လိပ်စာလည်း ဖော်မပြထားဘူး၊ ဒီအချက်ကိုကြည့်ခြင်းအားဖြင့် မင်းကောင်မလေး ဖြစ်နိုင်တယ်လို့ ငါ အကြမ်းဖျင်း တွေးမိလိုက်လို့ပေါ့ကွ"

ကိုယဉ်ကျေးပြောမှ မိုးည ထိုမင်္ဂလာသတင်းကို အငမ်းမရ ဖတ်ကြည့်လိုက်သည်။

"ကဲ ငါ ပြောတာ မှန်တယ် မဟုတ်လား၊ မင်းလည်း ငါ



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းသလို ခန့်မှန်းမိမှာပဲ မဟုတ်လား''

''အင်း ဖြစ်နိုင်တယ်ဗျ၊ မင်္ဂလာဖိတ်စာရဲ့သဘောအရ သတို့သားရော သတို့သမီးဘက်ရော နှစ်ဖက်မိဘ နာမည်အပြည့်အစုံ မှာရမှာလေ၊ ခုဟာက သတို့သားဘက်က မိဘနဲ့ နေရပ်လိပ်စာ ဘွဲ့ထူးဂုဏ်ထူးတွေ အပြည့်အဝပါပြီး မြသားဖြူဆိုတဲ့ သတို့သမီးဘက်မှာတော့ မိဘနာမည်နဲ့ နေရပ်လိပ်စာ မပါဘူး၊ မိုးကုတ်မြို့ဆိုတာပဲပါတယ်၊ ဒီအချက်က စဉ်းတော့စဉ်းစားစရာပဲ''

မိုးညှ ထိုမင်္ဂလာကြော်ငြာကိုတွေ့ပြီး အင်အားတွေ ယုတ်လျော့သွားသလို ခံစားလိုက်ရသည်။ ကိုယ့်မှာတော့ သူ့ကိုရှာတွေ့လိုဇောနှင့် ရန်ကုန်ကိုတောင် တကူးတက တက်လာပြီး သူမကို ရှာပုံတော်ဖွင့်ရ၏။ သူမကတော့ တခြားသူနှင့် ပတ်သက်လက်ထပ်တော့မည်။

တွေးရင်းဖြင့်ပင် မိုးညှ ရင်ထဲ တဆစ်ဆစ်ဖြင့် နာကျင်ခံခက်၍ လာသည်။

''ဒါဆို ကျွန်တော့်မျှော်လင့်ချက်တွေ သွားပြီပေါ့''

''ဟာ အဲဒီလိုလည်း ပုံသေကြီး တွက်လို့မရဘူးလေကွာ၊ အဲဒီမင်္ဂလာပွဲရှိတဲ့နေရာကိုသွားပြီး ကြည့်ရမယ်လေ၊ သတို့သမီးက မင်းကောင်မလေး ဟုတ်မဟုတ် အသေအချာ ကြည့်ပြီးမှ မင်း အပြည့်အဝ ကြွေတော့ပေါ့''





''ကိုယဉ်ကျေး ပြောသလောက် လွယ်ပါ့မလား''

''ကျွတ် မင်းဟာက စစ်မရောက်ခင်က မြားကုန်နေသလို ဖြစ်နေပြီ''

''ဒါဆိုလည်း အဲဒီသတို့သမီးကို ကျွန်တော် သွားကြည့်မယ်၊ ကိုယဉ်ကျေး အဖော်လိုက်ပေးမလား''

''အေး လိုက်ပေးမယ်''

မိုးညှ စိတ်ထဲမှာ ထိုနေ့သွားကြည့်မည့် မင်္ဂလာသတို့သမီးသည် မြသားဖြူ မဖြစ်ပါစေနဲ့ဟု မိုးညှ စိတ်ထဲ ခပ်တိတ်တိတ် ဆုတောင်းနေမိ၏။

■ ■ ■



www.burmeseclassic.com

## အခန်း (၁၂)

မိုးညနှင့်ကိုယဉ်ကျေး မင်္ဂလာပွဲရှိရာ ကရဝိတ်သို့ ကားငှား၍ လာခဲ့ကြ၏။

"ကိုယဉ်ကျေး ကျွန်တော်တို့က ကရဝိတ်ခန်းမကြီးထဲကိုတော့ ဝင်လို့ မဖြစ်ဘူးနော်"

"သိပါတယ်ကွ၊ ငါကလည်း မဝင်ပါဘူး၊ မင်္ဂလာပွဲက သုံးနာ စမှာဆိုတော့ ခုမှ နှစ်နာရီပဲ ရှိသေးတယ်၊ ခန်းမထဲကို သတို့သား သတို့သမီးလည်း မရောက်လောက်သေးဘူး၊ ငါတို့ ဒီအပြင်ကပဲ စောင့် ကြမယ်လေ"

ကိုယဉ်ကျေး ကရဝိတ်ဘေးနားမှာ ရှိသော မြက်ခင်းစပ်နားမှ

ဗျူး၀၁၆၀



ထိုင်နေလိုက်၏။ မိုးညစိတ်တွေ လှုပ်ရှားလွန်း၍ လှိုင်းဂယက်ထနေသော ကန်ရေပြင်ကို အသာငေးကြည့်နေ၏။

မြသားဖြူ မဟုတ်ပါစေနှင့်ဟု ဆုတောင်းရသည်မှာ အခါခါ။ ကိုယဉ်ကျေးကတော့ မင်္ဂလာဆောင်လာသည့် ကောင်မလေး ခပ်ချော ချောလေးတွေကို ငေးမောနေရ၍ လာရင်းကိစ္စကိုတောင် မေ့သလောက် ဖြစ်နေသည်။

"ဟာ ခရမ်းရောင်ဝတ်စုံလေးနဲ့ ဇေယ်ဒီလေး တကယ်မိုက်တယ် ကွာ၊ ပေါင်တံလေးတွေများ ဂွမ်းဆိုင်ကလေးလို အိထွေးနေတာပဲ၊ ကြည့်စမ်း မိုးည ငါ့ရပ်ကွပ်ထဲက ကောင်မလေးတွေကိုပဲ လှလှချည်ရဲ့ဆိုပြီး အသေအကြေငမ်းနေတာ ဒီကကောင်မလေးတွေနဲ့ယှဉ်တော့ နတ်မိမယ် နဲ့ မယ်ရုပ်ဆိုးလိုပဲ အပြတ်အသတ်ကို ကွာတာကွ၊ အဟီး အားဆေး စားလိုက်ရသလိုပဲ မျက်စိကိုကြည်ပြီး နှလုံးခုန်နှုန်းတွေ မြန်လာသလို လိုတောင် ဖြစ်လာပြီ"

မိုးည စိတ်ညစ်ရသည့်အထဲ ကိုယဉ်ကျေးက တစ်မှောင့်ဟု ခပ်တိုးတိုး အပြစ်တင်လိုက်သည်။

"ကိုယဉ်ကျေး သတို့သမီးက မလာသေးဘူးလား မသိဘူး၊ သေချာလည်းကြည့်ဦးနော်၊ သတို့သမီး သတို့သားက ခန်းမထဲမှာ ကြို ရောက်နှင့်နေပြီလား မသိဘူး"

ဗျူး၀၁၆၀

www.burmeseclassic.com



"ကျွတ် မင်းကလည်း တွေးပူစရာမရှိ ပူနေပြန်ပြီကွာ၊ မင်း ရောက်လား မရောက်လား ကားပါကင်ကို ကြည့်လိုက်၊ ရှိရှိသမျှကား တွေချည်းပဲ၊ သတို့သား သတို့သမီးကားဆိုရင်လေ ကားခေါင်းမှာ ဖဲကြိုး တွေ အလှပန်းတွေနဲ့ ဆင်ယင်ထားတာ၊ ခု အဲဒီကားမှ မရှိတာ၊ ဘယ်လို လုပ်ရောက်ဦးမှာလဲ၊ ဟော ဟော ဟိုမှာ ဦးကျော်စိုးဦး ဦးကျော်စိုးဦး၊ မြန်မာ့အသံမှာ သတင်းကြေညာတဲ့သူ"

ကိုယဉ်ကျေး ညွှန်ပြရာသို့ မိုးည လိုက်ကြည့်လိုက်သည်။

"သူလည်း ဒီမင်္ဂလာပွဲကိုတက်တာပဲ၊ ဖိတ်လို့နေမှာပေါ့"

"ဟုတ်တယ် သူတို့က အခါတော်ပေး ပုဂ္ဂိုလ်လေ၊ သူတို့ကို သီးသန့်ပိုက်ဆံပေးပြီး ငှားရတာကွ၊ ဟော ဟော ဟိုမှာနောက်တစ် ယောက်၊ ဒေါ်ရီရီသန့်ကြီး အလှဲ့ စောင်းကြီးကိုပိုက်လို့ ကျေနပ် စောင်းတီး ပြီး မင်္ဂလာသီချင်းတွေနဲ့ ဖျော်ဖြေဖို့ ငှားထားတာ ထင်တယ်"

ကားတွေ တစ်စီးပြီးတစ်စီး ထိုးစိုက်ပြီးသည်အထိ သတို့သမီး က ပေါ်မလာသေး။

"ကိုယဉ်ကျေး ကျွန်တော်တို့ ဒီလို ထိုင်မျှော်နေရမယ့်အစား မင်္ဂလာပွဲလာတဲ့ ဧည့်သည်တွေကို မေးကြည့်တာ ပိုကောင်းမယ် ထင် တယ်"

မိုးည စိတ်လောနေသဖြင့် ကိုယဉ်ကျေးကို အကြံပေးလိုက်





သည်။ ကိုယဉ်ကျေး သူ့လက်မှနာရီကိုကြည့်လိုက်ပြီး

"အေးပါ ဂါ မေးကြည့်ပေးမယ်"

ကိုယဉ်ကျေး မြက်ခင်းစပ်ပေါ်မှာ ပြားပြားကြီးထိုင်နေရာမှ လေးပင်စွာ ထလိုက်သည်။

"ဟော ဟိုမှာ ကရစ်တိတ်ထဲက ဝန်ထမ်းထင်တယ်၊ သူ့ကိုမေး လိုက်တာ ပိုပြီး ကျိန်းသေတယ်၊ မင်း ဒီမှာ ခဏစောင့်"

ကိုယဉ်ကျေး ဟုတ်ဟုတ်တာဖြင့် ထွက်လာသော ဝန်ထမ်းနားကို ခပ်သွက်သွက် လျှောက်သွားပြီး မေးလိုက်သည်။

"ညီလေးရေ ခန်းမထဲမှာ သတို့သမီးနဲ့ သတို့သား ရောက်နေ ပြီလား"

"မရောက်သေးဘူး အစ်ကို၊ အခု လမ်းမှာ လာနေကြပြီ"

"ဟုတ်လား အေး အေး ကျေးဇူးပဲ ညီလေးရာ"

"အစ်ကိုတို့က ဖိတ်ထားတဲ့ဧည့်သည်တွေ မဟုတ်လား။ ခန်းမ ထဲ ဝင်နေတော့လေ"

"ဪ အေး ဝင်မယ် အဟဲ ဝင်မယ် ဝင်မယ်"

ကိုယဉ်ကျေး ဝိတ်တာဖြစ်ဟန်တူသော ဝန်ထမ်းကောင်လေးကို ကားရောဖောရောဖြင့် နှုတ်ဆက်လိုက်ပြီး မိုးညနားသို့ ပြုံးလျှောက်လာလိုက်၏။

"ဘာတဲ့လဲ ရောက်ပြီတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်သေးပါဘူးကွာ၊ မင်းကလည်း စိတ်လောနေတာကိုး ခုမှ လာနေတာတဲ့"

"တော်ပါသေးရဲ့"

မရောက်သေးဘူးဆိုမှ မိုးညှ ဆက်စောင့်ဖို့ အားနည်းနည်း ယူလိုက်သည်။ သိပ်မကြာလိုက် တစ်ကားလုံးကို ပန်းတွေ ဖဲကြိုးတွေ လှပအောင် တန်ဆာဆင်ထားသော အနက်ရောင် မာစီဒီးကားကြီးတစ်စီး ထိုးစိုက်လာ၏။

"ဟော ဟိုမှာ အဲဒါ သတို့သမီး သတို့သားကားကွ"

ကားတံခါး ဖွင့်လိုက်သည်နှင့် ကင်မရာမန်းတွေ ဓာတ်ပုံဆရာတွေ ကားနားမှာ ပျားပန်းခတ်မျှ လှုပ်ရှားသွား၏။

"ကိုယဉ်ကျေး လာ လာ ကျွန်တော်တို့ အနီးကပ်သွားကြည့်ကြရအောင်"

မိုးညှ ကိုယဉ်ကျေး ပခုံးကိုတို့ကာ သူက ရှေ့မှ ခပ်သုတ်သုတ် ထွက်သွား၏။ မိုးညှ နောက်မှ ကိုယဉ်ကျေး လိုက်သွားလိုက်သည်။

မိုးညှ ရင်တွေခုန်နေသည်။ ဆင်းလာမည့် သတို့သမီးကို လုံး မကြည့်ရဲ။ သို့သော် မကြည့်၍လည်း မရ။

ကားပေါ်မှ အနောက်တိုင်းဝတ်စုံနှင့်သတို့သား အရင်ဆုံး ဆင်းလာသည်။ ပြီးမှ ဆင်ဒရဲလားလို ဂါဝန်မျိုးဝတ်ထားသော သတို့သမီးက





သတို့သား အလိုက်သင့်လေး ကမ်းပေးသော လက်ကို ခပ်သာသာလေး လှမ်းကိုင်ပြီး ခပ်ရှုရှုလေး ကားပေါ်မှ ဆင်းလာ၏။

"ဟင် ဟုတ်လည်း မဟုတ်ဘူး"

ဆင်းလာသော သတို့သမီးမှာ ဝတ်စုံနှင့်ပင် မလိုက်ဖက်လောက်အောင် ရုပ်ဆိုးနေသဖြင့် မြသားဖြူ လုံးဝမဟုတ်တာ ပို၍ သေချာသွားသည်။

"ဘယ်လိုလဲ မဟုတ်ဘူးလား၊ မင်းရဲ့မြသားဖြူ မဟုတ်ဘူးလား"

"မဟုတ်ဘူး မဟုတ်ဘူးဗျ၊ အောင်မလေး တော်ပါသေးရဲ့၊ ကျွန်တော့်ကောင်မလေး ခုထိ အပျိုစင်လေးပဲ ရှိနေမှာပါဗျာ၊ ကျွန်တော် အသာ အစိုးရိမ်တွေ လွန်နေတာ ဖြစ်မှာပါ"

မိုးညှ ဒီတော့မှ ရယ်နိုင်ပြုံးနိုင်တော့၏။ ထို့နောက် မြသားဖြူ မဟုတ်သဖြင့် မိုးညှ ပန်းခြံထဲအနှံ့ ကိုယဉ်ကျေးနှင့်အတူ လျှောက်လိုက် ပြီး

ကိုယဉ်ကျေးက အတွဲချောင်း မိုးညှက မြသားဖြူကိုတွေ့လို တွေ့ငြား လိုက်ပတ်ရှာလိုက်သည်။

"မြသားဖြူ မင်း ဘယ်ရောက်နေတာလဲကွာ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒီနေ့တစ်နေ့လုံး မိုးညှ စာရေးတာ ဘယ်လိုမှ ချာန်မဝင်။ တစ်ချိန်လုံး မြသားဖြူဆီသို့ပဲ စိတ်ရောက်နေသည်။

ဒီတစ်သက် မြသားဖြူကို ရှာတွေ့ပါတော့မလားဆိုသည့် စိုးရိမ်စိတ်နှင့်အတူ မြသားဖြူသည် မိုးညှနှင့်အဝေးဆုံးသို့ ရောက်ရှိသွားသလို ခံစားလိုက်ရပြီး

တစ်ခါတစ်ရံ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပဲ။ ပျောက်သောသူ ကြာရင်တွေ့မှာပဲဆိုသည့် ကိုယ့်စိတ်ကို အားပေးသည့်စိတ်ကလေး ဝင်လာတော့ မြသားဖြူဟာ မိုးညှနှင့်အနီးဆုံးမှာ ရှိနေသလို ခံစားရပြန်သည်။

ဘဝမှာ ချစ်သူလုံးဝမထားဖူးသေးဘဲနှင့် မိဘသဘောတူလို





စေ့စပ်ပွဲလေး တစ်ခါလောက် လုပ်မိပါသည်။ ကံဆိုးစွာနှင့် ကိုယ့်အလှည့်ကျမှ စေ့စပ်ထားသော သတို့သမီးလောင်းက ပျောက်နေသည်။ လောကမှာ ကိုယ့်လောက်ကံဆိုးတဲ့ယောက်ျား ရှိပါဦးမည်လား။

စာရေးစားပွဲမှာ ခပ်ငူငူကြီးထိုင်ကာ တွေးတောနေရင်းမှ မိုးညှ လက်နှစ်ဖက်ကို ဘေးသို့ကားကာ အကျောဆန့်လိုက်သည်။

ထို့နောက် နာရီကို လှမ်းကြည့်လိုက်သည်။ ညနေ လေးနာရီ ဝင်တိုးတော့မည်။

ရေချိုးမှပဲဆိုသည့် အတွေးနှင့်အတူ ထိုင်ရာမှထပြီး ကိုယ်ပေါ်မှ ဝတ်ထားသည့် ဂျိုင်းပြတ်စွပ်ကျယ်ကို ဆွဲချွတ်လိုက်သည်။

"ဒုန်း"

"အမလေး"

"အား"

"ဟင် ဟိုကောင်မလေး ဘာဖြစ်ပြန်ပြီလဲ"

မိုးညှ တစ်ယောက်တည်းပြောရင်း အခန်းထဲ ပြေးဝင်လိုက်ပြီး အပေါက်ဝကလေးမှ ထပ်၍ချောင်းကြည့်လိုက်ပြန်သည်။

သို့သော် မိုးညှ ငုံ့ကြည့်သောအပေါက်ငယ်လေးမှ ကြည့်၍ မမြင်ရ။ မိုးညှ အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာပြီး ခင်းထားသော ဖယောင်းပုဆိုးစကို လှန်ကာ အပေါက်တွေ့လိုတွေ့ငြား ရှာကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဟာဟာလေး ကွဲနေသော လျှာထိုးပြားလေး သွားတွေ့သည်။ မိုးညှ ထိုအပေါက်ငယ်လေးမှ ချောင်းကြည့်လိုက်သည်။

''ဟာ ခြေထောက် ထိသွားတယ် ထင်တယ်၊ ခြေမမှာ သွေး တွေ ထွက်နေတယ်''

တစ်ယောက်တည်း အသံတိတ်ဆိုညည်းရင်း မိုးညှ ထိုကောင် မလေး၏မျက်နှာကို မြင်လိုမြင်ငြား အကြာကြီး ကြည့်နေလိုက်မိ၏။

အပေါ်စီးမှ လှမ်းမြင်ရသော အနေအထားမို့ ထိုကောင်မလေး မျက်နှာ ပုံပန်းသဏ္ဌာန်ကို သဲကွဲစွာ မမြင်ရ။

''အား ကျွတ် ကျွတ် ကျွတ်''

ကောင်မလေး၏ညည်းညူသံသဲ့သဲ့ကို ကြားရပြန်သည်။

မိုးညှ ဘာလုပ်ရမလဲ။ အိမ်မှာ ရှိသော ဆေးနှင့်ဂွမ်းထုပ်ကို သွားပေးလိုက်ရမည်လား။ ထိုသို့ သွားပေးရင်ကော သင့်တော်ပါ့မလား

ဝေခွဲရခက်နေသော စေတနာတွေကို သင့်၏မသင့်၏ ချိန်ဆ နေရင်းမှ နောက်ဆုံး မသင့်တော်ဘူးဆိုသည့် အဖြေသာ ဦးနှောက်က ထွက်ကျလာသည်။

ထို့နောက် ကိုယ်နှင့်မဆိုင်ဘူးဟူသော စိတ်ကို နှလုံးသွင်းလိုက် ကာ ရေချိုးရန် နောက်ဖေးလှေကားမှ ဆင်းလာလိုက်သည်။

ရေမချိုးခင် လုပ်နေကျအတိုင်း အရင်ဆုံး သွားတိုက်ပြီး သွေး





သွားရန် လှေကျင့်ခန်းတစ်ခုခု လုပ်လိုက်သည်။

မိုးညှ ဒိုက်ထိုးနေစဉ် အိမ်အောက်ထပ် အခန်းတံခါး ကျွီခနဲ ပွင့်လာသည်။ အသံကြားပေမယ့် မိုးညှ လှည့်မကြည့်ဘဲ ကိုယ့်အလုပ် ကိုယ်ဆက်ပြီး လုပ်နေလိုက်သည်။

ထိုအရိပ်ကလေး အိမ်ပေါ်မှ ဆင်းလာစဉ္စာမှ မိုးညှ ဒိုက်ထိုး ခြင်းကိုရပ်ကာ ထိုအရိပ်ကို လှမ်းကြည့်လိုက်သည်။ ထိုသို့ လှမ်းကြည့် လိုက်မိသော တဒင်္ဂသည် မိုးညှ မျက်လုံးအစုံကို ပြူးကျယ်ဝိုင်းစက်သွား စေ၏။ မျှော်လင့်ချက်ပေါင်းများစွာ ရှင်သန်နိုးထလာရင်း

''ဟင် မြ မြသားဖြူ''

မယုံကြည်သော မယုံရဲသော စိတ်ခံစားမှုက ရပ်နေသော ခြေအစုံကို ဆက်လက်မရပ်တည်နိုင်လောက်အောင် နောက်သို့ ယိုင်နဲ့ စွာ ခြေတစ်လှမ်းဆုတ်သွားစေသည်။

''အစ်ကို ဘယ်သူ့ကိုပြောတာလဲ''

''မင်းကိုလေ''

''ဖြူ ဖြူက မြသားဖြူလားဟင်''

ကိုယ့်ကိုယ် မေးခွန်းပြန်ထုတ်နေသော ဖြူ့မျက်နှာတွင် အားကိုး နိုင်လေးတစ်ခု တွေ့လိုက်ရသလို အရောင်လက်သွား၏။

''ဟုတ်တယ်လေ မင်းက မြသားဖြူမှ မြသားဖြူ အစစ်၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ငါ မင်းကို လိုက်ရှာနေတာ ကြာပြီ''

''ဟင် ဖြူ့ကိုလိုက်ရှာနေတယ် ဟုတ်လား၊ ဒါ ဒါပေမဲ့ ဖြူ အစ်ကိုကို မသိဘူး''

ဖြူ့စကားကြောင့် မိုးညှ ရင်ထဲ ဟာဆင်းသွားသည်။ ကိုယ်ချစ်မိသွားသည့် ကိုယ့်ဖနီးလောင်းက ကိုယ့်ကို မသိဘူးဆိုသည့် စိမ်းတောက်သည့်စကားကြောင့် မိုးညှ ရှေ့ဆက် ဘယ်လိုစကားမျိုးတွေ ပြောရမှန်းမသိအောင် ထွက်ကျလုဆဲဆဲ အလွမ်းသည်မည့် စကားလုံးတွေ လည်ချောင်းဝမှာ တစ်ဆို့၍သွားသည်။

''ဖြူ ဖြူ့အကြောင်းကို အစ်ကို သိလားဟင်၊ ဖြူ ဘယ်သူလဲ ဟင် ဖြူ ဘယ်သူလဲ''

အခြေအနေက ဘာမှန်းမသိသေး၍ မိုးညှ အခြေအနေမှန်ကို ဖွင့်ဟမပြောတော့ဘဲ စကားလမ်းကြောင်းလွှဲသည့်အနေဖြင့် အားနာရိပ်ပါသော အပြုံးတစ်ခုကို ဟန်ဆောင်ပြုံးလိုက်၏။

''ဆော ဆောရီးနော်၊ ကိုယ့်အသိတစ်ယောက်ရဲ့ မျက်နှာနဲ့ ခပ်ဆင်ဆင်တူလို့ ရုတ်တရက် အံ့ဩသွားတာပါ''

မိုးညှ၏စကားလမ်းကြောင်း လွှဲလိုက်ခြင်းသည် ဖြူ့အတွက် တဖန်ပြန်၍ မျှော်လင့်ချက်မဲ့သွားပြန်သည်။

ချက်ချင်း ညှိုးလျော်သွားသော မျက်နှာလေးကို မိုးညှ မကြည့်

[illegible]



နိုက်စွာဖြင့် မျက်နှာလေးလွှဲနေလိုက်၏။ ရုတ်တရက် အကြည့်တွေက ဖြူ့ခြေမ သွေးထွက်နေသောနေရာသို့ အကြည့်ရောက်သွားသည်။

''မင်း ခြေထောက်က ဘာဖြစ်တာလဲ''

''ခုံစောင်းနဲ့ ဝင်တိုက်မိတာပါ''

ဖြူ့အသံတွေ အေးစက်စက်ပြန်၍ ဖြစ်သွားသည်ကို မိုးညှ သတိထားမိလိုက်သည်။

''သွေးတွေထွက်နေတယ်လေ၊ ဆေးမလိမ်းဘူးလား''

''ဟင့်အင်း အိမ်မှာ ဘာဆေးမှမရှိဘူး၊ ဒါကြောင့် သွေးပေနေတဲ့ ခြေထောက်ကို ရေဆေးမလို့''

''ဟာ ရေဆေးလို့ ဒဏ်ရာက ပျောက်သွားတာမှ မဟုတ်တာ၊ ဆေးလိမ်းမှ သက်သာမှာပေါ့၊ ဆေးမရှိဘူးဆိုလည်း ဆေးဆိုင်မှာဝယ်ရမှာပေါ့''

''ရပါတယ် အစ်ကို၊ ဖြူ ခံနိုင်ရည်ရှိပါတယ်''

''ကျွတ် မဟုတ်သေးပါဘူး ဖြူရယ်''

မိုးညှ ဖြူဟူသော နာမ်စားကို သတိလက်လွတ် သုံးမိလိုက်၍ အားနာသော အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

''ရပါတယ် အစ်ကို၊ ဘဝရဲ့နာကျင်မှုတွေနဲ့ ယှဉ်ရင် ဒီလောက်လေး နာကျင်တာက ဖြူ့အတွက် အသေးအမွှား နာကျင်မှုမျိုးပေါ့ပါ''

ဗျူး၀၇၆၀

www.burmeseclassic.com

www.burmeseclassic.com



ဖြူ့ ထိုသို့ပြောပြီး အိမ်ထဲပြန်ဝင်သွားသည်။

မိုးညှ နေရာမှာတင် ကြောင်ငေးကာ ကျန်ခဲ့၏။ မငြိမ်းချမ်းခြင်းတွေက ရင်ထဲမှာဘောင်ဘင်ခတ်၍ နေသည်။

■ ■ ■

ဗျူး ၁၃၆ပ

## အခန်း (၁၄)

"မိုးညှ မင်း ဘီယာဆိုင် တကယ်ထိုင်မလို့လား"

ဘီယာဆိုင်ထဲ လှမ်းဝင်နေသော ခြေလှမ်းတွေကြောင့် ကိုယဥ်ကျေး တအံ့တသြဖြင့် မယုံသလို မေးလိုက်၏။

"သောက်မှာမို့လို့ ဆိုင်ထဲတောင် ဝင်နေပြီပဲ ကိုယဥ်ကျေးရာ၊ ဘာလဲ ကိုယဥ်ကျေး မသောက်ဘူးလား"

"သောက် သောက်တော့ သောက်မှာပေါ့ကွ၊ မင်းက တစ်ခါမှ ဘီယာတွေ အရက်တွေ မသောက်တော့ ငါက မင်းနောက်နေတယ် ထင်လို့ပေါ့ကွ"

ကိုယဥ်ကျေး သွားဖြဲလေးဖြင့် ရယ်ကျဲကျဲဆို၏။

"မနောက်ဘူး၊ တကယ် အတည်သောက်မှာ၊ ကျွန်တော်

ဗျူး ၁၃၆ပ

www.burmeseclassic.com

www.burmeseclassic.com



အရမ်းစိတ်ညစ်နေတယ်၊ ကျွန်တော့်ရင်ထဲမှာ တင်းကျပ်နေတယ်၊ ဒီ တော့ စိတ်ဖြေဆေးအနေနဲ့ ဒီအရည်တွေသောက်မှ ကျွန်တော် နေသာ ထိုင်သာရှိသွားမယ် ကိုယဉ်ကျေးရာ''

''အစ်ကို ဘာသောက်မလဲ''

''ဘီယာချကွာ၊ အမြည်းကတော့ ဆိုင်မှာ ရှိတာချ''

''ဟာ ဟော့ မိုးည စွတ်မမှာနဲ့လေကွာ၊ မီးမြင့်သွားမယ်ကွ''

ကိုယဉ်ကျေး ဝိတ်တာလေးကို မျက်ရိပ်ပြကာ

''ညီလေး ကန်စွန်းပလိန်းရယ်၊ ဆေးဘဲဥသုပ်တစ်ပွဲရယ် အာလူးကြော်ရယ်ပဲချ''

''ဟုတ်ကဲ့''

စားပွဲထိုးလေး ကိုယဉ်ကျေးမှာသမျှကို စာအုပ်အသေးလေးပေါ် ရေးမှတ်ရင်း ခေါင်းတညိတ်ညိတ်နှင့် အနီးမှ ထွက်သွား၏။

''မှာတာ နည်းလိုက်တာကွာ၊ များများမှာပါ ကိုယဉ်ကျေးရ ဒီလောက်ကလေးမှာလို့ ဘယ်လိုလုပ် သောက်ရတာ ဇိမ်ရှိမလဲ၊ ငါးကင် ဖြစ်ဖြစ် ဘဲကင်လေးဖြစ်ဖြစ်တော့ ထပ်မှာပါဗျ''

''ဟင့်အင်း ရတယ်၊ ငါက မွေးရာပါ၊ ခံတွင်းကောင်းပြီးသား ဘာနဲ့ပဲမြည်းမြည်း အဓိကက မူးဖို့ပဲလိုတာ မဟုတ်လား ဟား ဟား ဟား''





ကိုယဉ်ကျေး သူ့ဟာသူပြော သူ့ဟာသူ သဘောတကျ ရယ် ၏။

တအောင့်နေတော့ စားပွဲထိုးလေး မှာထားသော အမြည်းနှင့် Chang ဘူးတွေ လာချပေး၏။

''ကဲ ကိုယဉ်ကျေး ခင်ဗျား ကြိုက်သလောက် သောက်၊ သောက် သလောက် မူး ဟုတ်ပြီလား''

မသောက်ခင်ကတည်းက ကဘောက်တိကဘောက်ချာတွေ ပြောနေသော မိုးညကို ကိုယဉ်ကျေး ပြူးတူးကြောင်တောင်နှင့် ကြည့် လိုက်ပြီး

''ဟော့ကောင် မင်း မမူးလောက်သေးပါဘူးနော်''

''ကျွတ် ကျွန်တော် မမူးဘူး ကိုယဉ်ကျေး၊ ကျွန်တော် ညစ် နေတာ ခုချိန်မှာ ကျွန်တော် အရာအားလုံးကို မေ့ထားလိုက်ချင်တယ် ဗျာ''

''ကဲ မေ့ထားလိုက်ချင်တယ်ဆိုရင် မြန်မြန်လေး ချလိုက်ကွာ၊ ချရင် မြန်မြန်လေး မေ့လိုက် ဟုတ်ပြီလား''

Chang ဘူးထဲမှ ဘီယာတွေကို ဖန်ခွက်ထဲငှဲ့ထည့်ပြီး မိုးည ရှေ့သို့ ထိုးပေးလိုက်သည်။

မိုးည ယူပြီး အကုန်မော့ပစ်လိုက်သည်။ လည်ချောင်းထဲဝါး



www.burmeseclassic.com

www.burmeseclassic.com



သက်စွာ ပူဆင်းသွားသော အရသာသည် မိုးညအတွက် အတော်ထေ
ကို ခံရခက်၏။

သို့သော် ရင်ဘတ်ထဲက တဆစ်ဆစ် နာကျင်ရသော ခံစား
နှင့်ယှဉ်လျှင် ဘာမျှမပြောပလောက်။ အရာအားလုံးကို မေ့ထွခဏ မေ
နိုင်စွမ်းသည့်အတွက် သောက်ရကျိုးနပ်သေးသည်။

ထို့အတွက်ကြောင့် ဖန်ခွက်ထဲကို နောက်တစ်ကြိမ် ငှဲ့ထည့်
ထပ်မော့သည်။ တစ်ငုံနှစ်ငုံသာ မော့ပြီး အမြည်းနှင့်မြှုံ့နေသော
ကိုယဉ်ကျေး မိုးညကိုကြည့်ပြီး အံ့အားသင့်နေသည်။

"မိုးည အမြည်းနဲ့မှုသောက်လေကွာ၊ ဒါကြီးပဲ တအားချ
ဖြစ်မလား။ သောက်စရှိမယ့်ပုံလည်း မပေါ်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် အ
ပေးနေတယ် ရော့ ကန်စွန်းပလိန်းလေးနဲ့ မြည်း"

ကိုယဉ်ကျေး ကန်စွန်းပလိန်းပန်းကန်ကို မိုးညရှေ့ကို တိုးပေ
၏။ မိုးည ခေါင်းကိုတွင်တွင်ခါသည်။

"ရတယ် ရှော့ခ်မရှိဘူး။ ရတယ်"

လူက ရတယ်သာဆိုသည် မိုးညပုံစံက သိပ်မမှန်တော့။

"မင်း ဘာဖြစ်လာလဲ၊ မိုးည ငါ့ကိုပြောစမ်း"

"ကျွန်တော် အသည်းကွဲလာတယ်"

"ဟေ အသည်းကွဲလာတယ် ဟုတ်လား၊ ဒါ ဒါဆို မေ

ဗျူး ၈၁၆၀



ကောင်မလေးကို ရှာလို့တွေ့ပြီလား"

"ဟုတ်တယ် တွေ့ပြီ၊ သူနဲ့ကျွန်တော်က နီးလျက်နဲ့ဝေးနေကြ
တာဗျ၊ ဒါတွေဟာ အိပ်မက်ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲ၊
အဲဒီလိုသာဆို နောက်တစ်ခါ အဲဒီလို အိပ်မက်ဆိုးကြီးမက်မှာစိုးလို့
ကျွန်တော် ဘယ်တော့မှ အိပ်မှာမဟုတ်တော့ဘူး"

"မင်းစကားတွေက ထူးဆန်းပါလား"

"ထူးဆန်းတယ် အသည်းကွဲဖူးတဲ့ယောကျာ်းတွေကို စစ်တမ်း
ကောက်ကြည့်ရင်တောင် အဲဒီယောကျာ်းတွေဟာ ကျွန်တော့်လောက်
ကံဆိုးကြမှာမဟုတ်ဘူး၊ လောကမှာ ကံအဆိုးဆုံး ယောကျာ်းဟာ
ကျွန်တော်ပဲ"

"မင်း ကောင်မလေးကို ဘယ်ကသွားရှာတွေ့တာလဲ"

"ကျွန်တော့်နားကပေါ့"

မိုးည စကားကြောင့် ကိုယဉ်ကျေး အူလည်လည်ဖြစ်သွားသည်။

"စကားကို ရှင်းအောင်ပြောစမ်းပါကွာ၊ မင်းကလည်း"

"ဟ ကျွန်တော် ရှင်းအောင် ပြောတာလေ"

မိုးည ထိုသို့ပြောပြီး chang နောက်တစ်ဘူးကို ထပ်ဖောက်ပြီး
ဖန်ခွက်ထဲပင် မထည့်တော့ဘဲ ဒီအတိုင်းပင် တရှိန်ထိုး မော့လိုက်သည်။
ပြီးနောက် လေတစ်ချက်တက်ကာ ကိုယဉ်ကျေးကို ရွဲနေသော မျက်လုံး

ဗျူး ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မေးစင်းကာ ကြည့်သည်။

"ကဲ ရှင်းအောင်ပြောပါ၊ မင်းကောင်မလေးကို ဘယ်ကရှာတွေ့တာလဲ"

"ကျွန်တော့်အိမ်က"

"ဘာ မင်းကောင်မလေး မင်းဆီလာတယ် ဟုတ်လား၊ ဒါနဲ့များ ငါ့လုမ်းခေါ်ပြီး မိတ်ဆက်ပေးတာ မဟုတ်ဘူးကွာ"

ကိုယဉ်ကျေး သူထင်ရာတွေကို ဖွတ်ပြောနေ၍ မိုးညု စိတ်ပျက်စွာ ခေါင်းခါလိုက်သည်။

"ကျွတ် ကိုယဉ်ကျေးလည်း လည်မလိုလို့နဲ့ တကယ် ပိန်းတာပဲ၊ ကျွန်တော့်အိမ်မှာ တွေ့ပါတယ်ဆိုမှ အေ့"

မိုးညု အာလေးလျှာလေးအသံဖြင့် ကိုယဉ်ကျေးကို အပြစ်တင်၏။

"မင်းအိမ်မှာ မင်းကောင်မလေးကိုတွေ့တယ်၊ မင်း ကောင်မလေးက မင်းအိမ်ကို ဘယ်လိုရောက်လာတာလဲ၊ ငါ မရှင်းဘူး ငါ့ကို ရှင်းအောင်ပြော"

"ပြောမယ် ပြောချင်လွန်းလို့ ခုလို ဒီအရည်တွေကို သောက်ပြီး ရဲဆေးတင်ရတာ၊ ဘာမှမသောက်ထားဘဲ အဲ မမူးဘဲနဲ့ဆိုရင် ကျွန်တော့်ပါးစပ်က ပြောမထွက်ဘူး ဂါ၊ ဟောဒီ အသည်းနေရာက





နာလွန်းလို့ သွေးစိမ်းရှင်ရှင်တောင် ထွက်နေမလားဘဲ"

မိုးညု ပြောရင်းဖြင့် ငိုသံပါကြီးနှင့် ဖြစ်လာသည်။

"ကျွန်…ော် ကောင်မလေးကို အခု ကျွန်တော် နေတဲ့အောက်ဆပ်က ဟိုလူကြီးရဲ့မိန်းမအဖြစ်နဲ့ ပြန်တွေ့လိုက်ရတာဗျ"

"ဟေ… ဟုတ်ရဲ့"

ကိုယဉ်ကျေး မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်၍သွား၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မိုးညှ၏ ခြေလှမ်းတွေ ဒယီးဒယိုင်နှင့် သောက်တာများသွား၍ ကိုယဉ်ကျေး ဘေးမှလိုက်၍ တွဲကူပေးရ၏။

"ကိုယဉ်ကျေး ကျွန်တော် မမူးသေးဘူးဗျာ၊ သွားဝယ်ဦး အိမ်မှာ ထပ်သောက်ဦးမယ်"

"တော်ပြီ မသောက်နဲ့တော့၊ မင်းများနေပြီ သောက်ချင်ရင် မနက်ဖြန်မှ ထပ်သောက်၊ ငါ့ညီက လိမ္မာတယ်"

ကိုယဉ်ကျေး လေကားပေါ်သို့ မိုးညှအား မနည်းတွဲ...ရင်း ကလေးများကို ချော့သလို ချော့ရသေးသည်။

"မများပါဘူးဗျ၊ မများလို့ ကျွန်တော့်ရင်ထဲက ခံစားချက်တွေ မပျောက်သေးတာပေါ့"





"အိပ်လိုက် အိပ်လိုက်ရင် မင်းပျောက်သွားလိမ့်မယ်၊ ကဲ သော့ဖွင့်ပြီး ဝင်တော့၊ ငါ အိပ်ရာထဲ တွဲခေါ်သွားမယ်"

ကိုယဉ်ကျေး မိုးညှအား အိပ်ရာထဲတွဲခေါ်သွား၏။

"ကျွန်တော် မအိပ်ချင်သေးဘူးဗျာ၊ ကျွန်တော့်ရင်ဘတ်ထဲက ခံစားချက်တွေကို ကျွန်တော် ရင်ဖွင့်ပြချင်တယ်၊ ကိုယဉ်ကျေး နားထောင်ပေးပါ အေ့"

"အေးပါ နားထောင်ပေးမယ်၊ ကဲ အရင်ဆုံး အိပ်ရာပေါ် လှဲအိပ်လိုက်၊ အိပ်ရင်းနဲ့ပြော"

"ရတယ် ပြောမယ်၊ အခု ကျွန်တော့် ကောင်မလေးကို ကျွန်တော် ပြန်တွေ့တော့ အရမ်းဝမ်းသာသွားတယ်ဗျာ၊ ဒါပေမဲ့ ဝမ်းသာခြင်းရဲ့ဆန့်ကျင်ဘက် ဝမ်းနည်းခြင်းကလည်း ကျွန်တော့်ရဲ့ရပ်တည်မှုတွေကို မိုက်ချိုးလိုက်သလိုပဲ ကျွန်တော် ခံရခက်တယ်ဗျာ"

"အေးပါ ငါ သိပါတယ်၊ မင်း ဘယ်လောက် ခံပြင်းနေမယ်ဆိုတာ ငါ သိပါတယ်"

"လောကကြီးကို ကျွန်တော် လုံးဝမကျေနပ်ဘူး၊ ကံကြမ္မာကိုလည်း စိန်ခေါ်ချင်တယ်၊ ဘာဖြစ်လို့များ ကျွန်တော့်ကောင်မလေးကို နှလုံးမျိုး ယှတ်မာပက်စက်တဲ့လူယုတ်မာလက်ထဲကို ထည့်ရတာလဲဟာ"

မိုးညှ ပြောရင်းဖြင့် မျက်နှာတစ်ပြင်လုံး ဒေါသကြောင့်နီရဲ



www.burmeseclassic.com

www.burmeseclassic.com



လာကာ ကြမ်းပြင်ကို လက်သီးဖြင့် တဒုန်းဒုန်း မြည်အောင် ထိုးတော့၏။

လူခြေတိတ်ချိန်ရောက်မှ မိုးညာ၏ပေါက်ကွဲသံစဉ်တွေက ရှည်နေသည်။ တစိမ့်စိမ့်ဖြင့် ယူကျုံးမရခံစားနေရသော မိုးညာ၏ခံစားချက်တွေကို ကိုယဥ်ကျေး နားလည်ပေးနိုင်ပါ၏။ သို့သော် ထိုဒေါသတွေကို ဒီအတိုင်း လွှတ်ပေးထား၍ မဖြစ်သဖြင့် ထိန်းနေရ၏။

"မိုးညာ စိတ်ထိန်းပါကွာ၊ မင်း ခံစားချက်တွေကို ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ကံကြမ္မာက အငြိုးကြီးကြီးနဲ့ စီရင်ချက်ချလိုက်တဲ့ အတွက် မင်းတို့ငါတို့မှာ ဘာမှာစောဒက တက်ပိုင်ခွင့်မရှိဘူး"

ကိုယဥ်ကျေး ဖြေသိမ့်စကားက မိုးညာ၏ပြင်းထန်လွန်းသော နာကျင်ခြင်း ခံစားချက်တွေကို မြူတစ်မှုန်စာတောင် လျော့ပါးမသွား။

"အဲဒီ စောဒက တက်ခွင့်မရှိတာကို ကျွန်တော် မကျေနပ်တာဗျာ၊ အခု ကျွန်တော့်ကောင်မလေးကို ကျွန်တော် ပြန်ခေါ်မယ်၊ ဒီလူယုတ်မာလက်ထဲမှာ ဆက်ပြီးမထားနိုင်ဘူး"

မိုးညာ စိတ်ထဲရှိသည့်အတိုင်း ဖွင့်တင်နေသဖြင့် ကိုယဥ်ကျေး မိုးညာပါးစပ်ကို အတင်းလိုက်ပိတ်ရသည်။

မရေရာ မသေချာသေးဘဲနှင့် ကိုယ့်ဘက်က စပြီး ပြဿနာရှာသလို ဖြစ်သွားရင် မကောင်း။ ဒီကိစ္စက အချိန်ယူပြီး ရှင်းရမည့်ကိစ္စ





ခုလို အလောတကြီး ရှင်းလိုက်မည်ဆိုလျှင် နှစ်ဦးနှစ်ဖက် နစ်နာသွားနိုင်၏။

မိုးညာ ငါ့ညီ အိပ်တော့နော်၊ ငါ့ညီက လူယဥ်ကျေးတစ်ယောက် ညာတတ်တစ်ယောက်။ ပြဿနာတစ်ခုကို ခေါင်းအေးအေးထား စဉ်းစားပြီးမှ ရှေ့ဘာဆက်လုပ်သင့်တယ်ဆိုတာကို နောက်နေ့မှ တိုင်ပင်ကြတာပေါ့။ အခု လူတွေလည်း အိပ်နေကြပြီ၊ ကိုယ့်ကြောင့် ပတ်ဝန်းကျင်ကို စိတ်အနှောင့်အယှက် မဖြစ်စေနဲ့ ငါ့ညီ"

မိုးညာ ငြိမ်ကျသွားသည်။ ပြီးနောက် ပါးပြင်ပေါ်သို့ မျက်ရည်တွေ တွင်တွင်စီးကျလာသည်။ မိုးညာ တကယ် ခံစားနေရသည်ဆိုတာ ကိုယဥ်ကျေး သိသည်။ ကိုယ်ချင်းလည်း စာပေးနိုင်သည်။

သို့သော် မိုးညာ ရင်ထဲက ခံစားချက် ပေါ့ပါးသွားအောင်တော့ ဘယ်လိုမှ မစွမ်းဆောင်နိုင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"တောက်"

တက်ခေါက်သံကြောင့် ဖြူ မျက်လုံးလေး ကလယ်ကလယ်ဖြင့် အစ်ကိုကြီးကို ကြည့်လိုက်သည်။

ရူးရူးဝါးဝါး လှမ်းကြည့်နေသော အကြည့်ရူးရူးတွေကို တ ရင်မဆိုင်ချင်ပြန်။ ညကလည်း ညဥ့်နက်နေပြီမို့ ဖြူ အရမ်းအိပ်ချင်နေ

"နင်နဲ့အပေါ်ကကောင်နဲ့ ဘာတွေပတ်သက်ထားလဲ"

"ရှင်"

ဖြူ့မျက်ဝန်းတွေ အိပ်ချင်ပြေသွားရလောက်အောင် ဝိုင်းစ သွားကာ ဘာပြန်ဖြေရမှန်းမသိ။

"နင့်နားကန်းနေလား၊ ငါ မေးတာ ဗမာလိုမေးနေတာလေ





မလည်ဘူးလား"

"နား နားလည်ပါတယ် အစ်ကိုကြီး၊ ဒါ ဒါပေမဲ့ ဖြူ ဘယ်လို ဖြေရမလဲ၊ အပေါ်ကလူ လူနဲ့ ဖြူနဲ့က ဘာများပတ်သက်စရာ အကြောင်း ရှိလို့လဲ၊ တစ်နေ့တစ်နေ့ ဖြူ အိမ်ထဲက အိမ်ပြင်တောင် မထွက်ဘူး၊ အဲဒီလူကို ဖြူ မြင်လည်း မမြင်ဖူးဘူး၊ ဖြူနဲ့လည်း တစ်ခါမှ မဆုံဖူးဘူး"

ဖြူ တမင်ပင် ညာပြောလိုက်သည်။ ကိုထွန်းနောင်ဆိုသော လူ အကုသိုလ်တုံးကြီးသည် ဖြူ့အတွက်တော့ ငရဲသားတစ်ယောက် ကြောက်စရာကောင်း၏။ သူ့အရိပ်မှာ ဘုမသိဘမသိ နေနေရသည့် ဖြူ့ဘဝက အရှင်လတ်လတ်နှင့် ငရဲခံနေရသလို ခံစားရ၏။

ခုချိန်မှာ အပေါ်ကလူနှင့် တစ်ခါဆုံဖူးပါတယ် စကားပြောဖူးပါ တယ်ဆိုလျှင် ဖြူ့အဖို့ ဒီည နာကျင်မှုမျိုးစုံနှင့် ဝန်ခံရတော့မှာ ဖြူ သိ သည်။

ထို့အတွက်ကြောင့် ထိုလူကြီး၏ အနှိပ်စက်မခံရအောင် ဖြူ နေပ်မှုရတော့မည်။

"ဒါဆို ဒီကောင် ပြောနေတဲ့စကားတွေက ဘာစကားတွေလဲ၊ ကောင်မလေးကို ပြန်တွေ့တယ်၊ လှုပုတ်မာလက်ထဲ ရောက်နေတယ် တာလေ၊ မင်း သူ့ကိုသိလား။ သူနဲ့မင်းနဲ့က ငါနဲ့မဆုံခင်တုံးက ချစ်သူ တွေလား"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းနောင်၏အမေးတွေကို ဖြူ ခေါင်းတွင်တွင်ခါပြီး ငြင်း...

"ဟင့်အင်း ဖြူ မသိဘူး။ အစ်ကိုကြီးနဲ့မတွေ့ခင်က ဖြူ ဘာ... တွေဖြစ်ခဲ့တယ်၊ ဖြူ ဘယ်သူဆိုတာ ဖြူ့ကိုယ်ဖြူ ဘယ်လိုမှ ပြန်ပြီး စဉ်းစားလို့မရဘူး၊ နောက်ပြီး အပေါ်ထပ်ကလူကိုလည်း ဖြူ မသိဘူး သိလည်းမသိချင်ဘူး"

ဖြူ့အသံတွေ သိသိသာသာကို တုန်ခိုက်နေသည်။ သူ့ရှေ့မှ... သာ ဖြူ ခါးခါးသီးသီး ငြင်းနေတာ၊ တကယ်တမ်းမှာတော့ ဖြူ အတိတ်... က ဘာတွေဖြစ်ခဲ့တယ်၊ ဖြူ ဘယ်သူလဲဆိုတာ သေလောက်အောင် သိချင်နေတဲ့သူပါ။

နေ့လယ်က အပေါ်ထပ်မှလူ၏စကားတွေက ဖြူ့အတိတ်... ကို လာရောက်တူးဆွပေးလိုက်သလို ဖြူ့စိတ်တွေကို ဆောက်တည်ရာမ... ဖြစ်စေခဲ့၏။

သူက ဖြူနှင့်ဘယ်လိုပတ်သက်ခဲ့တာလဲ။ ဖြူ့ချစ်သူလား။ အ... တကယ် ဖြူ့ချစ်သူဆိုလျှင် ဒီဘဝထဲကနေ ဖြူ့ကိုကယ်ထုတ်ဖို့ ကြိုး... လိမ့်မည်ဟု ဖြူ ယုံကြည်သည်။

ထိုစိတ်ကြောင့် ဖြူ့စိတ်တွေ ယောက်ယက်ခတ်ကာ တစ်နေကုန် စိတ်နှင့်လူနှင့်မကပ်ခဲ့။

"ငါ သတိပေးထားမယ်နော်၊ အပေါ်ကကောင်နဲ့နင်နဲ့ သ...



...စ်ခုခု ကြားလို့ကတော့ နင်တို့နှစ်ယောက်ကို အရှင်လတ်လတ် ငရဲ ...ည်ပို့လိုက်မယ်၊ ဘာမှတ်လဲ၊ ထွန်းနောင်က ယုတ်မာပြီဆိုရင် သူများ ...က် ယုတ်မာတယ်၊ နင် ငါ့အကြောင်း အသိဆုံးပါ"

စားတော့ဝါးတော့မတတ်ကြည့်ကာ သတိပေးနေသော ထွန်း ...နောင်၏စကားတွေကို ဖြူ ကြောက်သည်။

"စိတ် စိတ်ချပါ အစ်ကိုကြီး။ ဖြူနဲ့အပေါ်ထပ်ကလူ ဘာမှမဆိုင် ...ဘူး။ ဒီအချိန်မှာ ဖြူက အစ်ကိုကြီးရဲ့မိန်းမဖြစ်နေပြီလို့ပဲ အများက ...ထားကြတာ၊ ဖြူ့အရှက်သိက္ခာကိုငဲ့တဲ့အနေနဲ့ ဖြူ ရှုတ်ရှုတ်ယှက်ယှက် ...ဘာမှမလုပ်ပါဘူး"

ဖြူ ကတိတွေ အထပ်ထပ်ပေးတော့မှ ထွန်းနောင် ဘာမှ ...က်မပြောတော့ဘဲ ငြိမ်သွားသည်။

"ဖြူ အိပ်ရာဝင်တော့မယ်နော် အစ်ကိုကြီး"

"နေဦး ငါ တစ်နေကုန် အလုပ်တွေ လုပ်ထားရတာ ညောင်း ...ပြီ၊ တစ်ချက်နှစ်ချက် နှိပ်ပေးဦး"

ထွန်းနောင် စကားကို ဖြူ ထပ်ပြီး မငြင်းဆန်ရဲသဖြင့် ထွန်း ...နောင်၏ ကျစ်လျစ်မာကြောသော ခြေထောက်ပေါ်သို့ ဖြူ့လက်ချောင်း ...တွေ တဆတ်ဆတ် လှုပ်ရှားကာ နှိပ်ပေးလိုက်သည်။

ဖြူ အိပ်ချင်လွန်း၍ ဝါးခနဲ တစ်ချက်သမ်းဝေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများ မှေးစင်းကျကာ တစ်ချက်တစ်ချက် ငိုက်ခနဲ ဖြစ်သွားသည်

ထွန်းနောင်ကတော့ ဖိမ်ခံ၍ကောင်းဆဲ။

■ ■ ■

ဗျူး၁၁၆၀

## အခန်း (၁၇)

"မြသားဖြူ မြသားဖြူ"

မိုးည တကြော်ကြော်ခေါ်ရင်းနောက်မှ လိုက်လာသဖြင့် ဖြူ ခြင်းတောင်းလေးကိုင်ပြီး မသိမသာ လှည့်ကြည့်လိုက်သည်။

မိုးညကိုမြင်တော့ ဖြူ့ရင်တွေ ဒိတ်ခနဲ ခုန်သွားသည်။

"မြသားဖြူ ဈေးလာတာလား"

ဈေးခြင်းတောင်းကြီးနှင့် ဈေးရှေ့မှာ တွေ့လျက်နဲ့ မေးလိုက်သော မိုးညအမေးကြောင့် ညင်သာစွာ ခေါင်းညိတ်ပြလိုက်သည်။

"အချိန်ရလား ကိုယ်တို့ တစ်နေရာရာမှာ စကားခဏပြောကြရအောင်"

"ရှင်"

ဗျူး၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ဖြူ မယုံကြည်သော အကြည့်လေးဖြင့် မဝံ့မရဲ ကြည့်
တအံ့တသြ ရှင်းလိုက်သည်။

"ကိုယ်တို့စကား ခဏပြောကြရအောင်၊ ကျေးဇူးပြုပြီး ကို
တောင်းဆိုမှုကို လက်ခံပေးပါ၊ ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်"

"သင့် သင့်တော်ပါ့မလား အစ်ကို၊ အိမ်ကလူကြီးကို
ယောက်ယောက်က ပြန်တိုင်ပြောလိုက်ရင် ဖြူကို အသေသတ်လိမ့်မယ်"

တော်တော်လေး ကြောက်ရွံ့ထိတ်လန့်နေပုံကို ကြည့်ပြီး မိုး
ရင်ထဲ နင့်ခနဲ သနားသွားမိသည်။

"စိတ်ချပါ ဖြူ၊ ကိုယ့်ကို ယုံပေးပါ၊ ဖြူ့စိတ်က အရမ်းစိုး
နေရင် လူရှင်းတဲ့တစ်နေရာကို သွားပြောကြမယ်လေ"

"မ မဖြစ်ဘူး ထင်တယ် အစ်ကို၊ လမ်းမကြီးမှာ လူတွေ
အများကြီး၊ ဖြူကသာ လူတွေကို မသိတာ၊ အဲဒီလူတွေထဲက တ
လူတွေက ဖြူ့ကို သိနေကြတယ်"

မိုးညှ အကျပ်ရိုက်သွားသည်။ ဖြူနှင့် နှစ်ယောက်ထဲ တွေ့
မည့်နေရာ တစ်နေရာကို စဉ်းစားလိုက်သည်။

"ဟာ ဒီလိုလုပ် လမ်းမမှာ ပြောကာထက်စာရင် ကိုယ်တို့
မှာ ပြောတာက ပိုပြီးလုံခြုံမယ်ထင်တယ် မြသားဖြူ၊ အိမ်မှာ ဟိုလူ
ဘူးမဟုတ်လား"



"ဟင့်အင်း မရှိဘူး အစ်ကို၊ အလုပ်ကိစ္စနဲ့ ခရီးထွက်သွားတယ်၊
ကဲဖြန်မှ ပြန်ရောက်မယ် ပြောတယ်"

မိုးညှ ထခုန်မိမတတ် ဝမ်းသာသွားသည်။ ဒါဆိုလည်း ဒီည
ဖြူနှင့်အတူ စကားတွေတစ်ဝကြီး ပြောလို့ရပြီပေါ့။

"ဒါဆို ညကျရင် ကိုယ် မြသားဖြူဆီကို လာခဲ့မယ်"

"ရှင်"

ဖြူ့မျက်နှာလေး ရုပ်ခနဲ ရဲသွားသည်။ မိုးညှ ကိုယ့်စကားကိုယ်
အရှိန်လွန်သွားမှန်း သိလိုက်သဖြင့်

"ဟာ ဒီ ဒီလိုပါ ကိုယ်လာမယ်ဆိုတာ ရိုးသားစွာ လာခြင်းမျိုး
ပါ၊ မြသားဖြူဘဝ အကြောင်းအရင်းကို ကိုယ် သိချင်တယ်၊ နောက်ပြီး
ကိုယ် ရန်ကုန်လာရတဲ့အကြောင်းအရင်းကို မြသားဖြူကို ပြောပြချင်
တယ်"

"သင့်တော်ပါ့မလား အစ်ကို"

"ကိုယ်တို့နှစ်ယောက်စလုံး ရိုးသားကြတာပဲ မြသားဖြူရယ်၊
ဘာလို့ မသင့်တော်ရမှာလဲ"

"အင်းလေ ဒါဆိုလည်း အစ်ကို ဆင်းလာခဲ့ပါ"

ဖြူ့ဘက်က လိုက်လျောခေါင်းညိတ်တော့မှ မိုးညှ မျက်နှာမှာ
အပြုံးရိပ်တွေထင်ကာ ကျေနပ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဆန္ဒကို လိုက်လျောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မြသားဖြူရယ်၊ ကိုယ့်ရင်ထဲက ခံစားချက်တွေကို မြသားဖြူကို ပြောမပြရရင် ကိုယ် အနေခြောင်မှာမဟုတ်ဘူး"

"အင်းလေ ဖြူလည်း ဖြူ့ဘဝအကြောင်းကို ပြောပြချင်ပါတယ် အခုဘဝမှာ ဖြူ နေနေရတာ ဖြူကိုယ်တိုင် ရေကျနေသလို ခံစားရတယ် အစ်ကို၊ အတိတ်ကိုပြန်ပြီး သတိမရနိုင်တဲ့ ကိုယ့်အဖြစ်ကို ပြန်တွေးပြီး ဖြူ အရမ်းအားငယ်တယ် အစ်ကို၊ အနာဂတ်ကို ဘယ်လိုစိတ်အင်အားနဲ့ လျှောက်ရမှန်းမသိအောင် ဖြူ့စိတ်ဓာတ်တွေ ပျက်စီးစပြုနေပြီ၊ ကြာရင် ဒီလူကြီးကို ကြောက်လွန်းလို့ ဖြူလေ သွက်သွက်ခါအောင် ရူးလိမ့်မယ် ထင်တယ်"

"ကဲ ဖြူ ဈေးဝယ်မယ် မဟုတ်လား၊ ဝယ်လေ ကိုယ်လည်း လက်ဖက်ရည်ဆိုင်ထိုင်ပြီးတာနဲ့ ပြန်နှင့်တော့မယ်"

"ဟုတ်ကဲ့ အစ်ကို၊ ဒါဆို ဖြူ သွားတော့မယ်"

"ကောင်းပြီ ဖြူ"

ဖြူ မိုးညရှေ့မှ လှည့်ထွက်ကာ ဈေးထဲသို့ ခပ်သုတ်သုတ်ခြေလှမ်းတွေဖြင့် ဝင်သွား၏၊ မိုးည သက်ပြင်းခပ်လေးလေးချကာ ဈေးနှင့်မလှမ်းမကမ်းမှာရှိနေသော လက်ဖက်ရည်ဆိုင်ရှိရာသို့ ထွက်လာလိုက်၏။

"အစ်ကို မိုးည"





"ဟာ စိုးလင်း၊ ဘယ်လဲ"

"ဈေးရှေ့က ဘော်ဒါတစ်ယောက်ဆီလာတာ၊ စောစောက အစ်ကိုတို့အိမ်အောက်ထပ်က အစ်မကြီးနဲ့ စကားရပ်ပြောနေတာ တွေ့လိုက်တယ်၊ အခု ဘယ်ရောက်သွားပြီလဲ"

စိုးလင်း အမေးကြောင့် မိုးည မလုံမလဲစိတ်ဖြင့် ခပ်ဟဟရယ်လိုက်သည်။ ချက်ချင်း ဘယ်လိုဖြေရမှန်းမသိသဖြင့် ဟိုကြည့်ဒီကြည့်အချိန်ဆွဲပြီး ချောင်းတစ်ချက် နှစ်ချက် ဟန့်လိုက်ပြီး

"ငါလည်း ဈေးလာတာလေ၊ ဈေးရှေ့ရောက်မှ အဲဒီကောင်မလေးကိုတွေ့တာနဲ့ အကြံတစ်ခုရသွားတယ်၊ အဲဒါနဲ့ သူ့နဲ့ပဲ လှူကြုံမှာ လိုက်တယ်၊ ဈေးထဲမဝင်ရတော့ဘူးပေါ့ အဟဲ"

စိုးလင်း တကယ်ယုံသွား၍လားမသိ တဟားဟားဖြင့် ရယ်ရင်း မိုးည၏ပခုံးကို လှမ်းဖက်ကာ

"ကိုမိုးညက လမ်းကြုံလို့ ရှုံးဆင်းလိုက်တာပေါ့ ဟုတ်လား၊ ကဲ လာ အခုလည်း ကျွန်တော်နဲ့ လက်ဖက်ရည်ဆိုင် ထိုင်မယ်၊ အစ်ကိုလည်း နောက်တစ်ကြိမ် ထပ်ပြီး ရှုံးဆင်းလိုက်ဦး"

"ဟာ အဆင်ပြေတာပေါ့ကွာ၊ မင်း တကယ်အလိုက်သိတာပဲ ဟား ဟား ဟား"

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြ၏။ စားပွဲထိုး



www.burmeseclassic.com

ကို မှာပြီးတာနှင့် စားပွဲထိုင်ခုံလွတ်တစ်ဝိုင်းမှာ ဝင်ထိုင်လိုက်ကြသည်။

ဆိုင်ထဲမှာ ဖွင့်ထားသော မျိုးကြီးသီချင်းသံက ဆွေ့ည့်စွာ ထွက်ပေါ်နေသဖြင့် စိုးလင်း လမ်းမဘက်ကိုငေးကာ ခပ်တိုးတိုး လိုက်ညည်းနေ၏။

မိုးညကတော့ ညကျရင် မြသားဖြူနှင့်တွေ့ရဖို့အရေး တစ်ရေးရေးတွေးကာ ရင်ခုန်နေသည်။

မျိုးကြီး၏သီချင်းသံက မိုးည နားထဲထိ မတိုး။

■ ■ ■

အခန်း (၁၈)

ထိုနေ့ညနေ တစ်ညနေလုံး မိုးည ပျော်နေသည်။ ထိုအပျော်တွေနှင့်အတူ မဆိုညည်းဖြစ်တာ ကြာပြီဖြစ်သော သီချင်းပင် ခပ်တိုးတိုး ညည်းမိ၏။

မကြာမကြာဆိုသလို မြသားဖြူ အောက်ထပ်မှာ ဘာလုပ်နေမလဲဆိုသော သီချင်စိတ်နှင့်အတူ မိုးည ချောင်းကြည့်လိုက်မိသည်။

မြင်ရသည့်မြင်ကွင်းက မိုးညအတွက် အနိုင်းမဲ့ရင်ဖိုစရာ မြင်ကွင်းမျိုးဖြစ်သည်။ ညနေခင်း ရန့်တွေနှင့်အတူ သနပ်ခါးရနံ့တွေ လှိုင်နေအောင် ထုံမွှမ်းပြီး ဖြူဖွေးဝင်းဝါနေသော အသားဆိုင်တွေပေါ်သို့ အနီရောင်အကျီလေး ဝတ်နေသော သူမလေး၏အလှတရား။

www.burmeseclassic.com



မိုးညု ကြည့်လို့ကောင်းပေမယ့် ဆက်ပြီး မကြည့်ရက်တော့။ ကိုယ့်လိပ်ပြာကိုယ်လုံသလို မျက်လုံးအစုံကို ကြိုးစားမှိတ်ပြလိုက်ပြီး ကြမ်းခင်းပေါ်မှာ အရုပ်ကြိုးပြတ် လှဲချလိုက်သည်။

ရင်ဘတ်ပြင်တစ်ခုလုံးအထဲမှ နှလုံးခုန်သံတွေနှင့်အတူ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသည်။

မြသားဖြူရယ် ရမ်းကားပက်စက်လွန်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဘုမသိဘမသိ တိုးဝင်ခိုလှုံခဲ့ရတဲ့ မင်းရဲ့အဖြစ်က အခု ငါ ခံစားနေရတဲ့ ခံစားချက်ထက် ပိုပြီး နာကျင်စရာ၊ ရွံရှာစရာ၊ စက်ဆုတ်စရာကောင်းနေလိမ့်မယ်ဆိုတာ ငါ တွေးမိပါတယ်။

မင်းသာ မိုးသားဖြူ တကယ်ဆိုရင် မင်းဟာ ပိုးကိုက်ခံထားရပြီး အနာအဆာတွေ ဗရပွနဲ့ ဘယ်လောက်ပဲ ရနံ့မမွှေးတော့တဲ့ ပန်းတစ်ပွင့်ဖြစ်နေပါစေ ငါ မြတ်နိုးစွာနဲ့ ကောက်ယူနမ်းရှိုက်မှာပါ။

အတွေးတို့ အမျှင်မပြတ်စွာတွေးရင်း ပြတင်းပေါက်အပြင်မှ ကောင်းကင်သည် တဖြည်းဖြည်းနှင့် အမှောင်သမ်း၍နေချေပြီ။ ထိုအမှောင်ကို စိတ်စောစွာ စောင့်နေမိသော မိုးညု လှဲအိပ်နေရာမှ ဝေါက်ခနဲ ထထိုင်လိုက်သည်။

ကြမ်းခင်းကို နားနှင့်ကပ်၍ အောက်ထပ်မှ မြသားဖြူ၏ လှုပ်ရှားမှုကို နားစွင့်လိုက်သည်။ ဘာသံမျှ သဲ ကွဲစွာ မကြားရ။





ထို့နောက် အိမ်ရှေ့တံခါးကျက်ကို အသေအချာ ပိတ်လိုက်၏။ အခန်းမီးပိတ်ကာ နောက်ဖေးလှေကားမှ ခပ်သွက်သွက် ဆင်းလာခဲ့လိုက်၏။

မြသားဖြူ၏နောက်ဖေးတံခါးပေါက် ရောက်သည်အထိ မိုးညု ရင်တွေ ဖြောင်းဆန်အောင် လှုပ်ရှားနေကြ၏။

အိမ်နောက်ဖေးဘက်မှာလည်း တစ်ဖက်တစ်ချက်မှ အုတ်နံရံ အမြင့်ကြီးတွေကြောင့် အိမ်နီးနားချင်းတွေလည်း မိုးညုကို မည်သူမျှ မမြင်နိုင်။

မိုးညု တံခါးချပ်ကို အသာတွန်းဖွင့်ကြည့်လိုက်သည်။ စေ့ရုံစေ့ထားသော တံခါးမို့ ခပ်ဟဟလေးပွင့်လာသည်။

အထဲမှ မီးအလင်းရောင် မှိန်ပျပျမှလွဲ၍ လင်းထိန်၍မနေ။

“မြသားဖြူ မြသားဖြူ”

မိုးညု ခပ်တိုးတိုး ခေါ်လိုက်သည်။ အထဲမှ ဘာလှုပ်ရှားသံမှ ထွက်မလာ။

မိုးညု ဟနေသော တံခါးပေါက်မှ ခေါင်းဝင်ပြီး အထဲကို အကဲခတ်ကြည့်လိုက်ပြီး

“မြသားဖြူ မြသားဖြူ”

မိုးညု အသံခပ်အုပ်အုပ်ဖြင့် ထပ်ခေါ်၏။ ဒီတော့မှ လှုပ်ရှားသံ



www.burmeseclassic.com

www.burmeseclassic.com



တစ်သိ အနားသို့ ရောက်လာပြီး

"အစ်ကို လာ ဝင်လေ"

မိုးညှ ဝင်လေဆိုတော့မှ အထဲသို့ ခြေစုံပစ်ပြီး ဝင်ရဲတော့၏။

"မျောက်"

အခန်းမီးခလုတ်ဖွင့်သံနှင့်အတူ အလင်းရောင် ဖျတ်ခနဲ လင်းလာသည်။

အလင်းရောင်အောက်မှ မြသားဖြူ မျက်နှာလေးမှာ သနပ်ခါးပါးကွက်ကြားလေးနှင့် ငြိမ်းအေးရှင်းသန့်၍နေ၏။ မိုးညှကို မျက်နှာချင်းဆိုင် အသေအချာ အကြည့်ချင်း မဆုံရဲ၍ ရှည်လျားကော့ညွတ်သော မျက်တောင်ဖျားတို့က မျက်လွှာချလျက် ခေါင်းကိုတွင်တွင်ငုံ့၍ထား၏။

"ထိုင်လေ အစ်ကို"

ရှင်းလင်းသန့်ပြန့်နေသော မီးဖိုခန်းလေးထဲမှာ ထိုင်ခုံလေးတစ်လုံး အဆင်သင့်ချထား၏။

ညှီခန်းထဲမှာ ထိုင်ပြောကြမလားဟု ပြောဖို့ ရည်ရွယ်ပြီးကာမှ မိုးညှ ထပ်ပြီး အခွင့်အရေး မတောင်းဆိုလိုတော့ဘဲ သူမ ညွှန်ပြရာ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

နှစ်ယောက်သား ဘာစကားမှမပြောကြသေးဘဲ တိတ်ဆိတ်နေကြသည်။ အခန်းကျဉ်းလေး၏ ဖြစ်မဲ့အထိအတွေ့က သူတို့ရင်ထဲက



ခံစားချက်ကိုယ်စီကို ဖွင့်ဟဝန်ခံနိုင်စေဖို့ အဆင်သင့်အနေအထား။

တိမ်ညွှတ်အားကောင်းသော ဖြူ၏အကြည့်တစ်ချက်က မိုးညှဆီသို့ ဝေ့လာသည်။

တိတ်ဆိတ်နေသော ထိုတဒင်္ဂအား စိတ်လှုပ်ရှားဖွယ် ရှူသွင်းနေသော အသက်ရှူသံ ခပ်မှျင်းမှျင်းတွေကသာ ကြီးစိုးနေ၏။

"ဒီလူကြီးနဲ့ လက်ထပ်ထားတာ ကြာပြီလား မြသားဖြူ"

မိုးညှ အမေးကို မဖြေခင် မျက်တောင်ကော့ကော့ရှည်ရှည်တို့ကို ပင့်ကြည့်ကာ

"ဟင့်အင်း ခုနှစ်လလောက်ပဲ ရှိဦးမယ်ထင်တယ်"

"သူနဲ့မင်းနဲ့က ချစ်သူတွေဖြစ်ပြီးမှ နှစ်ဦးသဘောတူ လက်ထပ်တာလား"

"မဟုတ်လောက်ဘူး ထင်တယ် အစ်ကို ဘာဖြစ်လို့လဲဆိုတော့ ဖြူ့ရင်ထဲမှာ ကိုထွန်းနောင်အပေါ် မေတ္တာသက်ဝင်တဲ့စိတ် နည်းနည်းလေးမှ မရှိခဲ့လို့ပဲ၊ ဖြူ့စိတ်ထဲမှာ သူ့ကို ရွံမုန်းတယ်၊ ကြောက်တယ်၊ ဒါပေမဲ့ ဖြူ့မှာ ပြေးစရာမြေမရှိဘူး။ သူ့လက်ထဲ ဖြူ ဘယ်လိုရောက်လာခဲ့သလဲဆိုတာ ဖြူ့ကိုယ်ဖြူ မသိဘူး"

"ဒါဆို ဖြူ သူ့ကို စသိတဲ့အချိန်မှာ ဖြူ့ဘေးမှာ သူ ဘယ်လိုအခြေနဲ့ရောက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိုးညှ အမေးကို ဖြူ ခပ်တွေတွေလေး စဉ်းစား၏။ ဖြူ့အတွေ

တွေ ဝေဝါးလွန်းနေသည်။ ရင်ထဲမှာ စကားလုံးတွေ တန်းစီနေလော

အောင် ပြောပြချင်ပေမယ့် တကယ်တမ်း ပြောမည်ဆိုတော့ ထိုစကား

တွေကို စကားလုံးအဖြစ် အစီအစဉ်တကျ အမိပွာယ်မဖော်တတ်။

ကိုယ် ပြောပြချင်သည့် အကြောင်းအရာက ဘာကိုဦးတည်

ရည်ရွယ်နေသည်။ အဘယ်သဘောကို ဆောင်နေသည်ဆိုတာကိုလည်

မဝေခွဲတတ်။

အဇ်တွေးအာရုံတို့သည် တိမ်ဆိုင်တွေထဲမှာ မျောလွင့်နေသ

ပေါ့ပါးလစ်ဟာနေ၏။ ဖြူ့ရင်ထဲမှာ ဝမ်းနည်းသလို ခံစားလာရသည်

ကိုယ့်ရဲ့အတိတ်စာမျက်နှာတွေမှာ ရာဇဝင်တွေ ရှိခဲ့ပါလျက်

မတွေ့နိုင် မမြင်နိုင် မသိနိုင်တော့သည့်အခြေအနေမျိုး။ ဘယ်လော

တောင် ဆိုးဝါးပက်စက်လွန်းပါသလဲ။ နာကျင်တတ်တဲ့ဝေဒနာ

သာယာတတ်သည့်မိန်းမမျိုးဆိုရင်တော့ ရင်ထဲမှာ တစ်ဆို့နေသေ

အမည်မသိ ခံစားမှုတို့သည် ဘာမျှမပြောပလောက်။

"ဖြူ့ခန္ဓာကိုယ်တစ်ခုလုံး တဆစ်ဆစ် နာကျင်ကိုက်ခဲ

ဝေဒနာတွေနဲ့ အသိစိတ်တွေ ဖျတ်ခနဲ ဝင်လာတဲ့အချိန်မှာ ဖြူ

ယောကျ်ားတစ်ယောက်ရဲ့ အခန်းထဲကို ရောက်နေခဲ့ပြီ၊ ကိုယ် ဘာ

ခဲ့သလဲ၊ ဘယ်သူလဲဆိုတာ မသိခဲ့လေတော့ ဖြူဟာ သူ့ကို အားကိုး





နအဖြစ်နဲ့ မှီတွယ်ခဲ့မိတယ်၊ ဒါကြောင့် ဖြူ့ကိုယ်ဖြူ ဘယ်သူလဲလို့

ကိုမေးမိတော့ သူ ဖြူ့ကို တစိမ့်စိမ့်စိုက်ကြည့်တယ်၊ ပြီးတော့ ဖြူ့

တွေကို တယုတယ သပ်တင်ပေးတယ်၊ ဖြူ့ရဲ့အင်အားချိနဲ့နေတဲ့

အစုံကို သူ့ပါးမှာ အပ်ပြီး သူ ဖြူ့ကို အေးစက်စက် ပြုံးပြတယ်၊

တော့ မင်းဟာ ငါ့မိန်းမ မဖြူဖြူ ပါတဲ့"

"ဟင် အဲ အဲဒါနဲ့ပဲ မင်းက သူ့မိန်းမအဖြစ် ခံယူလိုက်ရောလား

ားဖြူ"

"ဖြူ ဘာမှမသိတဲ့အခြေအနေမှာ သူ ဘယ်လိုပြောပြော သူ

သမျှ လိုက်နာရုံကလွဲလို့ ဖြူ့မှာ တခြားအကြံအစည်မှ မရှိခဲ့တာ၊

ာ ဘာကိုမှ မတွေးတတ်တော့တဲ့ မွေးကင်းစကလေးငယ်တစ်ယောက်

ဖြူ့ရဲ့မှတ်ဉာဏ်တွေထဲမှာ အတိတ်ဆိုတာ မရှိတော့ဘူး။ သိလည်း

တော့ဘူး။ အခု အစ်ကိုခေါ်တဲ့ မြသားဖြူ ဆိုတာ ဖြူ့နာမည်လား

အမှန်တကယ် ဘာမျှနားမလည်သော အကြည့်မျက်ဝန်းလေး

မေးလာသော မြသားဖြူအမေးကို မိုးညှ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ

ခေါင်းညိတ်မိသည်မသိ။

မြသားဖြူ မျက်နှာလေး ဝိုင်းစက်ကာ အပြုံးရိပ်ထင်သွား၏။

"ဒါ ဒါဆို မြသားဖြူနဲ့အစ်ကိုနဲ့ ပတ်သက်မှုက ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ကိုယ်နဲ့စေ့စပ်ထားတဲ့ ကိုယ့်ရဲ့ဇနီးလောင်း။ စေ့စ
ပြီး ဘယ်လောက်မှမကြာဘူး ရန်ကုန်မှာ မင်းပျောက်သွားတယ်ဆို
သတင်းကိုပဲ ကိုယ် ကြားလိုက်တယ်၊ ကိုယ့်အတွက် ကမ္ဘာပျက်သ
ခံစားခဲ့ရတယ်၊ ခုလို မထင်မှတ်ဘဲ ပြန်တွေ့လိုက်ရတော့ ဟောဒီ
ဘတ်ထဲက မခံရပ်နိုင်လောက်အောင် နာကျင်တယ်"

မိုးညှ သူ့ရင်ဘတ်ကို ဆုတ်ခြေပြကာ ကြေကြေကွဲကွဲ ဆို
မြသားဖြူဟာ သူ့ဇနီးလောင်းပါလို့ ဖွင့်ဟကြေညာလို့မရလောက်အော
ပင် အခြေအနေတွေက ကိုယ့်ဘက်မပါခဲ့။

"ဟိုလေ အစ်ကိုနဲ့ဖြူက စေ့စပ်ထားတယ်ဆိုတော့ အစ်ကို
ဖြူနဲ့ပတ်သက်ပြီး အမှတ်ရစရာ အဲ ဒါမှမဟုတ် ဟို ဟိုလေ အထော
အထား တစ်ခုခု ရှိနေသေးလားဟင်"

ဖြူ အားနာစွာဖြင့် မဝံ့မရဲ မေးလိုက်ခြင်းဖြစ်သည်။ ဘာ
မသိနားမလည် ဖြစ်ခဲ့ရတဲ့ ကိုယ့်အခြေအနေမှာ ကိုထွန်းနောင်ရဲ့မိန်း
ပါလို့ ပြောတုန်းကလည်း သူ့မိန်းမအဖြစ် သူ ပြုခဲ့သမျှ သူ့သဘောအတိုင်း
သာ အလိုက်အထိုက် နေခဲ့ရတာ။

ယခုလည်း စေ့စပ်ထားတာပါဆိုသည့် အပြောဖြင့် ယောကျ်ား
တစ်ယောက် ဖြူ့ဘဝထဲ ထပ်ဝင်လာပြန်သည်။ ထို့အတွက်ကြော
ဖြူ ကိုယ့်ဘဝကိုယ် ဘယ်လိုစခဲ့မှန်းမသိသလို ဘယ်လိုအဆုံးသတ်ရမည်



တာကိုလည်း မသိခဲ့ရလောက်အောင် ဖြူ့အသိစိတ်တွေက ဂိုဒေါင်
ခုလို မှောင်မိန်းကာ အနာဂတ်ပျောက်ရသူလို ဖြစ်နေလေပြီ။

"ကိုယ့်ကိုယုံပါ မြသားဖြူ။ အခု ကိုယ် ပြောနေတာတွေက
တယ့် အမှန်တရားတွေပါ"

"အစ်ကို့ဘက်က အမှန်တရားတစ်ခုဆိုပေမယ့် ဖြူကရော
ကိုထင်သလို မြသားဖြူ တကယ် ဟုတ်ပါ့မလား အစ်ကို၊ အရိုးသား
ပြောရရင် ဖြူဟာ အစ်ကို့ရဲ့ဇနီးလောင်း မြသားဖြူ အမှန်တကယ်
ချင်ပါတယ် အစ်ကို၊ အဲဒီလို ဖြစ်ဖို့အတွက် ဖြူ့အတိတ်အကြောင်း
ဖြူသိအောင် ကြိုးစားရမယ် အစ်ကို"

"ကိုယ် ကူညီပါ့မယ် မြသားဖြူ၊ ကိုယ်နဲ့မင်းနဲ့ စေ့စပ်ထားတဲ့
ပုံတွေ၊ မင်းတို့မိသားစုဓာတ်ပုံတွေနဲ့ မင်းရဲ့ပျောက်ဆုံးနေတဲ့ အတိတ်
ကိုယ် ဖော်ထုတ်ပေးပါ့မယ်"

"မင်းဟာ မြသားဖြူပါလို့ လက်ခံလာတဲ့တစ်နေ့မှာ ဖြူဖြူ
တဲ့ ကိုထွန်းနောင် မိန်းမဘဝကနေ ကိုယ့်ရင်ခွင်ဆီကို ကူးလာခဲ့ပါ
ကိုယ် စိတ်သန့်သန့်နဲ့ ဖြူ့ကို လက်ထပ်ပါ့မယ်"

"ဖြူ ကံကြမ္မာကို မယုံရဲဘူး"

"ဒီတစ်ခါတော့ တကယ်ယုံလိုက်ပါ ဖြူ၊ ကိုယ့်ရင်ထဲမှာ ဖြူ
တယ် ရှိနေတာပါ၊ ကိုယ် ဖြူ့ကို သိပ်ချစ်တယ်၊ ဖြူဟာ မြသားဖြူ

www.burmeseclassic.com

www.burmeseclassic.com



ပါလို့ ဖြူ့ကိုယ်တိုင် လက်ခံလာတဲ့နေ့တစ်နေ့ ဖြူ့ဆီကို ကိုယ် အရော သယ်ဆောင်လာခဲ့မယ်၊ အဲဒီအခါကျရင် ဖြူ ကိုယ့်ကို မငြင်းပါနဲ့ ... နောင်ရဲ့ ယုတ်မာရက်စက်တဲ့ဘဝထဲကနေ အလွတ်ရုန်းထွက်ခဲ့လိုက် ဖြူရယ်''

ဖြူ မျက်ဝန်းအစုံသည် မယုံရဲသော မဝံ့မရဲစိတ်တွေဖြင့် အ... ငယ်မှိန်ဖျော့၍နေ၏၊ နီထွေးစိုရဲနေသော နှုတ်ခမ်းသားလေးတွေမှာ ... စရာ အကြောင်းအရာတွေ ရှာမတွေ့ရလောက်အောင် ဖြူ့စိတ်အစဉ် အမှောင်ချခံထားရ၏။

''ရှေ့ဆက်ရမယ့် အနာဂတ်အတွက် သတ္တိတွေ မွေးစ... ဖြူရယ်၊ ဘယ်အရာကိုမှ ကြောက်ရွံ့မနေဘဲ ကိုယ်လှမ်းမယ့်လက် ရဲရဲသာ ဆုပ်ကိုင်လိုက်ပါ ဖြူရယ်၊ ဘဝမှာ မျှော်လင့်မထားတဲ့ အင်အ... အသစ်တွေက ဖြူ့အသွေးအသားတွေထဲကို အလိုလို စီးဝင်သွားမှာ ကိုယ့်စကားကို ယုံပါ ဖြူ''

မိုးညှ ဖြူ့လက်အစုံကို ဆွဲယူဆုပ်ကိုင်ပြီး ရင်ထဲမှ သစ္စာတရ... ကို ပွင့်လင်းစွာ ဖွင့်ဟလိုက်သည်။ ထို့နောက် စိတ်မထိန်းနိုင်စွာ ဖြ... ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။

ဖြူ မရုန်းဖယ်မိ။ အလိုက်သင့်လေး နှိုဝင်လိုက်၏။

■ ■ ■



## အခန်း (၁၉)

''ဟူး မင်းအဖြစ်ကြီးက ရင်မောစရာကောင်းလိုက်တာကွာ၊ မြင်သာမြင် မကြင်ရတဲ့ဘဝဆိုတဲ့ စကားထက်တောင် ဆိုးဝါးနေတယ်''

ကိုယဉ်ကျေးပင် မိုးညှအဖြစ်ကိုကြည့်ပြီး အကြံမပေးတတ် လောက်အောင်ကို စိတ်အိုက်နေရ၏။

''ကျွန်တော် အဲဒီလူကို ဖြောင်ဖွင့်ပြောပြီး ဖြူ့ကို ပြန်ခေါ်မယ် ဗျာ''

''ဟာ အဲ အဲလိုတော့ မလောနဲ့ဦး မိုးညှ၊ ပြဿနာတစ်ခု ဖြေရှင်းတာ ခေါင်းအေးအေးထားပြီး ကိုယ် အသာစီးရအောင် ဘယ်လို ကိုင်တွယ်ဖြေရှင်းရမယ်ဆိုတာကို အရင်ဆုံး အကွက်ချ၊ ခုချိန်မှာ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင့်လို့ကတော့ မင်းပဲရှိမှာ၊ ဘာဖြစ်လို့လဲဆိုတော့ ခုချိန်မှာ သူတို့
တရားဝင်ပေါင်းသင်းနေကြတာ''

''ဟာ ကိုယဉ်ကျေးကလည်း သူ တရားဝင်ပေါင်းတဲ့ဖြ
လူကောင်းမဟုတ်ဘူးလေ၊ ကိုမာရောဂါဖြစ်နေတဲ့ မိန်းကလေး နောက်
သတင်းစာမှာ လူပျောက် အကြိမ်ကြိမ် ကြော်ငြာထားလား''

''ဒါဆို ကိုယ့်ဘက်က အကြောင်းအရာ ခိုင်လုံအောင်
ထောက်အထား အပြည့်အစုံ ရှာထား၊ နောက်ပြီး မင်းဟာ သူနဲ့စေ့
ထားတဲ့သူဆိုတာ သူ အမှန်တကယ် ယုံကြည်သွားဖို့ မင်း ကြိုးစားရမယ်
ဒါမှ ဒီကိစ္စက ဖြေရှင်းလို့လွယ်မှာ''

BURMESE CLASSIC .com

''ကျွန်တော့်မှာ အဲကုန်ရှိတယ် ကိုယဉ်ကျေး သူ့အနေနဲ့လည်း
သူဟာ ကျွန်တော့်ချစ်သူ တကယ်ဖြစ်နေမယ်ဆိုရင် အဲဒီအခြေအနေ
သူ ကျေကျေနပ်နပ် လက်ခံပါတယ်တဲ့''

''မင်း သူနဲ့တွေ့ပြီးသွားပြီလား''

''အင်း''

''ဟ လျှင်လှချည်လား၊ ပြောစမ်းပါဦး၊ ဘယ်အချိန်မှာတွေ့
လိုက်တာလဲ''

''ညက''

''ဟေ''



ကိုယဉ်ကျေး မျက်လုံးပြူးသွားသည်။

''ဟာ ဘာလဲ ညကတွေ့တယ်ဆိုပေမယ့် ကျွန်တော် ရှိသားစွာ
သွားတွေ့တာပါဗျ ကိုယဉ်ကျေးကလည်း လူကို ဘယ်လိုကြည့်တာလဲ''

မိုးညှ မနေတတ်မထိုင်တတ် မျက်နှာဖြင့် မလုံမလဲ ထရှင်းပြ
နေ၏။ အမှန်ဆို ညက ဖြူနှင့် ဘာစည်းမှကျော်ခဲ့တာ မဟုတ်။ ဖြူ့ကို
က်တာနဲ့ သနပ်ခါးရနံ့သင်းနေသော ပါးလေးကို စိတ်မထိန်းနိုင်စွာဖြင့်
တစ်ချက်နမ်းရှိုက်လိုက်ရုံပင်။

ဖြူကလည်း ကျေနပ်ကြည်ဖြူစွာ လက်ခံသည်။ ယခင်က
စေ့စပ်ရုံစေ့စပ်ခဲ့သော သူတို့နှစ်ဦးကြားက စည်းလေးတစ်ခုသည် ခုတော့
ချစ်သူဆိုသည့် စည်းလေးတစ်ခုအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့၏။

''အေးပါ ငါကလည်း မင်းကို ယုံပါတယ်၊ ခုဟာက ငါ အံ့သြ
နေတာ မင်း သူ့အိမ်မှာသွားတွေ့တဲ့ကိစ္စကို''

''အင်းလေ တွေ့ပါတယ်ဆိုမှ ကျွန်တော်က ယောက်ျားလေး
လေ၊ ကျွန်တော်ပဲ သွားတွေ့ရမှာပေါ့၊ မိန်းကလေးက လာတွေ့ရလား''

''ဟုတ်ဘူး ဒါလည်းမဟုတ်ဘူး။ ကျုပ် အရေးထဲ ငါ့နှုတ်က
သည်း မသွက်ဘူးကွာ''

ကိုယဉ်ကျေး ပြောမည့်စကားကို မေ့နေသဖြင့် သူ့ပါးစပ်ကိုသူ
တော်ခနဲ ပြန်ရိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူ ထွန်း ထွန်းနောင်လေကွာ၊ ထွန်းနောင် မရှိဘူးလား သူက မီးခဲနော်"

"ကိုယဉ်ကျေးကလည်း ကျွန်တော်က နလပိန်းတုံးမှမဟုတ်တာ ဗျာ၊ ဒီလူရှိတဲ့အချိန် သွားမလားဗျ၊ ဒီလူသာသိရင် သူခိုးက လူပြန်ဖမ်း တာကို ခံရဦးမယ်"

"အေး အေးလေ ငါက ဒါကိုပြောချင်နေတာကွ၊ မင်းသွား တွေ့တာကိုလည်း ငါ နားလည်တယ်၊ ငါဆိုလိုတာက မင်း သတိ ဒီလူက လူမိုက် လက်ယဉ်တယ်၊ မင်းနဲ့ကောင်မလေး ဖြူ့ကို သူ့အိမ် မှာ ပက်ပင်းတွေ့လိုက်တော့ မင်းကောင်မလေးလည်း မလွယ်ဘူး၊ မင်း လည်း သူသေကိုယ်သေ ဖိုက်ရတော့မှာ"

"ဖိုက်ရလည်း ဖိုက်မယ်ဗျာ၊ ကိုယ့်ချစ်သူကို ခိုးကြောင်ခိုးဝှက် တွေ့နေရတာထက်စာရင် ခုလို စာရင်းရှင်းလိုက်တော့မှ ကျွန်တော့် ကောင်မလေး ကျွန်တော် ပြန်ခေါ်လို့ရမှာ၊ အမှန်ဆို ခုလို စိတ်ပုံမှန် မဟုတ်တဲ့ မိန်းကလေးကို သက်ဆိုင်တဲ့မိဘတွေဆီ ပြန်မပို့တဲ့ သူ ပေါင်း သင်းနေတာဟာ တရားဥပဒေနဲ့ မညီဘူးဗျ၊ ကျွန်တော့်ကိုလည်း သူ့ မယား ခိုးပါတယ်လို့ သူ စွပ်စွဲလို့ မရတော့ဘူး၊ သူသာ စိတ်ဝေဒနာရှင် ကို မသမာတဲ့စိတ်နဲ့ ခိုးယူထားတာ"

ပြောရင်းဖြင့် မိုးည ဒေါသသံပါလာ၏။





"ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဟောကောင်ရ၊ မင်း ခုချိန်မှာ အချစ်စိတ်တွေ မွှန်နေလို့ ဖြူ့ရဲ့အပြစ်အနာအဆာတွေကို မမြင်တာ၊ တကယ်တော့ ဖြူက အပျိုစင်တော့ မဟုတ်လောက်တော့ဘူးနော်၊ ဒီလူကြီးက ဖြူ့ကို ခုတုံးလုပ်ပြီး ငွေဖန်ထားတဲ့ ကတ္တာတွေရှိသေးတယ်၊ ဒါကို ငါတို့ရော တချို့တလေရော သိထားတယ်"

"ကျွန်တော် သဘောပေါက်တယ် ကိုယဉ်ကျေး၊ အဲဒီကိစ္စကို ကျွန်တော် တစ်စွန်းတစ်စ သိထားတယ်၊ ဒီလူကြီး တော်တော်လေး ယုတ်မာတယ်၊ ဖြူ့ကို သူ ခိုင်းစားတယ်"

"ဟင် မင်း ဒါကိုလည်း ခွင့်လွှတ်နိုင်တယ်ပေါ့ ဟုတ်လား မိုးည"

မိုးည နာကျင်ခံပြင်းစိတ်တွေနှင့်အတူ ခပ်လေးလေးဖြင့် ခေါင်း ညိတ်ပြလိုက်သည်။

"တကယ့် အချစ်စစ်မှာ အပျိုစစ်တာ မစစ်တာနဲ့ မသက်ဆိုင် ဘူးထင်တယ် ကိုယဉ်ကျေးရာ"

"ဘယ်ယောက်ျားမဆို ကိုယ်လက်ထပ်မယ့် မိန်းကလေးကို အပြစ်အနာအဆာ လုံးဝမရှိတဲ့ ပြစ်မျိုးမဲ့မထင်ပဲ ဘဝကို အနာအဆာ ကင်းကင်းနဲ့ အတူလက်တွဲပြီး တည်ထောင်ချင်တာပေါ့ဗျာ"

"ခုဟာက ဖြူ့ဘဝလေး မဖြူစင်တော့ဘူး၊ ဒါပေမဲ့အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



မဖြူစင်ရတာ သူ့သဘောဆန္ဒမှ မဟုတ်တာ ထွန်းနောင်၊ ဖြူ့အပေါ်မှာ ဘယ်လောက် လွှမ်းမိုးချုပ်ကိုင်ထားတယ်ဆိုတာ ကျွန်တော်သိသလို ဖြူဟာလည်း ထွန်းနောင်ကိုပဲ မလွန်ဆန်ရဲလောက်အောင် အသည်းခိုက်အောင် ကြောက်ရတယ်ဆိုတာ ကျွန်တော် သိထားတယ်၊ ဒါဟာ ဖြူ့ရဲ့ကံကြမ္မာပဲ၊ ကျွန်တော့်အနေနဲ့ ယိုးမယ်ဖွဲ့ အပြစ်ရှာပြီး ဥပေက္ခာပြုကျောမခိုင်းရက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဖြူ့ကို အရမ်းချစ်သွားလို့ပဲ''

''မင်းဘက်က ဖြူ့မိဘတွေဘက်ကို အကြောင်းကြားထားတော့မလား''

''ဒီတစ်လအတွင်းမှာ ဖြူ ကျွန်တော့်ကို ယုံကြည်လာအောင် ကျွန်တော် ကြိုးစားလိုက်ဦးမယ်၊ ဖြူနဲ့ကျွန်တော် နားလည်မှုရသွားရင်တော့ စစ်ကူအနေနဲ့ သူ့မိဘတွေကို လှမ်းခေါ်မယ်ဗျာ''

''ငါ မင်းကို တစ်ခုပြောစရာရှိတယ်၊ ဒီစကားဟာ မင်းအတွက် အရမ်းတန်ဖိုးရှိတဲ့ စကားဖြစ်လိမ့်မယ်''

''ဘာလဲ''

''ထွန်းနောင်ရဲ့ဟာကွက်ပဲ၊ အဲဒါဟာ ဘာလဲဆိုတော့ ထွန်းနောင်ဟာ မကောင်းတာအကုန်လုပ်တယ်ဆိုတဲ့အထဲမှာ ဖြစ်ချက်အကြီးမားဆုံးဟာက ဆေးခြောက်နဲ့အခြားမူး...စ်ဆေးဝါး ရောင်းတာပဲ၊ အဲဒါကို





မင်း အတွင်းကျကျ သိနိုင်ရင် ထွန်းနိုင် သူ့ဇာတ်သူ သိမ်းသွားအောင် မင်းလုပ်လိုက်လို့ရ...တယ်''

''အင်း...လ ကျွန်တော် အတတ်နိုင်ဆုံး အတွင်းကျကျသိအောင် ကြိုးစားလိုက်မယ်၊ ဘာမှမပူပါနဲ့၊ လူယုတ်မာတွေကို လောကကြီးက အပြီးတိုင် ...ဘာမကောင်းနိုင်ပါဘူး''

ဖြူ့ကိုသာ ထိုဝဋ်ဒုက္ခကြီးထဲက လွတ်မြောက်အောင် လုပ်ပေးလို့ရမည်ဆိုလျှင် မိုးညှ ကိုယ့်အသက်ကိုတောင် စတေးရဲ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မိဖြူ"

"ရှင် အစ်ကိုကြီး"

ဖြူ လုပ်လက်စအလုပ်ကိုရပ်ပြီး အိမ်ရှေ့ခန်းတွင် ထိုင်နေသော ထွန်းနောင်ထံသို့ ခပ်သွက်သွက် ထွက်လာလိုက်၏။

"နင် ငါ ခရီးထွက်နေတဲ့ရက်တွေမှာ ဖလမ်းဖလမ်းထနေတယ် ပေါ့ ဟုတ်လား။ နင့်ကို ငါ မမှာခဲ့ဘူးလား။ ငါ မရှိတဲ့အခိုက်မှာ ဒီနံထဲ က အိမ်ပြင်မထွက်ပါနဲ့လို့"

ပြဿနာရှာတော့မည့်အရိပ်အခြေနှင့် စတင်အပြစ်တင်နေ သော ထွန်းနောင်စကားကြောင့် ဖြူ ထိတ်လန့်တုန်လှုပ်သွား၏။ အပြ

ဗျူး၁၇၆၆



ချုပ်မိသူတစ်ယောက်လို ရင်ထဲမှာ ကြောက်စိတ်တွေ ကြီးစိုးလို့နေ၏။

"ဖြူ ဖြူ ဈေးလေးတစ်ရက် သွားမိရုံကလွဲပြီး ဘယ်ကိုမှ ထွက်ပါဘူး အစ်ကိုကြီးရယ်"

"ဘာ ဈေးသွားတယ် ဟုတ်လား။ ဈေးသွားတာလည်း အပြင် ထွက်တာပဲ မဟုတ်လား"

ထွန်းနောင် မျက်ထောင့်နီကြီးဖြင့် အော်ကျယ်အော်ကျယ် မေး ဆိုက်သဖြင့် ဖြူ့ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

အစ်ကိုနှင့်ဈေးရှေ့မှာရပ်စကားပြောမိသည့်ကိစ္စ ဘယ်လိုများ သိသွားတာလဲဟူသော အတွေးနှင့်အတူ ဖြူ့ကိုယ်လေး တဆတ်ဆတ် တုန်လာသည်။

"အဲ အဲဒါက အိမ်မှာ ဆန်တွေ၊ ဆီတွေကုန်လို့ သွားဝယ်တာ ပါ အစ်ကိုကြီး"

"နင် ဈေးရှေ့မှာ ဘယ်သူနဲ့စကားပြောလဲ"

"လူ လူတစ်ယောက် လမ်းသွားရင်း မျက်စိလည်နေလို့ စမ်း ချောင်းကို ဘာကားစီးရင် ရောက်သလဲလို့ မေးလို့ ဖြူ ဖြူ ပြန်ဖြေရုံ လေးပါ"

"ဩော် နင်က ငါ့ကိုလိမ်တယ်ပေါ့ ဟုတ်လား ကောင်မ၊ နင် ဘယ်အကောင်နဲ့ စကားပြောလဲဆိုတာ ငါ သိပြီးပြီနော်၊ နင့်ပါးကို

ဗျူး၁၇၆၆

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းပြော''

ထွန်းနောင် စူးတောက်တောက် အကြည့်ရဲရဲဖြင့် သူ့ကိုယ်ကို ရှေ့သို့ကိုင်းလာကာ ဖြူ၏ရင်ဘတ်မှ အင်္ကျီစကို ဆောင့်ဆွဲလိုက်သည်။

ဖြူ့ကိုယ်လေး ထွန်းနောင် ဆွဲဆောင့်ရာသို့ အရုပ်ကလေးတစ်ရုပ်လို ယိမ်းထိုး၍ ပါလာပြီး ကြောက်လွန်း၍ နီရဲရုတ္တေးနေသော နုတ်ခမ်းသားတွေ တဆတ်ဆတ် တုန်ယင်လာကာ မျက်ဝန်းမှ မျက်ရည်တွေ ရစ်ဝဲတက်လာသည်။

သိပ်မကြာတော့မည့်အချိန်ဟာ ဖြူ့အတွက် အရှင်လတ်လတ် ငရဲကျရတော့မည့်အချိန်ဟု ဖြူ ကြို၍ သိလိုက်၏။

"နင် ဘယ်သူနဲ့ စကားပြောလဲဆိုတာကို နင်ကိုယ်တိုင် ဝန်ခံမလား။ နင့်ကိုမချိမဆန့် လုပ်ပြီးမှ ငါ ပြောပြရမလား ပြော၊ နင် ဘယ်လမ်းရွေးမလဲ''

''ဟင့်အင်း ဖြူ ဘယ်သူနဲ့မှ မပြောဘူး''

''ဖြန်း''

''အား''

''ပြော နင်နဲ့စကားပြောတဲ့အကောင်က ဘယ်ကအကောင်လဲ''

''ဟင့်အင်း စောစောက ဖြူပြောတဲ့အတိုင်းပဲ၊ လမ်းသွားလမ်းလာ လူတစ်ယောက်ကမေးလို့ ဖြေလိုက်တာ''



''ဖြန်း''

''ငါ့ဒေါသတွေကို နင်ခွနေတာပဲ၊ ဟုတ်လား မိဖြူ ငါ့ဒေါသကို နင် သိတယ်နော်၊ နင် ငါ့ကို ဘယ်နှစ်ခါ လိမ်မှာလဲ''

''ဖြူ မလိမ်ဘူး အစ်ကိုကြီး၊ မယုံရင် ဖြူ့ကိုတစ်ခါတည်းသာ သတ်လိုက်''

ဖြူ့မျက်ဝန်းမှာ မျက်ရည်စတွေနှင့် နာကျင်ခြင်းတွေ ရောထွေးသော စိမ်းတောက်၍နေ၏။

ထွန်းနောင် ဖြူ၏ဖွျတ်ဆတ်ဆတ် အသံနှင့် အနည်းငယ် ဖြစ်နေသော မျက်နှာအမူအရာကိုကြည့်ပြီး မခိုးမခန့်ဖြင့် ဟွန့်ခနဲ တစ်ချက် မဲ့ရယ်ရယ်လိုက်ပြီး ခါးမှာပတ်ထားသော ခါးပတ်ကို ဖြုတ်လိုက်သည်။

ဖြူ့ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ ကြောက်စိတ်တွေက အားထင်ကြောတွေထဲထိ တိုးတက်လာကာ သွေးခုန်နှုန်းတွေ တဒိန်းဒိန်း ဖြင့် မြည်၍နေ၏။

''ဟင့်အင်း ဖြူ မလိမ်ဘူး အစ်ကိုကြီး၊ ဖြူ ဘယ်သူနဲ့မှ စကားမပြောပါဘူး၊ ဖြူ ပြောတာကို ယုံပါ''

သွေးရူးသွေးတန်းနိုင်သော ငြိုးဆန်မှုတွေနှင့်အတူ ဖြူ မျက်လုံးတွေက နောက်သို့ ကြောက်အားလန့်အားဖြင့် ဆုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



''ကောင်မ ထွန်းနောင်ကို ဒီလိုပတ်လို့မရဘူး၊ ဒီနေရာ
ပတ်ဝန်းကျင်မှာ ထွန်းနောင် လူတွေရှိနေတယ်ဆိုတာ နင်က သတိ
မမူတာ''

''ပြော ဘယ်အကောင်လဲ''

''ဟင့်အင်း ဘယ်အကောင်မှ မဟုတ်ဘူး''

''ကဲ ငါ့ကိုညာဦး''

လက်ထဲမှ ခါးပတ်ဖြင့် တအားကုန်လွှဲ၍ ရိုက်တော့၏။

''အား''

ဖြူ နာကျင်လွန်း၍ အသံထွက်အောင်ပင် အော်လိုက်မိ
ဖြူ့နာကျင်မှုတွေကြောင့် ဖြူ့အသက် နေရာမှာတင် ဘုန်းခနဲ ထွ
ထွက်သွားပါစေ အစ်ကိုနှင့်စကားပြောသည်ဆိုတာကိုတော့ ဖြူ ဘယ
တော့မှ ဝန်ခံမည်မဟုတ်။

ဖြူ့ဘဝ တစ်စိတ်တစ်ဒေသကို သယ်ဆောင်လာပေးသော
အစ်ကို့ကို ဖြူ့ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေရ။ ဖြစ်လာသ
ပြဿနာအားလုံး ဖြူ တစ်ယောက်တည်း ရင်စည်းခံမည်။

''ရှမ်း''

''အား''

အဆက်မပြတ် လွှဲရိုက်နေသော ခါးပတ်၏နာကျင်မှုကြော









ဖြူ အောက်နှုတ်ခမ်းလေးကို သွေးထွက်လုမတတ် ဖိကိုက်လိုက်သည်။

ဖြူ အစ်ကို့ကို ချစ်မိသွားပြီ အစ်ကိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

"ဘာ ညက ဖြူ အရိုက်ခံရတယ် ဟုတ်လား"

မိုးည၏ခေါ်သံတွေ မီးခြစ်ကျောက်တစ်ခုလို ပွင့်ထွက်ကျ[illegible] အသံကဟိန်းသွား၏။

နောက်ဖေး အုတ်ကန်နားမှာမို့ ဖြူ မိုးညပါးစပ်ကို ကမန်း[illegible] တမ်း လှမ်းပိတ်လိုက်ပြီး

"ဖြည်း ဖြည်းဖြည်းပြောပါ အစ်ကိုရယ်၊ တော်ကြာ ဘေး[illegible] တွေကြားကုန်ပါ့မယ်၊ ဖြူ တောင်းပန်ပါတယ်"

"ဖြူ့ကို ဒီကောင်က ဘာလို့ရိုက်တာလဲ၊ ဘယ်နေရာတွေ[illegible] ဘာနဲ့ရိုက်သလဲ"

ဗျူးစာပေ



မိုးညကလည်း နှိုက်နှိုက်ချွတ်ချွတ်ကို မေးသည်။

"ကျော ကျောနဲ့ လက် လက်မောင်းသားတွေကို ခါးပတ်နဲ့ [illegible]တာပါ"

"ဟာကွာ တောက်"

"စိတ် စိတ်ကိုလျှော့ပါ အစ်ကိုရယ်၊ ဖြူ့ကို သနားရင် အစ်ကို [illegible]တော့ သည်းခံပေးပါ၊ ဖြူ တောင်းပန်ပါတယ်"

ငိုတော့မလို မျက်နှာလေးဖြင့် တောင်းပန်တိုးလျှိုးနေသော [illegible]မျက်နှာလေးကိုကြည့်ပြီး မိုးည အတော်လေးကို စိတ်မကောင်း ဖြစ် [illegible]သွား၏။

"ရော့ အစ်ကိုစားဖို့ ကြာဇံကြော် မနက်က ဖြူအစောကြီး [illegible]ကြော်ထားတာ"

"ဟင့်အင်း ကိုယ် မစားချင်ဘူး မြသားဖြူ၊ ဒီလူ့ငွေနဲ့ ကြော် [illegible]ထားတဲ့ ကြာဇံကြော်ကို ခိုးကြောင်ခိုးဝှက် စားရလောက်အောင် ကိုယ့် [illegible]တ်တွေ အောက်တန်းမကျသေးဘူး"

မာနဖြင့် ပြောလိုက်သော မိုးညစကားကြောင့် ဖြူ့မျက်နှာလေး [illegible]ညိုးဖျော့သွားသည်။

"အင်းလေ အစ်ကိုပြောတာလည်း မှန်ပါတယ်၊ အစ်ကိုက [illegible]ကောင်းတစ်ယောက်ပဲ၊ သူ့လို မသန့်ရှင်းတဲ့လူတစ်ယောက်ရဲ့ [illegible]ယ်နဲ့

ဗျူးစာပေ

www.burmeseclassic.com

ရှင်းတဲ့အစာကို အစ်ကို မစားသင့်ပါဘူး''

ဖြူ ခေါင်းလေးငုံ့ကာ ခပ်တိုးတိုးလေး ပြောရှာ၏။

မိုးညှ စိတ်မကောင်းဖြစ်မိပေမယ့် မတတ်နိုင်ပါ။

''ဖြူ အထဲဝင်တော့မယ်နော် အစ်ကို''

''ဟိုလူရော''

''သူ ဒီနေ့မနက်အစောကြီးကတည်းက ထွက်သွားတယ်၊ ဒါ

ကြောင့် အစ်ကို့ကို ထွက်စကားပြောရဲတာပေါ့''

''အရိုက်ခံထားရတဲ့ ဒဏ်ရာတွေကိုရော ဆေးလိမ်းထား

လား''

''ဟင့်အင်း နေပါစေ အစ်ကို၊ ဒီနာကျင်မှုမျိုးက ဖြူ့အတွက်

ရိုးနေပါပြီ အစ်ကိုရယ်၊ ကဲ ဖြူ ဝင်တော့မယ်''

ကြာဇံကြော် ထည့်ထားသော စတီးအုပ်ကလေးကို အိမ်ထဲ

ပြန်ယူသွားသော ဖြူ့ကိုကြည့်ပြီး မိုးညှ ရင်ထဲမှာ နာကျင်မိပြန်၏။

ထိုနာကျင်မှုတွေ ဘယ်တော့များမှ အဆုံးသတ်တော့မှာလဲ

မိုးညှ အိမ်ပေါ်တက်ခဲ့သည့်တိုင်အောင် သနားစရာကောင်းလွန်းသော

ဖြူ့မျက်နှာလေးကို ဘယ်လိုမှ မေ့ဖျောက်ပစ်၍ မရခဲ့။

အိမ်ပေါ်ရောက်ပြန်တော့လည်း မိုးညှ စိတ်တွေ ဂနာမငြိမ်၊

ဖြူ့ကိုသနားသည့်စိတ်တွေသာ တဖွားဖွား ဖြစ်ပေါ်နေ၏။





ထို့ကြောင့် ဖြစ်ချင်ရာဖြစ် ထင်ရာစိုင်းသည့်သဘောဆောင်ကာ

ဒဏ်ကြေလိမ်းဆေးဘူးယူပြီး နောက်ဖေးလှေကားမှ ခပ်သွက်သွက် ပြန်

ဆင်းခဲ့၏။

ဖြူ့ နောက်ဖေးတံခါးနားရောက်တော့ မိုးညှ ခြေလှမ်းတွေ

တုံ့ကာ ခဏတော့ ခပ်တွေတွေရပ်၍နေသေး၏။ ထို့နောက် မထူးဘူးဟု

တွေးကာ

နောက်ဖေးတံခါးကို တွန်းဖွင့်ပြီး ဖြူ ရှိရာအခန်းထဲသို့ ဖွတ်

ခင်ခဲ့လိုက်သည်။

''ဖြူ''

''ဟင်''

မိုးညှ၏ခပ်တိုးတိုး ခေါ်သံကြောင့် ခုတင်ပေါ်မှာ လှဲအိပ်နေသော

ဖြူ အလန့်တကြားဖြင့် ထထိုင်လိုက်၏။

''အစ်ကို ဘာ ဘာလို့ဝင်လာတာလဲ''

''ဖြူ့ကို ဆေးလိမ်းပေးမလို့လေ''

မိုးညှ စကားကြောင့် ဖြူ စိတ်လှုပ်ရှားကြောက်ရွံ့စွာဖြင့် ခုတင်

ပေါ်မှဆင်းကာ ထရပ်လိုက်သည်။

''ဖြူ ဖြူ ဘာမှမဖြစ်ပါဘူး၊ ရပါတယ် အစ်ကို''

''ဘာလို့ မဖြစ်ရမှာလဲ၊ လာ ထိုင် အစ်ကို ဖြူ ဒဏ်ရာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိမ်းပေးမယ်"

ဖြူ့မျက်နှာလေး အပျိုဖျန်းတစ်ယောက်လို ရှိန်းခနဲ ပူ
ရဲတွတ်သွား၏။

"ဟင့်အင်း အဲ အဲဒီလို မသင့်တော်ပါဘူး အစ်ကို၊ ဖြူ ရှ
တယ်"

"ဟင့်အင်း ဖြူဟာ မြသားဖြူ တကယ် ဟုတ် မဟု
သေချာ မသိသေးဘဲနဲ့ အစ်ကိုနဲ့ဖြူ ဒီလောက် မရင်းနှီးသင့်ဘူးထင်တယ်

တညီတည်းငြိမ်ငြိမ် ပြောနေသော ဖြူ့ကို မိုးညှ ဘာမျှပြန်မပြေ
သေးဘဲ အသေအချာ စိုက်ကြည့်လိုက်၏။

ပြီးမှ ဖြူ့မျက်နှာနားကို မိုးညှ မျက်နှာတိုးကပ်လိုက်ပြီး

"ဖြူဟာ မြသားဖြူပါလို့ ပြောဖို့ ကိုယ့်မှာသက်သေပြစ
တစ်ခုရှိတယ်"

"ဘယ်လို သက်သေလဲ အစ်ကို"

"ကိုယ်ပြောပြရင် ဖြူ မှတ်မိသွားမလား မသိဘူး၊ အဲဒီ
ပြောလိုက်လို့ ဖြူ မှတ်မိသွားရင် ကိုယ် အရမ်းဝမ်းသာမိမှာပါ၊ ဖြူရဲ
ဘာဖြစ်လို့လဲဆိုတော့ အဲဒီသက်သေက ဖြူ့ကိုယ်ပေါ်မှာပဲ ရှိနေတယ်

"ရှင် ဖြူ့ကိုယ်ပေါ်မှာ ဟုတ်လား"

"ဟုတ်တယ် ဖြူ၊ ဘာဖြစ်လို့ ဖြူ့ကိုယ်ပေါ်မှာ သက်သေရှိတ



ဒို့ ပြောရလဲဆိုရင် ကိုယ်နဲ့ဖြူ စေ့စပ်ပြီး ဖြူ ကိုယ်တို့အိမ်ကို လာလည်
တဲ့နေ့မှာ ဖြူ ကိုယ့်အခန်းထဲက ရေချိုးခန်းကို သုံးနေတဲ့အချိန်မှာပေါ့"

ဖြူ မျက်ဝန်းလေးတွေ အရည်ကြည်လဲ့နေကာ မိုးညှ နှုတ်မှ
ထွက်လာမည့် အကြောင်းအရာအချို့ကို ရင်ခုန်လှိုက်မောစိတ်ဖြင့် နား
ထောင်နေမိ၏။

"ကိုယ် အခန်းထဲဝင်လာပြီး ရေချိုးခန်းထဲဝင်ဖို့ တံခါးကို
ဖွင့် အဲဒီမှာ မင်းရေချိုးနေတာနဲ့ အမှတ်မထင် ကြုံသွားတယ်၊ မင်း
ရေချိုးနေတဲ့မြင်ကွင်း ကိုယ့်မျက်စိထဲ ဝင်လာတဲ့အချိန် ဖြုန်းခနဲ ကိုယ်
မှတ်မိလိုက်တာက မင်းရဲ့တင်ပါးက အမှတ်တစ်ခုကိုပဲ"

"ရှင်"

"ဟုတ်တယ် ဖြူ၊ ဒီတော့ ဖြူဟာ ကိုယ့်ဇနီးလောင်း မြသားဖြူ
တကယ် ဟုတ်မဟုတ် ဖြူ့တင်ပါးမှာ အမှတ်ပါ မပါဆိုတာကို ဖြူကိုယ်
တိုင်ကြည့်ပြီး ဆုံးဖြတ်ပါ"

ဖြူ၏ရှက်ရွံ့နေသော မျက်နှာမှာ မျှော်လင့်ချက်တွေဖြင့် အရောင်
မြန်ရှင်လာကာ

"ဘုရားရေ မိုးညှ ပြောသလို ဖြူ ဖြူ့တင်ပါးမှာ အမှတ်ရှိနေ
တယ်၊ ဒါ ဒါဆို ဖြူ ဖြူဟာ မိုးညှရဲ့ ဇနီးလောင်း မြသားဖြူပေါ့ ဟုတ်
လား"

www.burmeseclassic.com

www.burmeseclassic.com



ဖြူ မျက်ရည်တွေဖြိုင်ဖြိုးကာ မိုးညှ ရင်ခွင်ထဲ တိုး
ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေ၏။

မိုးညှ တသိမ့်သိမ့် ရှိုက်ငိုနေသော ဖြူ့ကိုယ်လုံးလေးကို
ကြပ်စွာ ဖက်တွယ်ထားပြီး သူပါ ဖြူနှင့်အတူ ဝမ်းနည်းလွန်း၍ မျက်
ကျခဲ့ရသည်။

ဖြူ အတိတ်ကို ပြန်မမှတ်မိသေးပေမယ့် သူ့ကိုယ်သူ မြသာ
ဆိုတာကိုတော့ ယုံကြည်သွားသည်။

■ ■ ■



## အခန်း (၂၂)

ဖြူ့စိတ်တွေ မွန်းကြပ်ပိတ်လှောင်၍နေသည်။ အိမ်ရှေ့တွင် ကိုထွန်းနောင်နှင့်ကိုထွန်းနောင်သူငယ်ချင်း ဘာတွေ တွတ်တွတ် တွတ်တွတ် တိုင်ပင်နေသလဲ မသိ။ သူတို့ပုံစံက အရေးတကြီးပုံပေါက်နေ၏။

သူတို့ ခုလို တိုင်ပင်တာဟာ အလုပ်ကွင်တစ်ခုကိုလုပ်ဖို့ အကွက် ချစီစဉ်နေသည်ဆိုတာ ဖြူ ကောင်းကောင်းသိသည်။

ထိုသို့ အရေးတကြီးကိစ္စ ပေါ်လာတိုင်း ဖြူ့ကိုလည်း သူတို့ အလုပ်ကိစ္စထဲမှာ အသုံးချတတ်သည်။ ဖြူ စိတ်အညစ်ဆုံးက သူတို့ကိစ္စ တွေမှာ ဖြူ ပါဝင်ပတ်သက်ပေးနေရတာကိုပင်။ ခုလည်း ဖြူ့ကို ဘာ ပစ္စည်းပို့ခိုင်းဦးမည် မသိ။ သူတို့စကားသံတွေထဲမှာ ဖြူ့နာမည်လည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့စိတ်တွေ့ ချောက်ချားလွန်းစွာဖြင့် အခန်းထဲမှာ ဆော တည်ရာမရ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

မသမာတဲ့အလုပ်တွေကို ဖြူဝင်ပြီး မကူညီချင်သလို အရေ အကြောင်းဆိုလျှင် ဖြူ ဘာမှမရှင်းတတ်။ သူတို့က ဖြူ့ကို ဒီအိမ် ရပ်ကွက်ကို ဒီပစ္စည်းသွားပို့ဆိုပြီးသော ပို့နိုင်းတာ။ တကယ်ကာမ်၊ သက်ဆိုင် ရာကသာ ဒီသတင်းပေါက်ကြားပြီး လမ်းကနေ စောင့်ဖမ်းမည်ဆိုရင်သာ ဖြူက အလကားနေရင်းထိုင်ရင်းက တရားခံက ဖြစ်ဦးမည်။

ရုတ်တရက် ဖြူ့ပခုံးပေါ်သို့ အရာဝတ္ထုတစ်ခု ခေါက်ခနဲ ကျလာ သဖြင့် ဖြူ ကြမ်းပြင်ကို ငုံ့ကြည့်လိုက်သည်။ အလိပ်သေးသေးလေး ကျစ်ထားသော စက္ကူခေါက်ကလေး တစ်ခု။

ဖြူ ကောက်ယူပြီး ဖြန့်ကြည့်လိုက်သည်။ လှပသေသပ်သော လက်ရေးခပ်သော့သော့တွေဖြင့် ဖြူ ဆိုသော နာမည်က ထိပ်ဆုံးက

ဖြူ အငမ်းမရ ဖတ်လိုက်သည်။

"ဖြူ ဘာတွေဖြစ်နေတာလဲ၊ ကိုယ် ကြည့်နေတာ ကြာပြီ ဖြူ့ဆီမှာ ဘာပြဿနာတွေ ဖြစ်နေတာလဲ၊ ဟိုလူ ဖြူ့ကို ဘာတွေ စိတ်ဒုက္ခပေးနေလဲ ကိုယ့်ကိုပြောပြ၊ ကိုယ် ကူညီနိုင်တဲ့ကိစ္စဆို ကူညီ မယ်၊ ဖြူ့ကို မထိခိုက်စေရဘူး၊ အကျိုးအကြောင်းကို စာပြန်ရေးပါ။ ပြီးရင် ကိုယ် ပြန်ချလိုက်တဲ့ ကြိုးမှာ ချည်လိုက်၊ ကိုယ် ဆွဲတင်လိုက်မယ်"





ဖြူ စာကိုဖတ်ပြီးပြီးချင်း အပေါ်ထပ်ကြမ်းခင်းကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ မျက်နှာလေးမှာ အားတက်သော အပြုံးလေးတွေ ဖြင့် လက်တောက်နေသည်။

ချစ်သူအပေါ်က ကြည့်နေတာကို ဖြူ နည်းနည်းလေးမှ မရိပ်မိ ခဲ့။ ရင်ခုန်ခြင်း ရှက်ခြင်းတွေက ဖြူ့ရင်တစ်ခုလုံးကို ပြောင်းဆန်အောင် စိတ်လှုပ်ရှားသွားစေသည်။

ဖြူ အပေါ်ကိုမော့ကြည့်ပြီး မိုးညှ ကြည့်နေသော အပေါက်ငယ် လေးကိုကြည့်ပြီး အပြုံးနုနုလေး ပြန်ပြုံးပြလိုက်သည်။

ထို့နောက် အိပ်ခန်းတံခါးကို အရင်ဆုံး ဂျက်ထိုးလိုက်ပြီး စာ ရွက်နှင့်ဘောပင်ကို ကပျာကသီယူကာ စာကြောင်းလေးတွေ အဖြစ် အကြောင်းအရာတွေကို ရေးချလိုက်သည်။

"အစ်ကို သူတို့ တရားမဝင်ပစ္စည်းတစ်ခုကို ကယ်ရီလုပ်ဖို့ အတွက် ဖြူ့ကို အသုံးချလိမ့်မယ်၊ ဒါကြောင့် အိမ်ရှေ့မှာ တိုင်ပင်နေ ကြတာ ဖြူ သူတို့ခိုင်းတာကို လုံးဝမလုပ်ချင်ဘူး။ ငြင်းရင်လည်း ဖြူ့ အသားနာရုံပဲရှိမယ်၊ အဲဒါကိုတွေးပြီး ဖြူ စိတ်တွေအရမ်းညစ်နေတာ၊ ဖြူ ကိုကို အရမ်းချစ်တယ်၊ ပြီးတော့ အတိတ်ကိုလည်း ပြန်သတိရချင် တယ်"

ဖြူ ထိုသို့ရေးပြီးသည်နှင့် စက္ကူကလေးကို အလိပ်လေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကာ မိုးညှ ချပေးလိုက်သော ကြိုးထိပ်မှာ အခိုက်အမာ ချည်ပေး
လိုက်သည်။

ထိုကြည်နူးခန်းလေးကို ဘယ်လောက်မှ ဆွဲဆန့်မရလိုက်။ အခန်းတံခါးခေါက်သံကြောင့် ပြုံးနေသော ဖြူ့မျက်နှာလေး ရုတ်ချည်း ပျက်ယွင်းသွားရ၏။

ဖြူ ထိတ်လန့်သွား၏။ တံခါးဖွင့်ပေးလိုက်လျှင် အပေါ်တို့ တရွေ့ရွေ့ တက်နေသော စာခေါက်ကလေးကို ကိုထွန်းနောင် မြင်သွားမှာ ကြောက်၏။

တံခါးခေါက်သံက အဆက်မပြတ် ထွက်ပေါ်နေဆဲ။

ဖြူ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် သွေးပျက်နေ၏။

"ဟော့ အထဲမှာ ဘာဖြစ်နေလဲ၊ တံခါးဖွင့်လေ"

ကိုထွန်းနောင် ဒေါသသံဖြင့် လှမ်းအော်တော့မှ ဖြူ တုန်ယင်သော လက်အစုံနှင့် တံခါးကို ဖွင့်ပေးလိုက်၏။

"မင်း ဘာလုပ်နေတာလဲ၊ ငါ တံခါးခေါက်နေတာ မကြားဘူးလား"

"ဟို ဖြူ ဖြူ အိပ်ပျော်သွားလို့ပါ အစ်ကိုကြီး"

"ဘာ နင်က စည်းစိမ်ယစ်နေတယ်ပေါ့ ဟုတ်လား၊ နင့်မှာ အချိန်တွေ အဲလောက်ပိုနေလား ဟင်"





"မ မဟုတ်ပါဘူး၊ ဖြူ ခေါင်းနည်းနည်းမူးလို့ပါ၊ အစ်ကိုကြီး"

"သောက်ပိုလုပ်မနေနဲ့၊ နင်တို့ မိန်းမတွေဟာလေ တကယ်ကို မူလကျိုသူလယ်ကျိုလုပ်တယ်"

ဘယ်နေရာမှ အပြစ်မလွတ်သော အခြေအနေမို့ ဖြူ ထပ်ပြီး ဆင်ခြေမပေးတော့။ ဆင်ခြေပေးလည်း လက်ဖြင့်ကိုယ်ထိလက်ရောက် အနိုက်ခံရပြီး အသားနာရုံကလွဲ၍ ဘာမှပိုထူးလာမည်မဟုတ်။ ထို့ကြောင့် ကားလမ်းကြောင်းလွှဲသည့်အနေဖြင့်

"ဟို အစ်ကိုကြီး၊ ဖြူ့ကို ဘာခိုင်းမလို့လဲဟင်"

"ခိုင်းစရာရှိတယ်၊ ငါ့မိတ်ဆွေအိမ်ကို ပစ္စည်းတစ်ခု သွားပို့ပေးရမယ်"

"ရှင် ဘယ် ဘယ်ကိုသွားပို့ရမှာလဲ"

"လသာမြို့နယ်၊ ဆယ့်ရှစ်လမ်းကို ပို့ပေးရမှာ၊ ငါ လိပ်စာ အပြည့်အစုံ ရေးပေးလိုက်မယ်"

"ဖြူ ခေါင်းတွေအရမ်းမူးနေလို့ တခြားလူကို ပို့ခိုင်းလို့ မရဘူးလား အစ်ကိုကြီးရယ်"

"သောက်ကောင်မ နင် ခေါင်းမူးတာက သေမသွားနိုင်ဘူး၊ ဒီ ခိုင်းတာက သေရေးရှင်ရေးထက် ပိုအရေးကြီးတယ်၊ ငါ့ကို ဘာမှ အထွန့်မတက်နဲ့၊ ငါက သွားဆိုရင် သွားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့ ဖြူ သွားပေးပါ့မယ်၊ ဟိုလေ လူလန်းသွားအောင် ရေတော့ ချိုးချင်တယ်၊ ရတယ်မဟုတ်လား"

"ရတယ် မြန်မြန်ချိုး"

"ဟုတ်ကဲ့"

ကိုထွန်းနောင် ထွက်သွားတော့ ဖြူ အခန်းတံခါး ပြန်ပိတ်လိုက်သည်။

■ ■ ■



## အခန်း (၂၃)

ဖြူ ရေချိုးရန် အကျႌချွတ်ဖို့ အခက်တွေ့နေမှာစိုး၍ မိုးညအကြည့်တွေကို အပေါက်မှခွာလိုက်ပြီး ကိုထွန်းနောင်တို့ မသမာမှုလုပ်ရပ်တွေထဲ ဖြူ့ကို ကန့်လန့်ကန့်လန့်မပါအောင် မိုးည အကြံထုတ်ရလေ၏။

အောက်ထပ်မှာ ထိုလူစိမ်း ညှိသည့်ကလည်း မပြန်သေး။ ဒီအချိန်မှာ မိုးည လမ်းကြောင်းလွှဲသွားအောင် ဂွင်တစ်ခုခု ဆင်နိုင်မှ ဖြူ လွတ်မှာ။

မိုးည အကြံအိုက်နေ၏။ အကြံကောင်းထွက်ရန် ခေါင်းကို ဆပတ်ပတ်ဖြင့် ရိုက်ကာ လူက ယောက်ယက်ခတ်နေ၏။

ထိုအခိုက် အကြံတစ်ခုက ခေါင်းထဲကို လှစ်ခနဲ ဝင်လာ၏။

ထို့နောက် ဖုန်းကိုယူကာ အိမ်ရှေ့ဝရန်တာသို့ ထွက်ခဲ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမှ တီးလုံးသံထွက်ရန် အရင်ဆုံး Alarm တီးလုံးကိုဖွင့်လိုက်ပြီး အပြင်မှ ဖုန်းဝင်လာသောပုံသဏ္ဌာန်ဖြင့် ဖုန်းကို အော်ကြီးဟစ်ကျယ် ထူးလိုက်သည်။

"ဟဲလို စခန်းမှူး ပြောပါ၊ ဟုတ်ကဲ့ ကျွန်တော် ဒီနေ့ အားပါ တယ်၊ အစ်ကိုရ၊ အဟဲ ကျွန်တော့်လို စာရေးဆရာတစ်ယောက်က အစ်ကိုတို့လို တိုင်းပြည်တာဝန်ထမ်းဆောင်နေတဲ့ ပြည်သူ့ရဲတွေလောက် တော့ အလုပ်ဘယ်ရှုပ်မလဲ အစ်ကိုရာ၊ ကိုယ် မရေးချင်ရင် အားလိုက် တယ်၊ ကိုယ် ရေးချင်စိတ်ရှိရင် အချိန်တွေကို ရွှေလိုအသုံးချရတာပေါ့ ဗျာ၊ အစ်ကို ကျွန်တော့်ဆီ ဆက်တာ ကိစ္စရှိလို့လား အစ်ကို"

မိုးညှ ဝရန်တာမှ အော်ကြီးဟစ်ကျယ် ဖုန်းပြောသံကိုကြား သော ထွန်းနောင်နှင့် သူ့သူငယ်ချင်းမှာ စခန်းမှူးဆိုသော စကားလုံး ပါလာ၍ တစ်ယောက်မျက်နှာ တစ်ယောက်ပြူးပြီး ကြည့်လိုက်ကြသည်။

"ဗျာ ကျွန်တော်တို့ရပ်ကွက်မှာ မသင်္ကာစရာ မှောင်ခိုမှုတစ်ခု သတင်းရလို့ ဟုတ်လား။ ဟာ ကျွန်တော်တော့ မကြားမိပါဘူး အစ်ကို အင်းလေ အစ်ကိုတို့က ပြည်သူ့ရဲတွေဆိုတော့လည်း ဒုစရိုက်လောက သားတွေရဲ့ လှုပ်ရှားမှုကို သိမှာပေါ့"

ထွန်းနောင် လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ဒီကောင်ပြောတဲ့ ဒု စရိုက်လုပ်ငန်းကို စခန်းမှူးသတင်းရတယ်ဆိုတာ ငါတို့ကိုများလားဆိုတာ



...နိုင်စိတ်က ရင်ထဲကို တသိတတာန်းကြီး ဝင်လာ၏။

"ဟုတ်ကဲ့ အစ်ကို ကျွန်တော် ရပ်ကွက်ဥက္ကဋ္ဌကို ကြိုပြောထား ...ပါ့မယ်၊ အစ်ကိုတို့ ဖမ်းဝရမ်းနဲ့လာမှာဆိုတော့ ဒီလူတွေကို လွယ်လွယ် ...ဖမ်းလို့ရမှာပါ၊ ဟုတ်ကဲ့ အစ်ကို ကျွန်တော်လည်း စုံစမ်းပေးပါ့မယ်၊ ...အစ်ကိုတို့ နာရီဝက်အတွင်း ရောက်မှာမဟုတ်လား"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဒါဆို ဒါပဲနော် စခန်းမှူး"

မိုးညှ မင်သေသေဖြင့် ပါးစပ်ထဲ တွေ့ကရာတွေကို လျှောက် ...ပြောပစ်လိုက်၏။

ထွန်းနောင်နှင့်သူ့အဖော်မှာ မရိုးမရွတွေဖြစ်ကာ

"ထွန်းနောင် အပေါ်ကကောင် ငါတို့ပြောတာတွေကိုများ ကြား ...သွားလို့လား"

"မကြားလောက်ပါဘူးကွာ၊ ငါတို့က စကားဝှက်နဲ့ပြောတာ ...ကဲပြီး တိုးတိုးလေး ပြောတာ၊ အပေါ်က ဘယ်လိုကြားနိုင်မှာလဲ"

"ဒါဆို ငါတို့အဖွဲ့ကို တစ်ယောက်ယောက် တိုင်လိုက်ပြီထင် ...သယ်၊ ဟိုကောင် နက်မောင်တို့အဖွဲ့ပဲ နေမှာပေါ့"

"ဒါပဲရှိတာပဲလေ၊ တော်သေးတာပေါ့၊ အပေါ်က အကောင်ဆီ ...ကို စခန်းမှူးဆိုတဲ့အကောင်က လှမ်းပြီး ပြောလိုက်လို့ပေါ့"

"ဟုတ်တယ် ငါတို့ကို သတိပေးလိုက်သလို ဖြစ်သွားတာ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းတာပဲ ထွန်းနောင်"

"ငါတို့ လမ်းကြောင်းရွှေ့မယ်၊ မင်းကောင်မလေးကိုလည်း
သွား ပို့နိုင်းမနေနဲ့တော့၊ ငါတို့လည်း ခရီးထွက်မယ်ဆိုပြီး ပစ္စည်း
ခဏ အောင်းပြီး ရှောင်နေမှထင်တယ်"

"အင်း လမ်းကြောင်းမရှင်းသေးရင် သူတို့လည်း လှုပ်ရှား
မဟုတ်ပါဘူး"

"ကဲ ဒါဆိုလည်း ထ ထ လစ်မယ်၊ အချိန်ဆွဲနေရင် ဂိုဏ်း
လိမ့်မယ် ဟေ့ကောင်၊ အပေါ်ကအကောင်နဲ့ ငါနဲ့ တချီချီတော့ ဆွေး
မယ်၊ ခုတော့ နေလိုက်ဦးပေါ့ကွာ"

ထွန်းနောင်တို့သူငယ်ချင်းနှစ်ယောက် အိမ်ပေါ်မှ ခပ်သွက်သွက်
ဆင်းသွားကြသည်။ မိုးညှ အိမ်ထဲဝင်ကာ သူတို့နှစ်ယောက် ပျောက
သွားကြပုံကိုကြည့်ပြီး တဟားဟားဖြင့် အော်ရယ်တော့၏။

ဇမိုက်သားနှစ်ကောင် မိုးညှ ဆင်တဲ့အကွက်ထဲ တန်းပြီး
ကို ဝင်သွားတော့တာပဲ။

မိုးညှ ထွန်းနောင်တို့နှစ်ယောက် ခြံထဲက ထွက်သွားပြီး
တော်လေးကြာမှ လှေကားမှဆင်းလာကာ ခြံတံခါးကို သော့ခတ်လိုက်
သည်။

ထို့နောက် အိမ်ပေါ်သို့ အမြန်ပြန်တက်ကာ နောက်ဖေး





မှ ဖြူ့ ရှိရာသို့ ခပ်သွက်သွက် ဆင်းခဲ့လိုက်၏။

နောက်ဖေးတံခါးပေါက် အဆင်သင့်ဖွင့်ထားသဖြင့် မိုးညှ အိမ်
သို့ ဇွတ်ခနဲ ဝင်လိုက်သည်။

"ဖြူ"

အိပ်ခန်းဝမှ လှမ်းခေါ်လိုက်သော မိုးညှကို ဖြူ လှည့်ကြည့်လိုက်

"အို အစ်ကို ဘာဖြစ်လို့ ဝင်လာတာလဲ ဘုရား ဘုရား အိမ်
မှာ သူတို့ရှိတယ်လေ ဒုက္ခပါပဲ"

ပြူးပြူးပျာပျာလေး ဖြစ်နေရှာသော ဖြူ့ကိုကြည့်ပြီး မိုးညှ
မိန့်မိန့်ပြုံးကာ ဖြူ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲထည့်လိုက်သည်။

ရေချိုးပြီးစ ရနံ့သင်းသင်းလေးက မိုးညှ ရင်ထဲက ဆန္ဒတစ်စုံ
တစ်ရာကို တိုက်တွန်းနိုးဆော်နေသလို ရင်ထဲမှာ တလှိုက်လှိုက် တုန်ယင်
သည်။

"အစ်ကို ပြန်တက်ပါ၊ ကိုထွန်းနောင် ဝင်လာရင် အားလုံး
သနာတက်ကုန်တော့မယ်"

"စိတ်ချ ဘာပြဿနာမှ မတက်ဘူး၊ သူတို့ လစ်ကုန်ကြပြီ"

"ဟင် ဘယ်ကိုလဲ"

"သူတို့ကို ကိုယ့်အသိ စခန်းမှူးတစ်ယောက်က ဒီရပ်ကွက်ထဲ



www.burmeseclassic.com

မှာ ဒုစရိုက်လုပ်နေတယ် သတင်းရလို့ လာဖမ်းတော့မယ့်အကြောင်း ဖုန်းနဲ့ယုတ္တိရှိအောင် တော်ကီပစ်လိုက်တာ တကယ်ထင်ပြီး လစ် ရော''

''တကယ်''

''မယုံရင် ထွက်ကြည့်လိုက်လေ၊ ကိုယ်တောင် သူတို့ထွက် လို့ ဖြူ့ဆီကို ဆင်းလာတာ''

''ဒါဆို ဖြူ သူတို့ခိုင်းတာ သွားလုပ်ပေးစရာ မလိုတော့ဘူး နော် အစ်ကို''

''အင်းပေါ့''

''အမလေး ခုမှပဲ ရင်ထဲက အလုံးကြီး ကျသွားတော့ ကွယ်''

ဖြူ သူ့ပါးပြင်နှင့် မိုးညရင်ခွင်ကို အပ်ကာ စိတ်အေးသွား ဖြင့် မျက်လုံးအစုံကို မှေးစင်းသွား၏။

''ဖြူ''

မိုးည ဖြူ့မျက်နှာလေးကို ငုံ့မိုးကြည့်ကာ ခပ်တိုးတိုး လိုက်သည်။

ဖြူ မျက်ဝန်းလေး ဖျတ်ခနဲ ပွင့်လာပြီး မိုးညကို မျက်လုံး ဝင့်ကာ ကြည့်လိုက်သည်။



''ကိုယ်နဲ့ဖြူ အတိတ်အကြောင်းကို ထွန်းနောင်ကို ပြောပြသင့် ထင်တယ်''

ဖြူ့မျက်ဝန်းအစုံ မှိန်ဖျော့သွားသည်။ သက်ပြင်းခပ်ဖျော့ဖျော့ သချပြီး မိုးည ရင်ခွင်ထဲမှ ခွာလိုက်သည်။

''ဖြူလည်း အဲဒီလို ဖွင့်ပြောချင်ပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ ပြောလိုက်ရင် သူ ဖြူ့ကို ဘယ်လိုမှ လက်လွှတ်မှာ မဟုတ်ဘူး။ စ်ကို့ကိုလည်း ရန်ရှာလိုက်မယ်''

''အဲဒါတွေကို ကိုယ် မကြောက်ပါဘူး ဖြူရာ၊ အဓိကက ဖြူ သူ့ရဲ့ ချုပ်ကွပ်မှုအောက်က အမြန်ဆုံး လွတ်မြောက်ဖို့ပဲ မဟုတ်လား''

''သူတို့က အဖွဲ့များတယ် အစ်ကို့ လူတစ်ယောက်ရဲ့အသက်ကို ဘ်ရွက်ကလေးတစ်ရွက်ချေသလို အစဖျောက်ပစ်နိုင်တယ်''

''အဟင်း ဖြူရယ်၊ ဒါ ဥပဒေမရှိတဲ့ နိုင်ငံမှမဟုတ်တာ၊ ကိုယ် တော့ ဖြူနဲ့ပတ်သက်ရင် ဘယ်လို ရန်မျိုးပဲလာလာ ဂရုမစိုက်ဘူး''

မိုးည၏ ချစ်ခြင်းမေတ္တာတရားတွေ ဘယ်လောက်လေးနက် ကျည်သလဲဆိုတာ သိပေမယ့် ဖြူ့အနေနှင့် ထွန်းနောင်၏ရက်စက် တ်မာချက်တွေကို သိ၍ မစွန့်စားရဲ။

သူ့ကွယ်ရာမှာ ဖြူ့အတိတ်က စေ့စပ်ထားခဲ့ဖူးသည်။ ချစ်သူ သော ခုလိုပုံစံမျိုး တွေ့နေတယ်ဆိုတာသိရင် ဖြူ့ကို ဘယ်လိုအဖြ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ပေးမလဲဆိုတာ တွေးတောင်မတွေးဝံ့။

"အချိန်ခဏလေးပဲစောင့်ပါ အစ်ကိုရယ်၊ ဖြူတို့ အခြေအ

ကြည့်ပြီး နေကြတာပေါ့"

"အဲဒီအချိန်က ဘယ်လောက်ကြာမှာလဲ၊ ကိုယ်က ကိုယ့်ချ

တစ်ပါးသူ့ရင်ခွင်ထဲမှာ အကျဉ်းကျသလို နေနေရတဲ့အဖြစ်ကို ဘယ်

ခံစားမှုမျိုးနဲ့ လက်ပိုက်ကြည့်နေရမှာလဲ၊ ဖြူ့အသွေးအသားတွေကို တ

စီဖုံးနေတဲ့ အခြေအနေကြီးကို ကိုယ် ရင်အကွဲခံပြီး မကြည့်နိုင်

နောက်ပြီး ကိုယ် မနေ့ကပဲ ဖြူ့မိဘတွေနဲ့ ကိုယ့်မိဘတွေကို အကြော

ကြားလိုက်ပြီ"

"ဟင် ဖြူ့မိဘတွေ ဟုတ်လား၊ ဒါဆို ဖြူ လုံးဝမမှတ်မိနိုင်

ဖြူ့မိဘတွေ ရန်ကုန်ကို လိုက်လာကြမှာပေါ့ ဟုတ်လား အစ်ကို"

"ဟုတ်တယ် ဖြူ"

ဖြူ ဝမ်းသာရမည်လား ဝမ်းနည်းရမည်လား မဝေခွဲနိုင်လော

အောင် စိတ်တွေလှုပ်ရှား၍နေ၏။

"ဖြူ့မိဘတွေကို ဖြူ့အဖြစ်ဆိုးကြီးကို မမြင်စေချင်ဘူး အ

ရယ်၊ ဒါပေမဲ့လည်း ဖြူ တွေ့ချင်တယ်၊ အမေနဲ့အဖေ ရင်ခွင်ထဲတို

ပြီး ရှိုက်ကြီးတငင် ငိုချလိုက်ချင်တယ်"

ဖြူ့ရင်ထဲက ဘယ်လိုပုံဖော်ပြရမှန်းမသိတဲ့ ခံစားချက်တွေ



ငိုင်းငယ်လေးတွေလို တရိပ်ရိပ် တက်လာ၏။

ထို့နောက် ရီဝေနေသော မျက်ဝန်းအစုံကို မှေးစင်းကာ မိုးညှ

င်းဘတ်မှာ ဖြူ့မျက်နှာလေး ငုံ့လျှိုးဝှက်ကွယ်ထားလိုက်မိ၏။ ညှမ်းရောင်

ဖျော့ဖျော့လေးအောက်မှာ ရင်ခုန်သံ၏သွေးခုန်နှုန်းတွေက တဒုတ်

ထဲဖြင့်အပြိုင် မြည်ဟီးနေကြပြီး စိတ်အစဉ်တို့ လှိုက်မောနေကြ၏။

မိုးညှ စိတ်တွေကိုထိန်းချုပ်ထားနေရင်းမှ ဖြူ၏ သနပ်ခါးရနံ့

ဖြင့် မွှေးအီနေသော မျက်နှာအနံ့နှင့် နှုတ်ခမ်းဖူးဖူးလေးပေါ်သို့ အနမ်း

တွေကို အဆက်မပြတ် ဖိနမ်းလိုက်၏။

အကြင်နာမျိုးစုံတို့ပြည့်နှက်ပြီး ရင်ခုန်စရာကောင်းသော ထိုည

သည် သူတို့နှစ်ဦးအတွက် မက်မပြေနိုင်သော ကမ္ဘာသစ်ကလေးထဲ

ရောက်သွားသလို အရာရာဟာ ခပ်ငြိမ့်ငြိမ့်လေးပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

အိမ်ရှေ့ကို ကားရပ်သံကြားလိုက်သဖြင့် မိုးညဏ်ရင်ခွင်ထဲမှာ မှေးခနဲ အိပ်ပျော်သွားသော ဖြူ့မျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်လာ၏။

အိပ်မက်များလား တကယ်လားဆိုသော ဝေခွဲမရစိတ်ဖြင့် မိုးည ရင်ခွင်ထဲမှ ရုန်းထွက်ကာ ခုတင်ထက်မှ ထလိုက်၏။ ချစ်သူနှစ်ဦး ည က တစ်ညလုံး စကားတွေပြောနေရင်း အိပ်ပျော်သွားကြခြင်း ဖြစ်သည်။

ဖြူ အိမ်ရှေ့ကို ထွက်လာပြီး မှန်တံခါးလိုက်ကာလေးကို အသာ လှပ်၍ အပြင်ကို ကဲကြည့်လိုက်သည်။

ဖြူကအကြည့်နှင့် အပြင်မှ ထွန်းနောင်က ခြံထဲသို့ ဝင်အလာ နှင့် သွားတိုး၍ ဖြူ ရုတ်တရက် သွေးပျက်သွားရသည်။





"ဟော့ ဘာကြောင်ကြည့်နေတာလဲ၊ တံခါးဖွင့်လေ ကြောင် တောင်တောင်နဲ့"

ထို့ကြောင့် အသံကိုမြှင့်ကာ

"အစ်ကိုကြီးကို ညအချိန်မတော်ကြီး ပြန်လာမယ်မှန်း ဖြူမှ ထင်မထားတာ၊ အစ်ကိုကြီး ဘယ်ကပြန်လာတာလဲ"

"မိဖြူ နင် ဘာဖြစ်နေတာလဲ၊ ငါ့အိမ်ကို ငါ ဘယ်အချိန်ပဲ ပြန်လာပြန်လာ အဲဒါ အရေးမကြီးဘူး။ တံခါးမဖွင့်ဘဲ ဘာကို အချိန်ဆွဲ နေတာလဲ"

ဖြူ တမင်ပင် အခန်းထဲမှ မိုးည ကြားအောင် အသံမြှင့် ပြောခြင်းဖြစ်သည်။ ထွန်းနောင်ကလည်း အိမ်အပြင်မှ ဒေါသတကြီးပြန် အော်နေသဖြင့် ညကြီးသန်းခေါင် ကျယ်လောင်၍နေ၏။

ဖြူ တံခါးဂျက်ကို ကြောက်အားလန့်အားနှင့် အယောင်ယောင် အမှားမှားဖြင့် ဖွင့်ပေးလိုက်၏။ အာရုံတစ်ခုလုံး ကြောက်စိတ်တွေ မိုးမိုး ကာ စိတ်နှင့်လူနှင့်မကပ်တော့။

ပျက်ယွင်းနေသော ဖြူ့မျက်နှာကို အိမ်ထဲဝင်လာသော ထွန်း နောင် သံသယမျက်လုံးဖြင့် ခပ်စူးစူး ကြည့်ကာ အိမ်အခြေအနေကို လှမ်းကြည့်လိုက်သည်။

"အိမ်ကို ဘယ်သူလာသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဟို ဘယ် ဘယ်သူမှ မလာပါဘူး အစ်ကိုကြီး"

ဖြူ့အသံတွေ မသိမသာ တုန်ယင်၍နေ၏။

"ဒါဆို မင်းမျက်နှာက ဘာဖြစ်နေတာလဲ၊ ငါ မသိအောင် ဘာတွေလုပ်ထားလို့လဲ"

"ဟင့်အင်း ဘာမှမလုပ်ပါဘူး ဖြူ အစ်ကိုကြီးမသိအောင် ဘာမှလုပ်မထားဘူး၊ တကယ်ပြောတာပါ"

ဖြူ ဘယ်လောက်ပင် ဟန်ဆောင်၍ပြောပြော ဖြူ့မျက်နှာ အမူအရာက သိသာပေါ်လွင်နေ၍ ထွန်းနောင် သံသယဝင်မိကာ အိမ်ထဲ ကို ဒေါသနှင့် ဝင်လာခဲ့လိုက်၏။

ဖြူ မျက်လုံးတွေ ပြာဝေမတတ်ကို အံ့ဩတုန်လှုပ်၍နေရ၏

နှုတ်က အသံမထွက်ပေမယ့် စိတ်ထဲက ဘုရားကိုသာ အကြိမ် ကြိမ် တနေမိ၏။ ဖြူ ထွန်းနောင်အနောက်မှ တုန်ခိုက်လွန်းသော ခြေ လှမ်းတွေဖြင့် လိုက်ခဲ့လိုက်၏။

အိပ်ခန်းထဲ ခုတင်ပေါ်သို့ ထွန်းနောင် လှမ်းကြည့်လိုက်တော့ မသင်္ကာစရာ မတွေ့ရ။ ဖြူ မကြည့်ရဲကြည့်ရဲဖြင့် ခုတင်ပေါ်တွင် ပေ ပျော်နေသော မိုးညကို လှမ်းကြည့်လိုက်သည်။ ခုတင်ပေါ်တွင် မိုးည ရှိမနေသဖြင့် ရင်ထဲမှာ တစ်ဆို့နေသော အလုံးကြီး ဝုန်းခနဲ ကျသွား လေ၏။





ထွန်းနောင် မကျေနပ်နိုင်သေး။ ခုတင်အောက်တွေ ဗီရိုထဲတွေ ကို နေရာအနှံ့ လျှောက်ဖွင့်ကြည့်၏။

"အစ်ကိုကြီး ဖြူ ပြောတာကို ယုံပါ၊ ဖြူ ဘာမှမဟုတ်တာ မလုပ်ထားပါဘူး။ ယုံပါ အစ်ကိုကြီးရယ်၊ ဖြူ အမူအရာ ပျက်နေတာ မဟုတ်ပါဘူး နေမကောင်းဖြစ်နေတာပါ"

ဖြူ သံသယ မဝင်စေရန် ယုံလောက်သော အကြောင်းပြချက် တွေကို ထုတ်သုံးကာ တတွတ်တွတ်နှင့် ရှင်းပြရှာ၏။

ထွန်းနောင် အိပ်ခန်းထဲမှထွက်ကာ နောက်ဖေးမီးဖိုခန်းထဲသို့ ခြေသံ တဒုန်းဒုန်းနင်းကာ ထွက်လာလိုက်၏။

မီးဖိုခန်းတံခါးကြီးက အပြင်သို့ တိုးလျှိုပေါက်ပွင့်၍နေ၏။

"ဒီတံခါးက ဘာလို့ပွင့်နေတာလဲ"

ဖြူ အမူအရာ မပျက်အောင် သတိထားပြီး ထိန်းလိုက်ကာ

"အဲ အဲဒါက ဖြူ အိမ်သာဝင်နေလို့ အစ်ကိုကြီး စီးလာတဲ့ ကားရပ်သံကြားလို့ အိမ်ထဲ ကမန်းကတန်း ပြန်ဝင်လာရလို့ နောက်ဖေး တံခါး ပိတ်ဖို့ မေ့သွားတာပါ"

"မင်း ငါ့ကို နလပိန်းတုံးများ မှတ်နေလား ဖြူ။ ငါ့ကွယ်ရာ မှာ အကောင်တစ်ကောင်နဲ့ ဖောက်ပြန်နေတယ် မဟုတ်လား၊ ငါ့ကို မှန်မှန်ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မဟုတ်ရပါဘူး အစ်ကိုကြီးရယ်၊ ဖြူ စောစောက ပြောတာ အမှန်ပါ"

"ဒါဆို နင့်ပါးက သနပ်ခါးပါးကွက်တွေက ဘာဖြစ်လို့ ပျက်နေရတာလဲ"

ထွန်းနောင်ကလည်း အရိပ်အကဲ ဖမ်းတတ်သူပီပီ အကွက်စေ့ထောက်စေ့ကိုကြည့်ပြီး မေးတော့၏။

ဖြူ အလန့်တကြားဖြင့် ပါးပေါ်မှ သနပ်ခါးပါးကွက်လေးကို လက်ဖြင့် စမ်းလိုက်၏။

"ဟင့်အင်း မဟုတ်ဘူး၊ အဲဒါ ဖြူ အိပ်ရာထဲမှာအိပ်ရင်း လိမ့်လို့ ပျက်တာပါ"

"အေးပေ့ါလေ ငါ လက်ပူးလက်ကြပ် မမိသေးတော့ လိမ်ထားဦးပေ့ါ၊ လက်ပူးလက်ကြပ်မိလို့ကတော့ မင်းရော မင်းအကောင်ရော အသေပဲ"

ထွန်းနောင် မကျေမချမ်းဖြင့်ပြောပြီး နောက်ဖေးပေါက်မှ ထွက်ကာ အိမ်သာရှိရာသို့ ခပ်ဆောင့်ဆောင့် ခြေလှမ်းတွေဖြင့် မကျေမနပ် ထွက်သွား၏။

ဖြူ ခုမှပင် စိတ်ဒုံးဒုံးချကာ ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်ထိုင်ချလိုက်ပြီး ခုတင်စွန်းတွင် ခေါင်းမှီထားလိုက်၏။



ဖြူ သွေးပျက်သော အမူအရာကို မိုးညလည်း အပေါ်ထပ်မှ ကြည့်ကာ စိတ်မကောင်း ဖြစ်နေမိ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မိုးညတို့ ဗီလင်ဝင်နေတော့ ငါ့ကိုတောင် သတိမရတော့ဘူး"

ဘောလုံးဂျာနယ်ကို လက်ဖြင့် တဖတ်ဖတ်ရိုက်ပြီး အိမ်ထဲ ဝင်လာသော ကိုယဉ်ကျေး၏စကားကြောင့် မိုးည စာရေးခြင်းကို ခဏ ရပ်လိုက်သည်။

"ကိုယဉ်ကျေးက ပျောက်ချက်သားကောင်းနေတာကိုပါ ထည့် ပြောလေ၊ ကျွန်တော် မနက်ကတောင် ကိုယဉ်ကျေးအိမ်ကို ရောက်သေး တယ်၊ အန်ကယ်ပဲ ရှိတယ်"

"အဟဲ ဒါကတော့ ငါကလည်း အလုပ်ကိစ္စနဲ့ နယ်ထွက်နေ ရတာလေကွာ၊ နေ့ခင်းကမှ ပြန်ရောက်တာ၊ ရောက်ရောက်ချင်း မင်းဆီ





ပြေးလာတာကွ"

ကိုယဉ်ကျေး လက်ထဲမှ ဂျာနယ်ဖြင့် မိုးညကျောကို ဖတ်ခနဲ ရွမ်းရိုက်ပြီး ဆက်တီခုံမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"လွမ်းတယ်ပေါ့"

"ဘယ်သူ့ကိုလဲကွ၊ မင်းဟာကလည်း အရင်းမရှိ အဖျားမရှိ ဒီမှာ လွမ်းရမယ့်သူ မရှိသေးဘူး"

"ကျွန်တော့်ကိုလေ အခု ကျွန်တော့်ကိုလွမ်းလို့ ရောက်ရောက် ချင်း ဒီဘက်ကူးလာတာ မဟုတ်လား"

"အေး ဟုတ်တယ် ဟား ဟုတ်ပါဘူး၊ မင်းကလည်း ဘာတွေ ပြောမှန်းကိုမသိဘူး၊ ယောကျ်ားအချင်းချင်း လွမ်းစရာလားကွ"

ကိုယဉ်ကျေး ပြူးတူးကြောင်တောင်ဖြင့် ငြင်းနေသဖြင့် မိုးည သဘောကျစွာဖြင့် တဟားဟား ရယ်လိုက်သည်။

"ညက မင်း ဘောလုံးပွဲကြည့်သေးလား၊ လီဗာပူးနဲ့ဘလက် ဘန်းပွဲလေ၊ တူးသရီးနဲ့ ပြီးသွားတာ"

"မကြည့်အားပါဘူးဗျာ"

"ဟွန်း ဘယ်ကြည့်အားမလဲ၊ တစ်နေ့တစ်နေ့ စာတွေ ရေးအားပါ့မလား အောက်မေ့ရလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုယဥ်ကျေးကြီးကလည်း ကျွန်တော့်အရွယ်က အောက် မျှော်စရာလားလို့ ကျွန်တော် အောက်မျှော်လည်း အသက်ခြောက်ဆယ် ကျော် ကျွန်တော့်အမေက ကလေးနောက်တစ်ယောက် ထပ်မမွေး နိုင်တော့ဘူးဗျ"

"ငါပြောတဲ့အောက်က အဲဒီဟာ မဟုတ်ဘူး၊ ဟိုဟာကို ပြော တာ"

"ဘယ်ဟာလဲ ရှင်းအောင်ပြော"

ကိုယဥ်ကျေး တဟဲဟဲဖြင့် ရယ်ရင်း လက်ညှိုးကို အောက်ထ သို့ ထိုးပြ၏။ မိုးည သဘောပေါက်သွားပြီး ပြုံးစိစိ မျက်နှာပေး ပခုံးကို ဆတ်ခနဲ တွန့်ပြ၏။

"ဒါကတော့ ကျွန်တော့်ဘဝရဲ့ အလိုအပ်ဆုံးပဲ၊ မျှော်သင့်ရင် မျှော်ရမှာပေါ့"

"မျှော်ပါ မျှော်ပါ မျှော်သာမျှော် မကြင်ရတဲ့ဘဝဆိုတာ မင်း ပြောတာ၊ အဟား သူများဝါးနေတာကို ဘေးကနေ မျှော်နေရတော့ ရင်ထဲမှာ နိုးလို့ခုလုတော့ ဖြစ်နေမှာပေါ့"

"ကိုယဥ်ကျေးကြီးရာ ကျွန်တော့်ကို နှိပ်ကွပ်ချင်တိုင်း နှိပ်ကွ နေတယ်ပေါ့ ဟုတ်လား"





"ဒါ နှိပ်ကွပ်တာ မဟုတ်ဘူး၊ အားမလိုအားမရ ဖြစ်တာကွ"

"မဖြစ်နဲ့ သိပ်မကြာခင် ကျွန်တော် မြသားဖြူကို ပြန်ခေါ်မှာ"

"ထွန်းနောင်က နတ်သမီးစောင့်ဘီလူးနော်၊ မင်းသူ့ကို အရင် ...ပြီးမှ မင်းရဲ့နတ်သမီးကို ပြန်ခေါ်လို့ရမှာ၊ လွယ်လွယ်နဲ့တော့ မရ ...ဘာက်ဘူး"

"ကျွန်တော် သူ့မိတ္တွေကို အကြောင်းကြားထားတယ်၊ ဟိုက ...လုပ်ကိစ္စတွေ ဖြတ်ပြီးတာနဲ့ သူတို့ မိုးကုတ်ကနေ ဆင်းလာကြလိမ့် ...မယ်"

"အေး အဲဒီလို ဝင်မှရမှာပဲ၊ မင်းအနေနဲ့ဝင်ရင် ပွဲဆူရုံကလွဲ ...ဘာမှလုပ်လို့ ရမှာမဟုတ်ဘူး၊ ကြားထဲက မြသားဖြူပဲ အထောင်းခံ ...ရ၊ ဒီကောင်မလေးလည်း ထွန်းနောင်ရဲ့ အနှိပ်စက်ခံဖို့ လူဖြစ်လာ ...လိုပဲ"

ကိုယဥ်ကျေး စိတ်မသက်သာစွာ ညည်းတော့ မိုးညပါ ရင်ထဲ ...ထိက်ပြီး မကောင်းဖြစ်မိသည်။

ညကလည်း ဖြူနှင့်စကားတွေ ပြောရင်း ခုတင်ထက်မှာ အိပ် ...ပျော်သွားကြသည်။ ဖြူ ထသွားတော့ မိုးည နိုးလာသည်။ သိပ်မကြာ ...ထိက် ထွန်းနောင်အသံကြားလိုက်၍ အိမ်ပေါ်သို့ တစ်ချိုးတည်း လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ရတာ။ ထိုသို့မပြေးဘဲ ခုတင်ထက်မှာ သူ့ကိုသာ တွေ့လိုက်ရင်

နာကျင်မှုတွေကို မတွေးရဲစရာ။

■ ■ ■

## အခန်း (၂၆)

ကိုယ်ချင်းစာတရားခေါင်းပါးပြီး ယုတ်မာရက်စက်လွန်းသော ာကျားတစ်ယောက်၏ လောင်းရိပ်မှာ ယုန်သူငယ်လေးလို အကျဉ်းချ ာရင်းမှ မြတ်နိုးကြင်နာမှုတွေနှင့် တယုတယ နှောင်ဖွဲ့ယ်တတ်သော ာကျားတစ်ယောက်ကို မစွန့်လွှတ်ရဲလောက်အောင် တသသ စွဲလန်း ာမိတာ ဖြူ့အတွက်တော့ သိပ်ကိုခမ်းနားသည့် လောဘတွေပါပဲ။

မိုးညှ၏ ရင်ငွေ့ မိုးညှ၏အနမ်းနွေးနွေးတွေ၊ ကြင်နာစွာ ထွေး ်တတ်သော လက်အစုံ အကြင်နာရိပ်တွေ ဝေ့လျှံနေသည့် အကြည့် နွေးတွေ၊ ဒါတွေအားလုံးကိုသာ ဖြူ့အနေနှင့် လက်လွှတ်ဆုံးရှုံးရသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် အနာဂတ်မှာ ဖြူဟာ အသက်ဆက်ရှင်နိုင်ပါဦးမလား။

ဖြူ မိုးညကို အရမ်းချစ်သည်။ ဖြူ့အသိစိတ်ထဲမှာရော ... စိတ်ထဲမှာပါ မိုးညဟာ အချိန်ပြည့် စိုးမိုးနိုင်လွန်း၏။

မိုးညနှင့် တစ်ရက်မတွေ့ရလျှင် ဖြူ့အတွက် ဖြတ်သန်းရသ... အချိန်တွေဟာ အရမ်းကို အဓိပ္ပာယ်မဲ့ကာ သုသာန်တစပြင်မှာ နေ... သလို စိတ်ချောက်ချားလွန်းနေ၏။

ကိုယ့်ဘေးမှာ တခေါခေါဖြင့် ဆူညံပွက်လောရိုက်... ဟောက်ပြီး အိပ်ပျော်နေသော ထွန်းနောင်၏ ပြောင်ပြောင်မျက်နှာ... အော်ဂလီဆန်စွာ ကြည့်လိုက်သည်။

စိတ်ပျက်စိတ်ကုန်လိုက်တာမှ ပြောဖွယ်ရာမရှိတော့။ ဖြူ... ထဲမှာ ထွန်းနောင်ကို လူ့လောကကြီးထဲက အပြီး ထွက်သွားစေချင်... ဖြူ ထွန်းနောင်ကို အရမ်းမုန်းသည်။ ကိုယ့်ဘဝအမှန်ကို အမှန်... သော အတိတ်မေ့နေသည့် မိန်းကလေးတစ်ယောက်ကို လော... မတရားသိမ်းယူထားခြင်းသည် လူမဆန်သော လုပ်ရပ်ဖြစ်သည်... အတိအကျ ယုံးစွပ်ချင်သည်။

ရင်ထဲမှာ နာကျင်ခံပြင်းလွန်းစွာဖြင့် ထွန်းနောင်သော... အိပ်နေရာမှ ခပ်ဖြည်းဖြည်း ထလိုက်၏။ မှိန်ပျပျ မီးအလင်းရောင်... မှ နာရီကိုကြည့်လိုက်သည်။





ညဆယ့်တစ်နာရီထိုးပြီး ဆယ့်ငါးမိနစ်။ ဖြူ မျက်နှာကြက်ကို ...ငေးကြည့်လိုက်သည်။ မိုးညများ ကြည့်နေမလားဆိုသည့် မျှော်လင့်ချက် ...နှင့်ဖြစ်သည်။

အမှန်တကယ် မိုးညသာ ကြည့်နေခဲ့မည်ဆိုလျှင် ဖြူ ဘယ် ...လောက် စိတ်ထိခိုက်ခံစားနေရလဲဆိုတာကို သိမှာ။

ဖြူ ခုတင်ထက်မှ အသံမကြားအောင် ခပ်ဖြည်းဖြည်း ဆင်းကာ ...အခန်းအပြင်သို့ ခြေလှမ်းခပ်ဖွဖွနှင့်ပြီး ထွက်ခဲ့လိုက်သည်။

ယခင် မိုးညနှင့်မဆုံခင်ကဆိုလျှင် ဖြူ အိပ်မပျော်သည့်အခါ ...တိုင်း နောက်ဖေး အုတ်ကန်ဘေးတွင် ည၏အလင်းရောင်ကို မော့ငေးရင်း ...နန်းခေါင်ယံ အချိန်တွေကို တစ်ယောက်တည်း ဖြတ်ကျော်ခဲ့ရသည်။

မရေရာခဲ့သော ကိုယ့်ဘဝကြီးကို စိတ်ကုန်ခမ်းသော ခံစားမှု ...ဖြင့် ခပ်မြန်မြန် ကုန်လွယ်စေခဲ့၏။

ဖြူ အုတ်ကန်ဘေးမှာ ခပ်ကျုံ့ကျုံ့လေး ထိုင်ချလိုက်သည်။ ...တစ်ဖက်ပေါ် လက်ယှက်ကာ မေးတင်ပြီး ဖြူ မျက်လုံးတွေကို မှေးစင်း ...လိုက်သည်။

ဘာကြောင့်ရယ်မသိ ဖြူ့ရင်ထဲ စို့တက်လာပြီး ငိုချင်စိတ်တွေ ...ပေါ်လာသည်။ ဖြူ့အတွက် ဒီအချိန်လေးဟာ လွတ်လပ်စွာ ငိုကြွေး... ...ဖွင့်လပ်စွာ တွေးခွင့်ဆွေးခွင့်ရသည့် အချိန်လေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ"

တိုးဖွဖွခေါ်သံကြောင့် ဖြူ့ရင်ထဲ ဒိတ်ခနဲ ခုန်သွားကာ အ မျက်နှာလေးဖြင့် မိုးညကို မော့ကြည့်လိုက်သည်။

"ဖြူ ဘာထိုင်လုပ်နေတာလဲ"

"အစ်ကို"

ဖြူ့ဘေးမှာ မိုးည ဝင်ထိုင်လိုက်သည်။

"ဖြူ့စိတ်တွေ အရမ်းမွန်းကြပ်လွန်းလာရင် ဒီနေရာလေးမှာ ဖြူ လာထိုင်နေကြလေ အစ်ကို၊ မှတ်မိမလား၊ မနက်ပိုင်း လေးနာ လောက်ကြီး အစ်ကိုကလည်း အိမ်သာဝင်ချင်လို့ အပေါ်ကနေဆင်း အလာ ဖြူကလည်း ဒီနေရာမှာ ထိုင်ငိုနေတာလေ၊ ဖြူ့ကိုမမြင်ဘဲ အစ်ကို ဝင်တိုက်မိလို့ ရှေ့ကို ဟပ်ထိုးလဲကျတာလေ"

ဖြူ အစဖော်ပေးနေ၍ မိုးည ဖြူ့ဆံစလေးတွေကို သပ်တင် ပေးရင်း ခပ်တိုးတိုးရယ်လိုက်သည်။

"ဖြူနဲ့ပတ်သက်လာရင် ကိုယ့်ဘဝမှာ မမှတ်မိတာဆိုတာ တစ်ခု မှ မရှိဘူး ဖြူလေးရဲ့"

"ဒါဆို အမှတ်တရအဖြစ်ဆုံးအရာက ဘာလဲ"

"ဟမ် အမှတ်တရ အဖြစ်ဆုံး ဟုတ်လား"

"အင်း"



"အများကြီးပဲ"

"အဲဒီအများကြီးကိုပြောပြ"

ဖြူ့အသံတွေ စောစောကလောက် အားမပျော့နေဘဲ ပြန်လည် ကြည်လင်တက်ကြွလာသည်ကို မိုးည သတိထားမိလိုက်သည်။

"တကယ်ပြောရမှာလား"

"တကယ် ပြောပြပေါ့"

"အတည်ပြောမှာနော်"

"အင်းပါဆို"

"အင်း ဒါဆို ဖြူနဲ့စေ့စပ်ပြီးတော့ ဖြူ ကိုယ့်ရေချိုးခန်းထဲမှာ ချိုးတုံး ကိုယ် ဖြုန်းခနဲ မြင်လိုက်ရတဲ့ ဖြူ့ရဲ့တင်ပါးဖြူဖြူလေးပေါ် အမှတ်ကလေး၊ အဲဒီ မြင်ကွင်းက ခုချိန်ထိ ကိုယ့်မျက်စိထဲက ဘူး၊ အဲဒီနေ့က ဖြူ့ရဲ့သဘာဝအလှလေးကို မြင်ခွင့်ရလို့ ကိုယ် တယ်၊ ပြီးတော့ ဖြူ့ကိုလည်း အဲဒီအချိန်ကတည်းက အရမ်းချစ် တယ်"

ဖြူ့ခန္ဓာကိုယ်ထဲက သွေးကြောတွေ ဖျန်းခနဲ ဖြစ်သွားအောင် သွေးတွေ ကြွမိပေမယ့် ဖြူ ငြိမ်ငြိမ်ကလေး နားထောင်နေမိသည်။

"နောက်ပြီး ဖြူနဲ့ဝေးနေတဲ့အချိန်မှာ ဖြူ့ကိုစွဲလန်းလွန်းလို့ ညဘက်ညဘက် အိပ်မက်ထဲမှာ ဖြူနဲ့အမြဲတမ်း စကားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်''

''ဘာစကားတွေပြောတာလဲ''

''မသိဘူး ပြောတော့ ပြောတယ်၊ ဘာစကားတွေပြောလဲဆိုတာ ကိုတော့ ကိုယ် မသိဘူး၊ အဲဒီမှာတင် ရန်ကုန်မှာ ပျောက်ချင်းမ ပျောက်သွားတဲ့ ဖြူ့ကိုရှာဖို့ ကိုယ် ရန်ကုန်ကို ထွက်လာခဲ့တယ်၊ ဒါ လည်း ကိုယ့်ဘဝမှာ အမှတ်ရစရာအချိုးအကွေ့လေးတစ်ခု''

''ဒါပဲလား''

''နေဦး ကျန်သေးတယ်၊ ကိုယ် ဖြူ့ကိုစတင်ပြီး ချောင်းကြ ခဲ့မိတဲ့နေ့၊ အဲဒီနေ့က ဖြူ့ကို ဟိုကောင်က သူ့သူငယ်ချင်းတွေဆီ သွားအိပ်ဖို့ ပြောနေတဲ့အချိန် ဖြူ အရမ်းငြင်းဆန်ပြီး ငိုယိုတောင် နေတဲ့မြင်ကွင်းကို ကိုယ် အရမ်းသနားသွားမိတယ်၊ ထွန်းနောင်ဆို လူကို အဲဒီညမှာတင် သတ်ပစ်ချင်လောက်အောင်ကို မုန်းတီးခဲ့ရတ ဖြူ့ကိုတော့ မြသားဖြူမှန်းမသိသေးတော့ သနားရုံပဲ သနားမိသေးတ လေ နောက်ပြီး ကိုယ်ဟာ စာရေးဆရာတစ်ယောက်ဆိုတော့ မိန်းကလေ တစ်ယောက်ရဲ့အကျဉ်းကျပြီး အဖိနှိပ်ခံနေရတဲ့ဘဝလေးကို လေ့လာ တဲ့စိတ်နဲ့ မလုပ်သင့်တဲ့အလုပ်တစ်ခုကို လုပ်ခဲ့မိတယ်၊ ဒါဟာ ကိုယ့်အတွ တစ်ချိန်မှာ အမှတ်ရစရာတွေ ဖြစ်လာလိမ့်မယ်လို့ လုံးဝ မတွေးခဲ့မိ လေ''



''အစ်ကိုက ဘာလုပ်ခဲ့လို့လဲဟင်''

ဖြူ့အမေးကြောင့် မိုးည ရှက်ရယ်လေး ရယ်လိုက်ပြီး ဖြူ့ ကိုယ်လေးကို ငိုမိုတင်းကြပ်အောင် ဖက်တွယ်လိုက်ပြီး

''ဖြူ ခုတင်ပေါ်မှာ ငိုနေတာကို အပေါ်ကနေ ချောင်းကြည့်မိ တယ်လေ''

ဖြူ ဘာမျှမဝေဖန်ဘဲ ငြိမ်ငြိမ်လေး နားထောင်နေ၏။

''နောက်ပြီး ဖြူဟာ မြသားဖြူမှန်းလည်းသိရော ကိုယ် ဖြူ့ဆီ ကို ချဉ်းကပ်ခဲ့တယ်၊ ဖြူ ယုံကြည်လာတော့ ကိုယ်တို့ စိတ်တူကိုယ်တူ ချစ်ခဲ့ကြတယ်၊ အရာရာဟာ ကိုယ့်အတွက် တစ်သက်လုံး မမေ့နိုင်တဲ့ ထာဝရ အမှတ်တရတွေပါပဲ ဖြူရယ်''

''ဖြူလည်း ကိုလိုပါပဲ၊ အတိတ်ကို ပြန်မမှတ်မိနိုင်သေးပေမယ့် ကိုဟာ အတိတ်က ဖြူ့ချစ်သူဆိုတာ သိလိုက်ရတော့ ဖြူ တစ်ဘဝလုံး ကိုယ့်ထံမှာ ပုံအပ်ဖို့လောက်အောင် ယုံကြည်မှုတွေနဲ့ အချစ်တွေပိုခဲ့မိ တယ်၊ ဖြူ့ပင်းသက် ထွက်သက်တိုင်းမှာ ဖြူ့ဘေးမှာ ကို့ကို ရှိနေစေချင် တယ်၊ ဖြူ အသက်ရှူရပ်သွားမှသာ ကို့ကို လွှတ်လပ်ခွင့်ပေးလိုက်ချင် တယ်''

''ဖြူရယ် စကားတွေ တတ်လိုက်တာကွာ''

မိုးည ဖြူ့နှုတ်ခမ်းသားလေးကို မက်မပြေသော ချစ်ခြင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မနားတမ်း မိကဝ်နှမ်းရှိက်လိုက်သည်။

လရောင်ကတော့ မျက်နှာလွှဲနေပစေပေါ့။



## အခန်း (၂၇)

"ကိုယဉ်ကျေး ကျွန်တော့်ကို ဖုန်းဆက်ခေါ်တာ ဘာအရေး ကြီးလို့လဲ"

အိမ်ပေါက်ဝတွင် ရပ်နေသော ကိုယဉ်ကျေး မိုးညကို မြင်တော့ ပြုံးပြုံးပျာပျာဖြင့် ထွက်လာသည်။

"အရေးကြီးတယ်ကွ စောစောက ထွန်းနောင် မင်းကောင်မ သီချင်းကို ရိုက်နေသံကြားတယ်"

"ဟာင်"

ဒေါသတွေ မီးတောင်တစ်ခုလို ငယ်ထိပ်မှ ပွင့်ထွက်ကုန်ပြီလား ဖြူ ထင်ရလောက်အောင် အမြင့်ဆုံး ရောက်ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူ တော်တော်လေး တရားလွန်နေပြီ ဒီတစ်ခါတော့ ကျွ
တော် လက်ပိုက်ကြည့်မနေနိုင်တော့ဘူး"

လွယ်ထားသော ကျောပိုးအိတ်ကို ပခုံးထက်မှ ဖြုတ်ပြီး ခေါ
ဖြင့် လှမ်းဖို့ ခြေလှမ်းပြင်လိုက်စဉ်

"နေဦး မင်းဒေါသကိုလွှတ်ပြီးသုံးရင် မြသားဖြူ သက်သာမှ
မဟုတ်ဘူး"

"ဒါဆို ကျွန်တော်က လက်ပိုက်ကြည့်နေရမှာလားဗျ ကိုယ
ကျေးရ"

"မဟုတ်ပါဘူး မင်းကို အခြေအနေကြည့်ပြီးမှ ဝင်တားသ
ရင် တားလို့ပြောမလို့ပါ၊ ငါလည်း တအောင့်နေရင် စိုးလင်းတို့ ငါ့အ
တို့ကို ခေါ်ခဲ့မယ်"

"ကောင်းပြီ ဒါဆို ကျွန်တော် သွားမယ်"

မိုးညှ အလောတကြီးဟန်ဖြင့် ကိုယဉ်ကျေးရှေ့မှ ထွက်လာ
လိုက်၏။

အိမ်အောက်တွင် ဖြူတို့အိမ်အောက်ထပ်တံခါး ပိတ်ယား
မိုးညှ အသာနားစွင့်ရင်း အပေါ်ထပ်လှေကားကို တက်လိုက်သည်။ ဒေ
ဖွင့်သည့်အချိန်ထိ ဖြူတို့အိမ်ထဲမှ ဘာသံမှ ထွက်မလာသေး။

မိုးညှ အိမ်ထဲဝင်ပြီး လက်ထဲမှ ကျောပိုးအိတ်ကို စားပွဲပေ



ခစ်တင်လိုက်ပြီး အခန်းထဲသို့ ဝင်လာလိုက်သည်။

ဖြူ့အခန်းထဲသို့ အပေါက်မှ ကြည့်မည်ဆိုသော ရည်ရွယ်ချက်။
ကြမ်းခင်းပေါ် ထိုင်အချ

"ဝုန်း"

"အား"

"သေစမ်း အသံထွက်ဦး"

မိုးညှ အိပ်ရာခင်းစကို ကမန်းကတန်း ဆွဲဖယ်ပြီး အပေါက်မှ
နေ၍ အောက်ထပ်သို့ အငမ်းမရ ကြည့်လိုက်သည်။ ရင်ထဲမှာ ကျိန်းခနဲ
ရှုရှုနာကျင်ခြင်းတွေနှင့်အတူ တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်
သည်။

ထို့နောက် အိမ်ရှေ့လှေကားမှ အောက်ထပ်သို့ ဒေါသခြေလှမ်း
တွေဖြင့် ကမူးရှူးထိုး ဆင်းလာခဲ့လိုက်၏။

လက်သီးဆုပ်ဖြင့် တံခါးကို တဒုန်းဒုန်း ထုလိုက်သည်။

တအောင့်ကြာတော့ တံခါးပွင့်လာသည်။

"ဟေ့ကောင် ဘာကိစ္စလဲ"

ထွန်းနောင် လေသံ ခပ်ဆတ်ဆတ်ဖြင့် မေးလိုက်သဖြင့် မိုးညှ
ထွန်းနောင်ကို အထင်သေး ရွံရှာသောအကြည့်ဖြင့် ခပ်ချဉ်ချဉ်ကြည့်
လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အားနွဲ့တဲ့ မိန်းမတစ်ယောက်ကို ယောကျ်ားကြီးတန်မဲ့ လူကြားမကောင်း သူကြားမကောင်း နှိပ်စက်နေတာ ခင်ဗျား မရှက်ဘူးလား။ ခင်ဗျားနေနေတာ သုသာန်မဟုတ်ဘူး။ လူတွေနေနေတဲ့အိမ်၊ ခင်ဗျား ထင်တိုင်းကြဲနေလို့ ရမလား"

"ဘာ"

ဆင်ကြီးမှန်ယိုသလို ထွန်းနောင် ဒေါသတွေ တစ်လှေကြီး ထိုးထွက်လာသည်။ နဂိုကတည်းကမှ ဒီကောင့်ကို ဖြုတ်ချင်နေတာ ခုတော့ သူကစပြီး ကိုယ့်ရှေ့ကို ပြဿနာတွေ သယ်ပိုးပြီး တိုးဝင်လာတာ

"မင်းက ဘာကောင်မို့လို့ ငါ့ကိစ္စမှာ ဝင်ပြီး စွက်ဖက်ချင်ရတာလဲ ဟမ် ဟေ့ကောင်"

ထွန်းနောင် မိုးညာ၏အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲဖို့ လက်ရွယ်လိုက်သည်။ မိုးညာကလည်း လျှင်သည်၊ ကိုယ့်ဆီ မရောက်ခင် ထွန်းနောင်၏လက်ကို ဖတ်ခနဲ ပုတ်ထုတ်လိုက်သည်။

"ကျုပ်ကို ခင်ဗျား လက်ပါချင်တိုင်းပါလို့ရမယ် ထင်နေလား။ ခင်ဗျား ကျုပ်ကို ဘာကောင်လဲလို့ မေးစရာ မလိုသလို ကျုပ်ကလည်း ခင်ဗျား ဘာကောင်ကြီးပဲဖြစ်နေ ဖြစ်နေ ဂရုမစိုက်ဘူး။ အထင်လည်း မကြီးဘူး"



"တောက် မင်း မင်း ကဲကွာ"

ထွန်းနောင် မိုးညာကို လက်သီးတစ်လုံး ပစ်ကျွေး၏။ မိုးညာ လှပသော အကွက်သုံးပြီး ဝေ့ရှောင်လိုက်သည်။ ထွန်းနောင် အရှိန်လွန်ပြီး ရှေ့သို့ ယိုင်ထိုးသွားသည်။

"ကျုပ်က ခင်ဗျားမိန်းမလောက် အားမနွဲ့ဘူးဗျ၊ ခင်ဗျား အနိုင်ကျင့်လို့ လွယ်မယ်လို့ မထင်နဲ့၊ ခင်ဗျားလို ဘာအရည်အချင်းမှ မရှိဘဲ သွေးနားထင်ရောက်နေတဲ့ အတ္တသမားတစ်ယောက်ကို ကျုပ် လက်သီးနဲ့ မတန်လို့ ကျုပ်ဘက်က လက်စပြီး မပါသေးတာ"

"လောကမှာ ကျုပ် အမုန်းဆုံးလူက မိန်းမတွေကို ဗလအားကိုးနဲ့ အနိုင်ယူတတ်တဲ့ စိတ်ဓာတ်ချို့တဲ့နေတဲ့ ခင်ဗျားတို့လို လူတွေကိုပဲ"

"နေစမ်းပါဦး ငါနဲ့ငါ့မိန်းမ ပြဿနာတက်တာ မင်းက ဘာလို့ ဝင်ပါနေတာလဲ၊ မင်းက ငါ့မိန်းမနဲ့ ဘာပတ်သက်နေလို့လဲ"

"ကျုပ် ခင်ဗျားအိမ်ရှေ့မှာ လာရပ်တာ ခင်ဗျားမေးတာကို ဖြေဖို့မဟုတ်ဘူး၊ လူမဆန်တဲ့ ခင်ဗျားလုပ်ရပ်တွေကို ရပ်တန့်ကရပ်ဖို့ အိမ်နီးနားချင်းတာဝန်သိတဲ့လူတစ်ယောက်အနေနဲ့ လာပြောတာ"

"ဟုတ်လား ဒါဆို ငါက မင်းကိုပြန်ပြီး ကျေးဇူးတင်ရမှာပေါ့ ဟုတ်လား"

ထွန်းနောင် အချီသတ်ပြီး မိုးညာကို အလစ်ဝင်ထိုး၏။ မိုးညာ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း လျှင်ပြီးသား။ သတိရှိသူပီပီ ဖျတ်ခနဲ တိုးဝင်လာသော ထွန်းနောင်၏လက်သီးကို ဖတ်ခနဲ ဆုပ်ကိုင်ကာ လက်ကိုလိမ်ချိုးလိုက်သည်။

"ယောကျ်ားတိုင်း လက်သီးထိုးတတ်တယ်၊ ဒါပေမဲ့ ပညာပါဖို့တော့လိုတယ်၊ ခင်ဗျားရဲ့ဘာမှ အဖြစ်မရှိတဲ့ တိုက်ရည်ခိုက်ရည်လောက်ကလေးနဲ့ ရပ်ကွက်ထဲမှာ လူတွင်ကျယ် လာမလုပ်နဲ့ ပြေးပေါက်ပိတ်သွားမယ်"

မိုးညက ဘာမှမမှုသလို လေသံအေးအေးဖြင့် ပြောနေသလောက် ထွန်းနောင်မှာ လက်ကို လိမ်အချိုးခံထားရ၍ သူ့ကိုယ်ကြီးပါလိုက်လိမ်ပြီး ကုန်းကုန်းကွကွဖြင့် ခံရခက်နေ၏။

ဖြူ အခန်းအပေါက်ဝလေးမှာ မငံ့မရဲရပ်နေပြီး မိုးညကို မလုပ်ပါနှင့်ဟု မျက်နှာငယ်လေးနှင့် လက်ဟန်ခြေဟန်ပြကာ အသံတိတ် တောင်းပန်ရှာ၏။

"အ ဟော့ ဟော့ကောင် ငါ့လက်ကိုလွှတ်၊ လွှတ်စမ်း"

ထွန်းနောင် မချိမဆန့် ခံနေရ၍ သူ့လက်ကို တွင်တွင်လွှတ်ခိုင်းနေ၏။ ဟန်ချက်ပျက်နေသော ခန္ဓာကိုယ်နှင့် မိုးညကို လက်တုံ့ပြန်၍ကလည်း မရဘူးဖြစ်နေသည်။

"ခင်ဗျား နစ်နာပြီမဟုတ်လား၊ ခင်ဗျား တော်တော်ရယ်ရတဲ့လူ၊ ကိုယ့်အသားနာမှာကျတော့ ရှပ်ကကြောင်သူငယ်လေး



ဆာစောက ခင်ဗျားမိန်းမကို နှိပ်စက်နေတာကျတော့ ခင်ဗျား မိန်းမ နာရဘူးလား"

"ဟော့ ဟော့ လွှန်မယ်၊ မောင်မိုးည လက်လွှန်မယ်"

ခြံထဲသို့ အန်ကယ် ဦးစေတနာနှင့် ကိုယ်ဦကျေးတို့ ဝင်လာသည်။ သူတို့နောက်မှ စိုးလင်း၊ အောင်ရဲနှင့် တခြားအိမ်နီးနားချင်း အချို့လည်း လိုက်ဝင်လာကြသည်။

ဒီတော့မှ မိုးည ထွန်းနောင်လက်ကို လွှတ်ပေးလိုက်သည်။

"ဘယ်လိုဖြစ်ကြတာလဲ မောင်မိုးည"

ဦးစေတနာ သိပေမယ့် တမင် မသိချင်ဟန်ဆောင်လိုက်သည်။

"ဒီလူ အားအားရှိ မိန်းမကို လူမဆန်အောင် နှိပ်စက်လွန်းလို့ ဦးလေး။ ကျွန်တော်က တမိုးအောက်ထဲမှာ နေနေရတော့ လူ ချင်းချင်း စာနာမိရုံသက်သက်နဲ့ လာပြောတာပါ၊ ဒီလူ အမြဲတမ်း မိန်းမကို နှိပ်စက်နေတာ အန်ကယ်တို့လည်း သိပြီးသားပဲ"

"ဒီမှာ ဦးစေတနာ ကျွန်တော့်မိန်းမကို အပြစ်ရှိလို့ ရိုက်တာလေ၊ ကျွန်တော်က ပတ်ဝန်းကျင်က အိမ်တွေမှာ ဒီသောက်သုံးမကျတဲ့ကောင်မ နှိုက်ဖို့ တစ်အိမ်တက်ဆင်း ပါမစ်လိုက်တောင်းနေရမှာလား ထို့ ကောင်စားမျိုးက ကျွန်တော့်ကို လူတွင်ကျယ်လာလုပ်တာ၊ ခွေးချီး နင်းမိသလိုပဲ ခံရခက်တယ်၊ အော်ဂလီဆန်တယ်"

www.burmeseclassic.com

ထွန်းနောင် ပါးစပ်ဖြင့်သာ ပေါက်ပေါက်ဖောက်မတတ်

နေတာ လက်ကတော့ မိုးညကို ပြန်ပြီး လက်တုံ့မပြန်ရဲတော့။ မိုးည

လျှင်မြန်ဖျတ်လတ်မှုနှင့် ပညာသားပါသော တုံ့ပြန်မှုတွေကို ထွန်း

ဖြုံမိတာတော့ အမှန်ပင်။ မိုးညဆိုတဲ့ကောင် လူကောင်ကသာ

ပျော့ဖတ်နှင့် တကယ်တမ်းကျတော့ ထွန်းနောင် မယှဉ်နိုင်မှန်း

ကိုယ်ကိုယ် သိသည်။

"အိမ်နီးချင်းတွေ တစ်မိုးအောက်ထဲမှာ အပေါ်နဲ့အောက်

နေနေကြတာပဲ၊ မိုးလင်းရင် ဒီမျက်နှာတွေက တွေ့နေကြရမှာပဲ၊ ဒါ

ပြဿနာ မဖြစ်ကြပါနဲ့၊ မောင်ထွန်းနောင်ကလည်း ကိုယ့်မိန်း

ကြင်ကြင်နာနာနဲ့ဆက်ဆံပါ။ ယဉ်ရှယ်သူမို့ အမှားလုပ်မိလည်း သူ

အောင် သေသေချာချာ ရှင်းပြ ပြောပြပေါ့ကွာ၊ အမှန်အတိုင်းပြော

ကိုယ့်ကိုမှီခိုနေတဲ့မိန်းမကို ရိုက်တာနှက်တာကတော့ ကိုယ့်တန်ဖိုး

ကိုယ်နှိမ့်ချနေတာနဲ့ အတူတူပဲ မဟုတ်လား။ အားနွဲ့တဲ့မိန်းမမဟုတ်

ကိုယ်ပြုသမျှ သူခံရမယ့်အခြေအနေမှာ နိုင်လိုမင်းထက် ပြုတဲ့အခါ

တော့ တာဝန်သိတဲ့ အိမ်နီးချင်းနဲ့တွေ့တော့ ဂါ့တူပဲ ပတ်ဝန်းကျင်

အထင်သေးရှုတ်ချခြင်းကို ခံရတာပဲ မဟုတ်လား"

ဦးစေတနာ သာသာနှင့်နာနာလေး နက်တော့ ထွန်း

အိမ်နီးချင်း လူကြီးလူကောင်းလည်းဖြစ် ရပ်ကွက်၏ရာအိမ်မှူးလည်း





နေ၍ အီးမှန်ထားသော မျက်နှာဖြင့် ရှုပုတ်၍နေ၏။ ဘာမျှတော့ ပြန်

ပြော။

'လင်မယားတွေ ချစ်ချစ်ခင်ခင် နေကြပါ ကိုထွန်းနောင်ရာ၊

[illegible]များက ကံကောင်းလို့ မိန်းမငယ်ငယ်ရွယ်ရွယ်လေးကို ရထားတဲ့ဟာ"

ကိုယဉ်ကျေး ထိုသို့ ဝင်ပြောတော့ ထွန်းနောင် မဲ့လိုက်ပြီး

"ကျုပ်နဲ့ လက်ထပ်ထားပေမယ့် သူနဲ့ကျုပ်နဲ့က တစ်ဘဝစီပါ

[illegible] ခုချိန်ထိ ကျုပ် သူ့ကို မိန်းမတစ်ယောက်လို မဆက်ဆံပါဘူး၊

[illegible]လကား လင်ကြီးငုတ်တုတ်နဲ့ တခြားအကောင်ဆီ စိတ်ရောက်နေတဲ့

[illegible]မ အော်ဂလီဆန်လွန်းလို့"

"ကဲပါ မကြားဝံ့ မနာသာတွေ ပြောမနေပါနဲ့တော့၊ အခုကစ

[illegible] ဒီကောင်မလေးကို ရိုက်နှက်ပြီး မဆုံးမဖို့ ဦးလေး ရပ်ကွက်လူကြီး

[illegible]ယောက်အနေနဲ့ မေတ္တာရပ်ခံပါတယ်၊ တကယ်လို့ မင်းက ရိုက်နှက်

[illegible] ဟိုဘက်မိန်းကလေးက မခံနိုင်တော့လို့ အဖွဲ့အစည်းတွေကို တိုင်ရင်

[illegible]ပဲ ရှင်းရမှာ ခုတောင် ကောင်မလေးခမျာ မျက်နှာမှာ ဖူးယောင်နေ

[illegible]"

ဦးစေတနာ ပြောတော့ ကြက်ကြီးလည်လိမ်ထားသလို ခေါင်း

[illegible]ငိုက်စိုက်ကျနေ၏။

မိုးည ပြီးသလောက် ဖြစ်နေသော ပြဿနာကို ဆွဲမ[illegible]ချင်

www.burmeseclassic.com



တော့၍ အိမ်ပေါ်သို့ ခပ်တည်တည်ဖြင့် ပြန်တက်လာခဲ့လိုက်၏။

စိတ်ထဲမှာ အနည်းငယ်တော့ ပေါ့ပါးသွား၏။ ရိုက်နှက်ခံရ၍ မျက်နှာမှာ ညိုမည်းစွဲနေသော ဖြူ့အတွက်တော့ စိတ်မကောင်း ဖြစ်မိ၏။

ခဏာပဲ သည်းခံစောင့်ပေးပါ ဖြူရယ်။

■ ■ ■



အခန်း (၂၈)

"အစ်ကို"

"ဟင် ဖြူ ဖြူ အိမ်ပေါ်ကို တက်လာတယ်"

"အင်း ဟုတ်တယ် ဟိုလူယုတ်မာကို ကော်ဖီထဲ အိပ်ဆေးတွေ ထည့်တိုက်လိုက်လို့ လူသေကောင်ကြီးလို တုတ်တုတ်တောင် မလှုပ်တော့ဘူး။ အိပ်နေတာ ဒါကြောင့် ဖြူ အစ်ကိုဆီကို တက်လာတာ"

မြသားဖြူ မိုးညှ စာရေးစားပွဲ၏ဘေးတွင် ဝင်ထိုင်လိုက်သည်။ မြသားဖြူ၏မျက်နှာမှာ အညိုအမည်းတွေပင် ထင်နေကာ ပါးတစ်ခြမ်း အနည်းငယ် ရောင်ရမ်းနေ၏။

မိုးညှ ဖြူ့ကိုကြည့်ပြီး သနားသွားမိသည်။ ထို့နောက် ထိုင်ခုံမှ ထကာ ဖြူ့ရှေ့မှာ ရပ်၍ ဖြူ့မျက်နှာကို ဆွဲယူမော့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ တော်တော် နာနေလား"

ချစ်သူ စိုးရိမ်နေ၍ ဖြူ နာကျင်နေပေမယ့်သည်း အပြုံးလေး ဖြင့် ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း မနာတော့ပါဘူး အစ်ကို၊ အစ်ကို့ကြောင့် ဖြူ ဒီနေ့ ဒီလောက်နဲ့ ပြီးသွားတာ၊ နို့မို့ဆို ဖြူ မသက်သာဘူး။ ဖြူလေ အစ်ကို့ကို အရမ်းလည်း ကျေးဇူးတင်တယ်၊ အားလည်းကိုးတယ်၊ အစ်ကို က ဖြူ့ဘဝရဲ့ အားကိုးရာ နေမင်းကြီးဆိုလည်း ဟုတ်တယ်၊ လမင်းကြီး ဆိုလည်း ဟုတ်တယ်၊ ဖြူ့ဘဝကို အစ်ကို့အရိပ်မှာ ခိုလှုံခွင့်ရမယ်ဆိုရင် ဖြူလေ ဘဝမှာ ကံအကောင်းဆုံး မိန်းမတစ်ယောက် ဖြစ်မလားပဲ"

"ဖြူရယ် ကိုယ့်အချစ်တွေနဲ့ ဖြူ့ဘဝကို စိတ်ချမ်းသာစွာနဲ့ ရှင်သန်ရပါစေမယ်လို့ ကိုယ် ကတိပေးပါတယ်"

ဖြူ အရှေ့မှာ မျက်နှာချင်းဆိုင် ရပ်နေသော မိုးညှ၏ခါးကိုဖက် ကာ ချစ်သူ၏ဗိုက်သားပြင်နှင့် သူမ မျက်နှာကို အပ်ထားလိုက်သည်။

မိုးညှ ဖြူ့ပခုံးလေးကို ဖေးကူမလိုက်ပြီး ဖြူ့ကို မတ်တတ်ရပ် နိုင်းလိုက်သည်။ မျက်နှာချင်းဆိုင် ရပ်မိသည့် တစ်ခဏ ရင်ဘတ်ခြင်း အပ်မိကြပြီး ဖြူ့ နဖူးပြင်မို့မို့လေးကို အမြတ်တနိုး နမ်းရှိုက်လိုက်သည်။

"အ"

ဖြူ့နှုတ်မှ ညည်းသံလေး ထွက်သွားသည်။





"ဖြူ အရမ်းနာနေလားဟင် ဆောရီးနော်"

"ရ ရပါတယ်"

"ကိုယ် ဖြူ့ကို ဆေးလိမ်းပေးမယ်"

မိုးညှ ဒဏ်ကြေလိမ်းဆေးယူပြီး ဖူးယောင်နေသော မျက်နှာ ကို ခပ်ပါးပါးလေး ပွတ်လိမ်းပေးလိုက်သည်။

ဖြူ မျက်နှာတင်မဟုတ်၊ ကျောတွေမှာပါ အရိုးရာတွေဖြင့် မြောင်းလိုက်ထကာ အသားတွေပင် ပွန်း၍နေသည်။

မိုးညှ ဖြူ့အပေါ်အင်္ကျီလေးကို ခပ်ဖြည်းဖြည်းဖယ်ကာ ကျော ပြင်မှာ ရှိနေသော ဒဏ်ရာတွေကို ကြင်နာယုယစွာဖြင့် ဆေးလိမ်းပေး လိုက်သည်။

ဆေးလိမ်းပေးရင်းမှ ဖြူ့ဂုတ်သားဝင်းဝင်းလေးကို မြတ်နိုးစွာ နမ်းရှိုက်လိုက်သေး၏။

"ဖြူ ဒဏ်ရာတွေက အများကြီးပဲ၊ ဆေးပါသောက်ရလိမ့်မယ် ထင်တယ်၊ တောက် လူယုတ်မာ၊ ဥပဒေသာမရှိရင် ကိုယ်လေ သူ့ကို ဓားခင်းကတည်းက တစ်ခါတည်း သတ်ပစ်လိုက်တယ်"

မိုးညှ ထိုသို့ မကျေမချမ်းပြောတော့ ဖြူ မျက်လုံးအဝိုင်းသား သားနှင့် အလန့်တကြား မော့ကြည့်ကာ

"အို ဟင့်အင်း ဖြူ့ကြောင့် အစ်ကို ဒီလို လူယုတ်မာနဲ့သွေး



www.burmeseclassic.com

www.burmeseclassic.com



တွေ အစ်ကို့လက် မစွန်းပါစေနဲ့၊ အဲဒီအခါကျရင် ဖြူ ဒီထက်ပို
နာကျင်ရလိမ့်မယ် အစ်ကို၊ နေ့ခင်းကတောင် ဖြူ့မှာလေ ကြောက်လွ
လို့ လိပ်ပြာတွေ ဘာတွေတောင် လွင့်သွားမလားလို့ ထင်ရတယ်သိလား
တော်သေးတာပေါ့ ဖြူ့ချစ်သူက သူ့ရဲ့ကောင်းမှုလို့ အသားတစ်စ
မနာလိုက်ရလို့''

''နာစရာလား ဖြူရဲ့၊ ကိုယ်က ဒီလူ့လောက်ကို အသာလေး
ရင်ဆိုင်လို့ရတယ်၊ ဖြူ့ချစ်သူက ဂျူဒိုမှာ ခါးပတ်နက်ရထားပြီးသား
ဘာမှမပူနဲ့၊ နေ့ခင်းက ကိုယ် စိတ်ရှိတိုင်းသာလုပ်ရင် ဒီလူ သုံးလေး
လောက် မှောက်သွားနိုင်တယ်၊ ဒါပေမဲ့ ဖြူ့ကို ဒီလူ လှည့်မဲမှာစိုး
ကိုယ့်စိတ်ကို လျှော့လိုက်တာ''

''အဲဒီလိုပဲ ကောင်းပါတယ် အစ်ကိုရယ်၊ ဒီလူက အရ
ကောက်ကျစ်တယ် အစ်ကိုရဲ့၊ အစ်ကို့ကို သူ့ရဲ့လူမိုက်တွေခေါ်ပြီး ရန်
မှာ ကြောက်ရတယ်၊ ဖြူတော့ အစ်ကို့ကို သိပ်စိတ်ပူတာပဲ သိလား''

''အစ်ကို့အတွက် မပူနဲ့ ဖြူသာ အဲဒီလူနဲ့ ပြဿနာမဖြ
အောင်နေ၊ နောက်ပြီး ဖြူ့ကို အစ်ကိုဝမ်းသာစရာကိစ္စတစ်ခု ပြောရဦး
မယ်''

ဖြူ မျက်တောင်ရှည်ကြီးတွေကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း
မိုးညပြောမည့် အကြောင်းအရာကို မျက်နှာလေးမော့ပြီး နားထောင်





ရှာ၏။

ချက်ချင်း မပြောသေးဘဲ သနားစရာကောင်းသည့် ဖြူ့မျက်နှာ
လေးကို ကရုဏာသက်စွာ စိုက်ငေး၍ ကြည့်နေမိ၏။

''အစ်ကို ပြောလေ ဝမ်းသာစရာစကားဆိုတာ ဘာကိုပြော
တာလဲ''

''မနက်ဖြန် ဖြူ့မိဘတွေ ရန်ကုန်ကို လာကြလိမ့်မယ်၊ ကိုယ်
လေဆိပ်ကို သွားကြိုရမယ်''

ဖြူ့မျက်နှာလေးမှာ အံ့ဩမှုအရိပ်တွေ ဝမ်းသာခြင်းအရိပ်တွေ
ရောထွေးကုန်ကာ မျက်ဝန်းလေးတွေ ရွှန်းလက်၍နေပြီး ဘာပြောရမှန်း
မသိအောင် နှုတ်တွေ ဆွံ့အနေလျက် နီရဲစိုနေသော နှုတ်ခမ်းသား
လေးတွေပင် တဆတ်ဆတ် တုန်ယင်၍နေ၏။

''အစ်ကို တကယ်ပြောနေတာလားဟင်၊ ဖြူ့ကို ဖြူ့မိဘတွေ
လာခေါ်ကြလိမ့်မယ် ဟုတ်လား''

''ဟုတ်တယ်လေ ဘာဖြစ်လို့လဲ၊ ဖြူ မပျော်ဘူးလား''

ဖြူ့မျက်နှာ ညှိုးသွား၍ မိုးည အထိတ်တလန့် မေးလိုက်သည်။

''ပျော်တာပေါ့ အစ်ကိုရယ်၊ ဒါပေမဲ့ ဒီလူက ဖြူ့ကို လွယ်လွယ်
နဲ့ အလွှတ်ပေးပါ့မလားလို့ စိတ်ပူနေတာ''

''စိတ်မပူပါနဲ့ ဖြူရယ်၊ သူက ဖြူ့ကို တရားမဝင်တဲ့နည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ထားတာ၊ မိဘအုပ်ထိန်းသူ လာခေါ်ရင် သူ မလွဲမသွေ ထည့်ပေးရမှာပေါ့''

''မထည့်ပေးရင်ရော''

''တရားဥပဒေက ဘာလုပ်ဖို့ ထားတာလဲ''

''အစ်ကိုကရော ဒီမှာပဲ ဆက်နေခဲ့မှာလား''

''မနေပါဘူး၊ ဖြူနဲ့အတူ လိုက်ပြန်မှာပေါ့၊ ကိုယ် ရန်ကုန်တက်လာတဲ့ ရည်ရွယ်ချက်က ဖြူ့ကိုရှာဖို့ပဲ၊ ဖြူ့ကို တွေ့မှတော့ ကိုယ်လည်း ရန်ကုန်မှာနေခဲ့စရာ အကြောင်းကိုမရှိတော့ဘူး''

''ဖြူ့ကြောင့် အစ်ကို စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ရပြီ၊ ဖြူ အားနာလိုက်တာ အစ်ကိုရယ်''

''ဘာအားနာစရာလိုလို့လဲ ဖြူ၊ ကိုယ့်ဘဝမှာ ဖြူ မရှိရင် မနေတတ်တာ ဖြူ့ကို လက်လွှတ်အဆုံးရှုံးမခံနိုင်တဲ့ စိတ်တစ်ခုကတင် အစ်ကို့အတွက် ရန်ကုန်ကို တက်လာဖို့ အင်အားသစ်တစ်ခု ဖြစ်ထွန်းခဲ့တာပေါ့၊ အခု ကိုယ့်မေတ္တာတရားစစ်မှန်လို့ ကံကြမ္မာက ဖြူရှိနေတဲ့ နေရာကို တွန်းပို့ခဲ့တာပေါ့၊ ဘယ်လောက် တိုက်ဆိုင်လိုက်သလဲလို့ [illegible] တော့ ကံကြမ္မာကို တော်တော်လေး ကျေးဇူးတင်မိတယ်''

''ဖြူလည်း ဒီလိုပဲ အစ်ကို၊ တစ်ခါတလေ အစ်ကိုနဲ့ခုလို တွေ့နေကြရတဲ့အချိန်လေးတွေ ဖြူ့အနားကနေ အိပ်မက်တွေလို အငွေ့





ပွဲထွက်သွားမှာကို ကြောက်တယ်''

''မကြောက်ပါနဲ့တော့ ဖြူရယ်၊ ဖြူ့အနားကနေ ဘယ်လို အကြောင်းပြချက်မျိုးနဲ့မှ ကိုယ် ခွဲမသွားဘူးဆိုတာ ယုံပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အနာဂတ်ကလည်း ဖြူရှိမှ အရာရာပြီးပြည့်စုံမှာလေ''

စိုးရိမ်ပူပန်မှုတွေ ခဝါချပြီး သန်းခေါင်ယံညရဲ့ တိတ်ဆိတ်ခြင်းတွေထဲမှာ ချစ်သူနှစ်ဦး အနမ်းတွေ အဆက်မပြတ် ခွေလျက် အချစ်တွေကို သက်သေထူလို့နေ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"လာ မောင်မိုး အန်တီတို့လည်း ခုပဲ မောင်မိုးဆီကို အန်တီတို့ ရောက်တဲ့အကြောင်း ဖုန်းဆက်တော့မလို့"

လေဆိပ်တာဝါထဲရှိ ထိုင်ခုံတွေမှာ မိုးညအလာကို ထိုင်စောင့်နေသော ဒေါ်စပယ်ညို့နှင့်ဦးမိုးကောင်း မိုးညကို အားတက်သရော ကြိုဆွတ်ဆက်ကြ၏။

"လမ်းမှာ ကားပျက်နေလို့ လေယာဉ်ဆိုက်ချိန် မမီလိုက်တာ တောင်းပန်ပါတယ်"

"အိုကွာ ခု မင်းရောက်လာပြီပဲ၊ တောင်းပန်စရာ လိုတော့လို့ လား ဟား ဟား ဟား"

ဗျူး၀၁၇၆ပ



ဦးမိုးကောင်း မိုးညထံပခုံးကိုဖက်ပြီး ပြုံးရွှင်ရယ်မောစွာ ပြောတော့မှပဲ မိုးည စိတ်သက်သာရာရသွားတော့၏။

"ကဲ သား အန်တီတို့ သမီးဆီ အရင်သွားတွေ့ကြမယ်၊ သမီးက အခု ဘယ်မှာနေနေတာလဲ"

ဒေါ်စပယ်ညို့ သမီးကို တွေ့ချင်ဇောနှင့် စိတ်လောကြီးစွာ ပြော၏။

"နေဦးလေ စပယ်ရယ် ဒီအထုပ်အပိုးတွေနဲ့ သွားတွေ့လို့တော့ သိပ်အဆင်မပြေလှဘူးလေကွာ၊ ဒီတော့ ဟိုတယ်တစ်ခုခုမှာ တည်းဖို့ အရင်ဆုံး လုပ်ရမယ်လေ"

"ကျွန်တော် အိမ်မှာပဲ တည်းပါလား ဦးရယ်"

"မောင်မိုး ပြောပုံအရဆို သမီးနဲ့မောင်မိုးက တစ်မိုးအောက်ထဲမှာ နေနေတယ်ဆိုတော့ ဦးတို့ပါ လာတည်းလို့ မဖြစ်ဘူး ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဦးတို့အတွက် အဆင်ပြေပေမယ့် မောင်မိုးအတွက် အဆင်မပြေဘူး၊ ဟိုလူက မောင်မိုးကို ပြဿနာရှာနိုင်တယ်၊ ဒီတော့ ဦးတို့ အပြင်မှာ ခဏတည်းပြီး ပြဿနာကို ဖြေရှင်းကြတာပေါ့၊ ဒါဆို မောင်မိုးကိုလည်း လာပြီးမနှယ်တော့ဘူးလေ၊ နို့မို့ဆို မောင်မိုးစနေ့ကြောင့် ဦးတို့ သမီးကို ရှာတွေ့သွားတယ်လို့ ထင်နေကြလိမ့်မယ်"

ဗျူး၀၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်တယ် သား၊ ခု ပြဿနာတောင် အန်တီ တို့ လိမ္မာပါးနပ်စွာ ရှင်းရမှာ၊ နောက်ထပ် ပြဿနာနောက်တိုး တစ်ခု ထပ်ဝင်လို့ မကောင်းဘူး"

ဒေါ်စပယ်ညို ပါဝင်ပြီး ထောက်ခံသဖြင့် မိုးည ဆက်ပြီး မဆွဲတော့။

"ကဲ သွားကြရအောင်"

"ဟုတ်ကဲ့ ဦး"

မိုးည အဝတ်သေတ္တာကို ကူဆွဲပေးလိုက်၏။ လေဆိပ်ထဲမှ ထွက်တော့ ကားတစ်စီးငှားပြီး ဈေးသက်သာသော ဟိုတယ်အသေးစား လေးသို့ ပို့ခိုင်းလိုက်၏။

ကားပေါ်ရောက်တော့ ဦးမိုးကောင်း သမီး အခြေအနေကို စတင်မေးတော့၏။

"သမီးရဲ့ ကျန်းမာရေး အခြေအနေရော ကောင်းရဲ့လား မောင်မိုး"

"ကောင်းပါတယ်၊ ဝေဒနာကြောင့်အတိတ်ကို ပြန်ပြီး သတိ မရမိတာကလွဲလို့ အားလုံး လူကောင်းတစ်ယောက်လိုပါပဲ၊ ကျွန်တော့် ကိုလည်း သူနဲ့စေ့စပ်ထားတဲ့သူဆိုတာ သူ လုံးဝ မမှတ်မိတော့ပေမယ့်





ကျွန်တော့်ဘက်က နိုင်လုံတဲ့ အကြောင်းပြချက်တွေကြောင့် သူ ယုံယုံ ကြည်ကြည်နဲ့ လက်ခံပါတယ်"

"အန်တီ့သမီးလေးကျမှ ဒီလိုအဖြစ်ဆိုးနဲ့ ကြုံရတယ်လို့ကွယ်၊ တွေးမိရင် ဘယ်လိုမှ မဖြေနိုင်ဘူး၊ သမီးလေးကို ခုလို ပြန်တွေ့အောင် ရှာပေးတဲ့အတွက်လည်း မောင်မိုးညကို အရမ်းကျေးဇူးတင်ပါတယ်ကွယ်"

ဒေါ်စပယ်ညို ရင်ထဲမှာ မိုးညကို လှိုက်လှိုက်လှဲလှဲ ကျေးဇူး တင်မိတာ အမှန်ပင်ဖြစ်သလို အရင်အခြေအနေလို ကိုယ့်သမီးဟာ မြူစင်သော အပျိုစင်တစ်ယောက် မဟုတ်တော့တာတောင် မေတ္တာမပျက်၊ ယွင်းသည့် မိုးည၏မွန်မြတ်သော စိတ်နေစိတ်ထားကို လေးစား၍မဆုံး တော့။

သမီးလေးကို မိုးညလက်ထဲ စိတ်ချလက်ချ အပ်နှံပြီး လူ့ လောကထဲက ထွက်ခွာရမည်ဆိုလျှင်တောင် ရဲရဲဝံ့ဝံ့ကြီး ထွက်ခွာရဲပါ သည်။

မိုးညသာ သမီးကို ရှာမတွေ့ခဲ့လျှင် ဒေါ်စပယ်ညိုတို့နှင့်သမီး လေး ဘယ်တော့မှ ပြန်တွေ့နိုင်တော့မည် မဟုတ်။

"ဖြူလည်း သူ့မိဘတွေ လာမယ်ဆိုလို့ အရမ်းကိုတွေ့ချင်နေ ရှာတယ်၊ နောက်ပြီး မိဘကိုတောင် ပြန်မမှတ်မိနိုင်တဲ့ သူ့ဧည့်သည်မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ အားမလိုအားမရ ဖြစ်နေတယ် အန်တီ''

''သမီးလေးကို ဦးနှောက်နဲ့အာရုံကြော ဆရာဝန်နဲ့ ပြကြည့်ပြီး လိုအပ်တဲ့ဆေးကုသမှုကို ခံယူနိုင်းမှာပါ၊ ကုန်ချင်သလောက် ကုန်ပါစေ မြန်မာပြည်မှာ ကုဖို့မလွယ်ဘူးဆိုလည်း နိုင်ငံခြားထိ သွားကုပေးမယ် အဓိကက သမီးလေး လူကောင်းအတိုင်း ပြန်ဖြစ်လာဖို့ပဲ''

''တီ တီ တီ''

ကားထဲမှာ စကားပြောနေရင်းမှ ဖုန်းမြည်လာသဖြင့် မိုးညှ ဘောင်းဘီအိတ်ထဲမှ ဟန်းဖုန်းကို ထုတ်ယူလိုက်သည်။

''ဟဲလို မေမေ''

''...''

''ဟုတ်ကဲ့ ရောက်ပြီ၊ ခုပဲ လေဆိပ်ကနေ ခုပဲ ကြိုလာတယ် မေမေ၊ အန်တီ ဘေးမှာရှိတယ်၊ ပြောလိုက်ဦး''

မိုးညှ ဖုန်းကို ဒေါ်စပယ်ညိုကို လှမ်းပေးလိုက်၏။

''ရော့ အန်တီ၊ မေမေ စကားပြောမလို့တဲ့''

ဒေါ်စပယ်ညို မိုးညှ လက်ထဲမှ ဖုန်းကို လှမ်းယူလိုက်ပြီး

''ဟဲလို နိုင်ရေ ရန်ကုန်ကို လျောလျောလျူလျူ ရောက်တယ် ခုလည်း သားလာကြိုတယ်လေ''





''...''

''စိတ်ထဲမှာမကောင်းဘူး နိုင်ရယ်၊ သမီးလေး ခုလိုအဖြစ်ဆိုး နဲ့ ကြုံရလို့ ကိုယ့်မှာ သေမတတ်ကို စိတ်ထိခိုက်ရတယ်၊ နောက်ပြီး တို့ မိသားစုကိုလည်း အရမ်းအားနာတယ်''

ဒေါ်စပယ်ညို ပြောနေရင်းဖြင့် ဝမ်းနည်းသံကြီးဖြင့် အသံတွေ အက်လာသည်။ မျက်ရည်တို့ ရစ်ဝဲလာသည်။

''ကိုယ့်သမီးလေး ဒီလိုဘဝမျိုးရောက်တာတောင် နိုင်တို့ မိဘ အနေနဲ့ရော သားလေးမိုးညှအနေနဲ့ပါ အဖြစ်တစ်စုံတစ်ရာမဆိုဘဲ ယ်ပွဲကို မဖျက်ဘဲ လက်ခံပေးတဲ့အတွက် ကိုယ် ကျေးဇူးအရမ်းတင် တယ်၊ ဒီကျေးဇူးတွေကို နောင်ဘဝအထိ သယ်သွားလို့ရရင်တောင် ယ်ပြီး နောင်ဘဝအထိ ကျေးဇူးဆပ်နေမှာပါ''

''...''

''အင်းပါ သမီးလေးနဲ့တွေ့ပြီးရင် ကိုယ့်သမီးကို ရအောင်ပြန် မှာပါ၊ ဒီလိုလူမျိုးနဲ့ ကိုယ့်သမီးကို ဆက်လက်မပေါင်းသင်းနိုင်ဘူး၊ ဘက်က ငြင်းဆိုရင် ကိုယ်တို့ဘက်က စိတ်ရောဂါဝေဒနာသည်ကို လိုမတူဘဲ ပေါင်းသင်းနေထိုင်မှုနဲ့ တရားစွဲမယ် နိုင်''

''...''



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ နိုင်ရယ်၊ အတတ်နိုင်ဆုံးတော့ ကိုယ်တို့ဘက်က
ပြဿနာကို အေးအေးဆေးဆေးနဲ့ ဖြေရှင်းမှာပါ၊ သမီးအဖေလည်း
ပါတယ်လေ၊ ကိုယ်ကတော့လေ သမီးလေးကို မေတ္တာစစ် မေတ္တာ
ချစ်တဲ့သားမိုးညနဲ့ အလွဲမခံနိုင်ဘူး"

"..."

"အင်း ကောင်းပြီ နိုင်၊ ကိုယ် အကြောင်းထူးရင် နိုင်
ဖုန်းဆက်မယ်သိလား"

"..."

"အင်း ဒါဆို ဒါပဲနော် နိုင်"

ဒေါ်စပယ်ညို ဖုန်းပိတ်လိုက်ပြီး မိုးညကို ဖုန်းလှမ်းပေးလိုက်
သည်။

"ရော့ သား"

မိုးည လှမ်းပေးသော ဖုန်းကို တရိုတသေ ယူလိုက်သည်
ဖြူ့အတွက် စိတ်မကောင်းဖြစ်နေသော ဒေါ်စပယ်ညိုအား ဘယ်
နှစ်သိမ့်ပေးရမှန်းပင် မသိတော့။

အမှန်ဆို မိုးညကိုယ်တိုင်လည်း ဖြူ့အဖြစ်ဆိုးကြောင့် ရင်
မှာ အနှိုင်းမဲ့ နာကျင်နေရတာပဲ။





သို့သော် ထိုနာကျင်မှုတွေကို မိုးည အပြင်သို့ ဘယ်တော့မှ ထုတ်ဖော်မည်မဟုတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဒါတွေက ဘာတွေလဲ မိဖြူ"

အိပ်ဆေးထည့်ထားသော ပုလင်းညိုညိုလေးကို ဖြူ့ရှေ့သို့ ဆောင့်ခနဲ ချပြီး မေးလိုက်သဖြင့် ဖြူ မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ဘယ်လိုဖြေရမှန်းမသိ။

"ငါ မေးနေတယ်လေ၊ ဒါ ဘာဆေးလဲလို့ ငါ့ကို လိမ်ဖို့ မကြိုးစားနဲ့"

"ဟို ဖြူ ဖြူသောက်ဖို့ အိပ်ဆေးပါ"

ထွန်းနောင် ဖြူ့အဖြေကို မယုံကြည်သောအပြုံးဖြင့် ဟက်ခနဲ တစ်ချက်ရယ်ကာ ဖြူ့မျက်နှာနှင့် အနီးဆုံးဖြစ်အောင် သူ့မျက်နှာကို



တိုးကပ်လိုက်သည်။

"မင်းက သေချင်လို့လား၊ လူ့လောကကြီးထဲမှာ မနေချင်တော့ဘူးပေါ့ ဟုတ်လား။ ငါနဲ့နေရတာ မင်းအတွက် သေချင်စိတ်ပေါက်သွားလို့ပေါ့ ဟုတ်လား"

မေးခွန်းပေါင်းများစွာကိုမေးရင်း ဖြူ့မျက်နှာကို သူ့လက်ကြမ်းကြီးဖြင့် ဆွဲယူမော့လိုက်သဖြင့် ဖြူ နာကျင်သွားသည်။

"မ မဟုတ်ပါဘူး အစ်ကိုကြီး၊ ည ညဆို ဖြူ အိပ်မပျော်လို့ အိပ် အိပ်ဆေးသောက် သောက်အိပ်ရလို့ပါ"

"ဪ ဟုတ်လား။ အိပ်လို့ရော ပျော်လား၊ ငါကတော့ ညဆို မင်းတိုက်တဲ့ ကော်ဖီသောက်ပြီးတာနဲ့ တစ်ကျိုးတည်းကို အိပ်တော့တာပဲ၊ လုံးဝကို မနိုးတော့ဘူး။ ဒီတော့ ဒီအိပ်ဆေးက မင်းသောက်တာလား၊ ငါ့ကိုတိုက်နေတာလား"

"ဖောင့်အင်း မဟုတ်ဘူး။ မတိုက်ပါဘူး အစ်ကိုကြီးကို ဖြူ အိပ်ဆေးမတိုက်ပါဘူး။ ဖြူ့ကိုယုံပါ၊ ဖြူ တကယ်ပြောတာပါ၊ ဖြူ မညာပါဘူး"

ကလေးတစ်ယောက်လို မျက်ကလူးဆန်ပြာလေးနှင့် ငြင်းနေရှာသော ဖြူ့ကိုကြည့်ပြီး ထွန်းနောင် တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကြမ်းကြီးဖြင့် ဆွဲယူမော့နေသော ဖြူ့မျက်နှာကို ဆောင့်ခနဲ တွန်းလွှတ်လိုက်သည်။ ဖြူ နောက်ဘက်သို့ အရှိန်မထိန်းနိုင်ဘဲ ဖင်တိုက်ရက် လဲကျသွားသည်။

"နင် ငါ့အပေါ် တစ်ခုခု ကြံစည်နေတယ်ဆိုတာ ငါ သိတယ်၊ ငါ့စိတ်က သိနေတယ် မိဖြူ၊ နင်က ငါကောင်းကောင်းမွန်မွန် ရှာကျွေးနေတာကို ငြိမ်ငြိမ်သက်သက် ထိုင်မစားချင်ဘူးကို။ ဒီတော့ နင့်ကိုငါ အအားမထားဘူး။ ကဲ ခုထ ငါ့သူငယ်ချင်းတစ်ယောက် မာဆတ်ဖွင့်ထားတဲ့နေရာကို နင့်ကိုငါ လိုက်ပို့မယ်၊ နင့်လို ချော့လှနေတဲ့ မိန်းကလေးမျိုးကို ငါကခေါ်သွားရင် ငါ့ကို မြိုးမြိုးမြက်မြက်ကိုပေးမှာ၊ အမှန်ဆို နင်က ငါ့အတွက် အသုံးမှ မဝင်တာ၊ နင်လှတာကိုလည်း ငါ ခံစားလို့မရဘူး။ ဟိုကအကောင်တွေဆိုရင် နင့်အလှကို အရသာရှိရှိနဲ့ ဖိမ်ခံပြီး ခံစားကြမှာ။ ဒီတော့ ငါ ရော်နိုကို ပြောပြီးပြီ"

ဖြူ ကြမ်းခင်းပေါ် ဖင်ထိုင်လျက် လဲကျနေရာမှ ကြောက်အားလန့်အားဖြင့် ထရပ်လိုက်သည်။

"ဟင့်အင်း မသွားဘူး၊ လုံးဝမသွားဘူး။ ဖြူ့ကို ဒီအိမ်မှာ မနေနဲ့ဆိုရင် ဖြူ ခုပဲ ထွက်သွားတော့မယ်၊ အမှန်ဆို ဖြူကလည်း ဒီမှာ မနေချင်တော့ပါဘူး၊ ဒီအိမ်ကနေ အပြီးထွက်သွားချင်နေတာပါ"

ချစ်သူအားကိုးနှင့် ဖြူ ထွန်းနောင်ကို ပြန်ပြောလိုက်သည်။





န်းနောင် မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။

"ဘယ်လို နင်က ဒီအိမ်က ထွက်သွားချင်နေတာပါ ဟုတ်လား။ တော် ထင်တော့ထင်သား၊ နင့်မှာ အကောင်တစ်ကောင်ကောင် ားကိုးရှိနေဆိုတာ၊ ကြိုက်တယ် ငါကလည်း ဒီလိုပွဲမျိုးမှ ထိပ်တိုက် ရှင်နေတာ"

ထွန်းနောင် ဖြူ့ဆံပင်တွေကို ဆတ်ခနဲ ဒေါသတကြီး ဆောင့် ိုက်သည်။ ဖြူ ဇက်လည်ကြာ ထွန်းနောင် ဆွဲဆောင့်ရာသို့ ခပ်စောင်း င်းပါလာသည်။

"ပြော နင်နဲ့ ဘယ်အကောင်နဲ့ ဖြစ်နေတာလဲ၊ ငါ့ကိုပြော၊ ဒီလို အကွက်တွေရွှေ့နေတယ်ဆိုတာ ငါ ရိပ်မိနေတာ ကြာပြီ၊ ုးလက်ကြပ် မမိသေးလို့ ဘာလဲ အပေါ်က ကောင်နဲ့လား"

"အို မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး။ ဘယ်အကောင်နဲ့မှမဟုတ် ဖြူ့ဘဝကို အစ်ကိုကြီးလက်ထဲမှာ အပျက်စီးခံမယ့်အတူတူ ဖြူ့ဟာ တ်ရာကျွတ်ရာကို ထွက်သွားလိုက်တာမှ ပိုပြီးသင့်တော်မယ် ထင်လို့ နေတာ"

"နင်က ငါ့လက်ထဲကနေ အဲဒီလောက် လွယ်လွယ်နဲ့ ထွက်သွား ယ်လို့ ထင်နေလား ဟင် ကောင်မ"

ဆံပင်တွေကို ဆွဲထားရာမှ ထပ်ပြီးဆောင့်ဆွဲလိုက်သဖြင့် ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွေ နာကျင်သွားရ၏။

"အား နာတယ် ဖြူကို ဆံပင်မဆွဲပါနဲ့၊ ဖြူ နာတယ်"

"နာရင် အဲဒီနေရာမှာ ဘုန်းခနဲ သေလိုက်စမ်း။ နင့်ကို အသာ
တင်နာခိုင်းမှာမဟုတ်ဘူး။ နင့်ဘဝတစ်ခုလုံး စုတ်ပြတ်သွားအော
နာကျင်စေရမယ်၊ နင့်အကောင်တွေနဲ့လည်း နင် မပေါင်းစေရဘူး"

ထွန်းနောင် အရာအားလုံးကို ရိပ်မိနေသဖြင့် စိတ်ထဲရှိသ
အတိုင်း စကားလုံးကြမ်းကြမ်းတွေဖြင့် ဆဲရေးတိုင်းထွာလိုက်သည်။

ဖြူ နာကျင်လွန်း၍ ပါးပြင်မှ မျက်ရည်ပေါက်ပေါက် ကျ
သည်။ ဖြူ ဝဋ်ကြွေးတွေ ဘယ်တော့များမှ ကုန်ဆုံးနိုင်တော့မလဲ
နာကျင်ခြင်းတွေကြားမှ ဝမ်းနည်းဆို့နင့်စွာ တွေးလိုက်မိသေး၏။

ထွန်းနောင် ဆံပင်မှဆွဲကာ အိမ်ပေါက်ဝအထိ ဖြူကို ဒရွ
တိုက် ဆွဲလိုက်၏။

"အား ကယ်ကြပါဦး၊ ကျွန်မကို နှိပ်စက်နေပါတယ် ကယ်
ကြပါဦးရှင်"

ဖြူ နာကျင်လွန်းသဖြင့် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအ
တောင်းလိုက်သည်။

ထိုအချိန် မိုးညှ ခြံထဲဝင်အလာနှင့် ကြုံသွားသည်။

ထိုမြင်ကွင်းကို မိုးညှ မြင်လိုက်တော့ ချစ်သူအတွက်





မရပ်နိုင်ဖြစ်ကာ မျက်လုံးတွေ ပြာဝေပြီး ဒေါသသွေးတွေ ခန္ဓာကိုယ်အနှံ့ ဆူပွက်၍သွား၏။

"ဟေ့လူ လွှတ်စမ်း။ ခင်ဗျား ယုတ်မာလှချည်လား ကဲကွာ"

"ခွပ် ခွပ်"

မိုးညှ လက်သီးတွေက ထွန်းနောင်ပါးပေါ်သို့ အဆက်မပြတ် တိုးဝင်သွားသည်။ ထွန်းနောင် ရုတ်တရက်ဆိုတော့ ရှောင်ချိန်မရလိုက်။ ခန္ဓာကိုယ်ကပါ မထိန်းနိုင်ဘဲ ကြမ်းပြင်ပေါ် ဖင်ထိုင်လျက် လဲကျသွားသည်။

ဖြူ ရသမျှအခွင့်အရေးကို လက်လွှတ်မခံတော့။ ဒီအချိန်မှာ ဘာကိုမှလည်း ကြောက်မနေတော့။ ချစ်သူသာလျှင် ဖြူ့အတွက် ထာဝရ အားကိုးရာ ဘေးမှာချစ်သူရှိနေမှတော့ ဘာများကြောက်နေရ ဦးမှာလဲ။

"မင်း မင်းနဲ့ဒီကောင်မ တစ်ခုခု ပတ်သက်နေတယ် မဟုတ်လား"

သွေးရူးသွေးတန်းဖြင့် မေးနေသော ထွန်းနောင် အမေးကြောင့် မိုးညှ ဖြူ့လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

"ခင်ဗျား ထင်ချင်သလို ထင်နိုင်တယ်၊ ဒီအချိန်မှာ ခင်ဗျား ဘာထင်ထင် အကြောင်းမဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖြူ့ရဲ့ မိဘတွေ ဖြူ့ကိုခေါ်ဖို့အတွက် ရပ်ကွက်ရုံးကို ရောက်နေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ထွန်းနောင် မျက်နှာမှာ မယုံကြည်နိုင်ခြင်း၊ အံ့သြခြင်းတွေဖြင့် ဆောက်တည်ရာမရ ဖြစ်သွားသည်။

ဖြူ့ရင်ထဲမှာ ကြောက်စိတ်တွေ တစ်စတစ်စ လွှင့်ပျယ်၍နေလေပြီ။

ဖြူ့ဘေးမှာ ချစ်သူရော မိဘရော ရောက်နေမှတော့ ဖြူက ဘာကို ကြောက်နေစရာလိုတော့လို့လဲ။

■ ■ ■

ဗျူး၁၁၆ပ

## အခန်း (၃၁)

ရပ်ကွက်လူကြီးတွေနှင့် ဒေါ်စပယ်ညို့တို့လင်မယား ခြံထဲကို ...ကြသည်။

ထွန်းနောင်နှင့်မိုးညတို့ အခြေအတင်တွေ ပြောကြဆိုကြနှင့် ... အေးအေးဆေးဆေး ဖြေရှင်း၍မရနိုင်ဘူးဆိုတာကို ဦးမိုးကောင်း ...ိုက်သည်။

"မောင်ထွန်းနောင် ဦးတို့ ဖြေရှင်းစရာကိစ္စလေးရှိလို့ အိမ်ပေါ် ...က်မယ်ကွယ်"

ဦးစေတနာ ရပ်ကွက်လူကြီးတစ်ယောက်အနေဖြင့် လူ့ရေးအရ ...ာင်းလိုက်သည်။

"ကျွန်တော့်မှာ ဘာဖြေရှင်းစရာအကြောင်းကိစ္စမှ မရှိပါဘူး"

ဗျူး၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနောင် ဂျစ်ကန်ကန်ဖြင့် ခပ်တင်းတင်းပြန်ပြောလိုက်သည် ဒေါ်စပယ်ညို ထွန်းနောင်၏ရင့်သီးရိုင်းစိုင်းပုံကိုကြည့်ပြီး ရင်ထဲမှာ မ မြို့ခြင်းတွေ အထင်သေးစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

ထို့နောက် မျက်ရည်လည်ရွဲဖြင့် ကြောင်ငေးငေးလေး ရပ်ကြ နေသော သမီးလေးကို ရင်နင့်စွာဖြင့် ကြည့်လိုက်ပြီး အိမ်ပေါ်သို့ စိတ် လောကြီးစွာ တက်လိုက်သည်။

"သမီး သမီးလေး မြသာ၊ အမလေး ကြည့်ပါဦး ဒုက္ခ ပင်လယ်ဝေနေလိုက်တာကွယ်"

"အန် အန်တီတို့က ဖြူမိဘတွေဆိုတာလားဟင်"

"ဟုတ်တယ် မေမေတို့က သမီးလေးရဲ့ မေမေပါကွယ်၊ ဟိုမှာ သမီးရဲ့ဖေဖေ"

ဦးမိုးကောင်းပါ အိမ်ပေါ်တက်လာပြီး သမီး၏ဆင်းရဲနွမ်းပါး အနေအထိုင်နှင့် အခြေအနေကိုကြည့်ပြီး ဟန်မဆောင်နိုင်လောက် ကြေကွဲဆို့နင့်နေရ၏။

ထွန်းနောင် အလွမ်းသည်နေကြပုံကို ဒီအတိုင်း လက်ပိုက် ကြည့်နေနိုင်။ ထို့ကြောင့် ဖြူ့လက်ကို ဆတ်ခနဲ ဖမ်းဆွဲလိုက်ပြီး

"ဦးလေးတို့ အခေါ်တို့ လူမှားနေကြပြီထင်တယ်၊ ဒါ ကျွန် မိန်းမ၊ ဦးလေးတို့သမီး မဟုတ်ဘူး။ ရှာချင်ရင် တခြားနေရာမှာ သွား





ကြ"

"မဟုတ်သေးဘူး မောင်ထွန်းနောင်၊ ဒီက လူကြီးမင်းတို့ ပြောပုံအရဆို သူတို့သမီးက ရန်ကုန်ကို သူငယ်ချင်းတွေနဲ့ အလည်လိုက် တာရင်း ကားအက်ဆီးဒင့်ဖြစ်ပြီး ပျောက်သွားတယ်လို့ သိရတယ်၊ နောက် ပြီး သတင်းစာထဲမှာလည်း သူတို့သမီးလေး ပျောက်ဆုံးကြောင်းကို လူပျောက်ကြော်ငြာအဖြစ် အကြိမ်ကြိမ် ထည့်ခဲ့တယ်၊ လာရောက်ပို့ဆောင် သူကို ကျေးဇူးဆပ်ပါမည်၊ လက်ခံထားသူကို တရားဥပဒေနှင့် တရားစွဲ ညီဆိုတဲ့အကြောင်းပါ ထည့်ပြီး ကြော်ငြာထားတယ်"

တစ်ဆင့်ချင်း ရှင်းပြနေသော ဦးစေတနာကို ထွန်းနောင် တ်တိမိုက်ကန်းပုံစံဖြင့် မျက်လုံးပြူးကြည့်သည်။

"အဲဒါ ဘာလုပ်ရမှာလဲ၊ အဲဒီ ကြော်ငြာကို လာရွတ်ပြနေရ အောင် အဲဒီလူပျောက်ကြော်ငြာက ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ၊ ဘာမှ ဆိုင်ဘူး"

မိုးညှ ထိမထင်သော ထွန်းနောင်၏ပုံစံကိုကြည့်ပြီး မျက်နှာကို က်သီးဖြင့် စွတ်ထိုးချင်သော ဒေါသတွေကို မနည်းပင် ရင်ထဲမျိုသိပ် နေရ၏။

လူကြီးတွေ ရှင်းမည့်အထဲမှာ ကိုယ်ဝင်မပါချင်၍သာ ဘေး အသာရပ်ကြည့်နေရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စကားကို အဲဒီလို ဘောင်လွတ်မပြောပါနဲ့ကွယ်၊ ဒီမိန်းကလေးဟာ မင်းမိန်းမပါလို့ မင်းဘယ်လိုပြောပြော သူဟာ ဦးတို့ သမီးလေးပါ"

"ဒါဆို ခင်ဗျားတို့ကို မြင်တာနဲ့ အဖေ အမေဆိုပြီး ပြေးဖက်ပြီး ပျော်နေရမှာပေါ့၊ အခုလို ဘာဖြစ်လို့ မသိချင်ဟန်ဆောင်ရမှာလဲ"

"အိုကွယ် ဒါကတော့ အန်တီတို့သမီးလေးက ကားအက်ဆီးဒင့်ဖြစ်တဲ့နေရာမှာ ဘယ်လိုထိခိုက်မှုမျိုး ဖြစ်ခဲ့လို့ ဦးနှောက်ပိုင်းဆိုင်ရာချို့ယွင်းချက်တွေ ရှိခဲ့လဲမှမသိတာ၊ ဒါကြောင့် အန်တီတို့သမီးလေးဟာကိုမာဝင်နေတာပေါ့"

ထွန်းနောင် ဒေါ်စပယ်ညိုနှင့်ဦးမိုးကောင်း၏ ဖြေရှင်းချက်တို့အရာမသွင်းသည့်အနေဖြင့် တဟားဟားဖြင့် အော်ရယ်၏။

"အဲဒါတွေ ကျွန်တော် စိတ်မဝင်စားဘူး။ ကျွန်တော့် မိန်းမကိုလည်း ဘယ်သူ့နဲ့မှ ပြန်ပြီး မထည့်ပေးနိုင်ဘူး"

"အို ရှင် မထည့်ပေးနိုင်ပေမယ့် ကျွန်မကတော့ ကျွန်မသမီးလေးနောက် လိုက်သွားရမယ်"

"ဘာကွ မင်းက ငါ့ကို ခုလို လေသံ၊ ခုလိုအသုံးအနှုန်းမျိုးဘယ်နှစ်ခါများပြန်ပြောဖူးလို့လဲ၊ ငါ ပါးရိုက်ထည့်လိုက်မယ်"

ထွန်းနောင် ဖြူ့ပါးကို လက်ဖြင့်ရွယ်နေသဖြင့် မိုးည ဒီအတိုင်းလက်ပိုက်ကြည့်မနေနိုင်တော့။





"ဟေ့လူ ခင်ဗျား မြသားဖြူကို ကိုယ်ထိလက်ရောက် ကျူးလွန်ပိုင်ခွင့် မရှိတော့ဘူး"

"မင်းနဲ့မဆိုင်ဘူး ကဲကွာ"

"ဝှစ်"

ထွန်းနောင်၏ လက်သီးချက်က မိုးည မျက်နှာကို မထိဘဲလေထဲမှာတင် လွင့်ပျယ်သွား၏။ ထွန်းနောင် ရက်ရမ်းရမ်းပြီး အနားမှာရှိသော ဖြူ့ကို တွန်းချလိုက်သည်။

"ကဲကွာ ဒီကောင်မကြောင့်"

ဖြူ အရှိန်မထိန်းနိုင်ဘဲ လှေကားအောက်သို့ ဒလိမ့်ခေါက်ကွေးပြုတ်ကျသွား၏။

"အား အမလေး"

"ဒုတ်"

"သမီးလေး ကယ်ကြပါဦး၊ သမီးလေး အောက်ပြုတ်ကျသွားပြီ"

"ဟင်"

မြသားဖြူ ဒုတ်လှေကားပေါ်မှ ပြုတ်ကျသည့် အရှိန်ဖြင့်အမဲသလင်းကြမ်းခင်းနှင့် ခေါင်းကို သွားဆောင့်၏။ သွေးများ ဖြာခနဲထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စပယ်ညိုနှင့် ဦးမိုးကောင်း အိမ်အောက်သို့ ဝရန်းသုန်းကား ပြေးဆင်းသွားကြ၏။

"သမီးလေး သမီးလေး"

ဦးမိုးကောင်း ပွေ့ပုံလေး လဲကျသတိလစ်နေသော ဖြူ့ကိုယ်လေးကို ပြေးပွေ့လိုက်သည်။

မိုးညှ ချစ်သူအတွက် ဖြေမဆည်နိုင်သော ဒေါသတွေဖြင့် ကြောင်ကြည့်နေသော ထွန်းနောင်ကို လက်သီးချက်ပေါင်းများစွာ ဆင့်ကာ ဆင့်ကာ ထိုးလိုက်သည်။

ဦးစေတနာနှင့် တခြားရပ်ကွက်လူကြီးများ ဝိုင်းပြီး ဆွဲကြရ၏။

"မလုပ်နဲ့ မောင်မိုးညှ၊ မလုပ်နဲ့ လက်လွန်မယ်၊ သူ့တရားသူ စီရင်လိမ့်မယ်"

ထွန်းနောင် မိုးညှ၏ လက်သီးချက်တွေဖြင့် မျက်နှာတစ်ပြင်လုံး ချက်ချင်း ဖူးယောင်ကိုင်းလာသည်။

"သား သမီးကို ဆေးရုံပို့ဖို့ လုပ်ရမယ်၊ သူ့ကို ဘာမှမလုပ်ပါနဲ့ တော့၊ အန်တီတို့ သက်ဆိုင်ရာက စကားပြောကြတာပေါ့"

ဒေါ်စပယ်ညို သတိပေးစကားကြောင့် မိုးညှ စိတ်ကို လျှော့ လိုက်ပြီး ဖြူ့အနားသို့ သွေးပျက်သော ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွား လိုက်သည်။





"ဖြူ ဖြူ"

မိုးညှ စိုးရိမ်တကြီးဖြင့် ဖြူ့ပါးလေးကို ကိုင်လှုပ်ပြီး ခေါ်လိုက် သည်။ ဖြူ့ တုတ်တုတ်တောင် မလှုပ်တော့။

ဖြူရယ် မင်းရဲ့နာကျင်မှုတွေ ဘယ်တော့များမှ ကုန်ဆုံးတော့မှာ လဲကွာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် သတိလစ်မေ့မြောနေသော မြသားဖြူ ဘေးတွင် မိုးညှ စိတ်ပူစွာဖြင့် မမှိတ်မသုန် စောင့်ကြည့်နေ သည်။

ဒေါ်စပယ်ဖြူကတော့ တသိမ့်သိမ့် ရှိုက်ငိုနေဆဲ။ ဦးမိုးကောင်း သမီးဖြစ်သူအတွက် ရတက်မအေးရသလို ဇနီးဖြစ်သူ၏သောကကို ဖြေသိမ့်ဖို့ ဒေါ်စပယ်ညို့ပခုံးကို နှစ်သိမ့်သည့်အနေဖြင့် ဆုပ်ကိုင်လိုက်ပြီး

"အမေကြီးရယ်၊ သမီး သတိရလာမှာပါ၊ မင်းရဲ့သောကတွေကို နည်းနည်းလျှော့စမ်းပါကွာ"

"ဘယ်လို လျှော့ရမလဲရှင်၊ သမီးလေးရဲ့ဝဋ်ကြွေးတွေကို ဒီမှာ တင်ရစ်သွားအောင် ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ သမီးလေး ခံစားနေ





တာကို မကြည့်ရက်ဘူး"

ဒေါ်စပယ်ညို ဆို့နင့်ကြေကွဲစွာ ပြောနေစဉ်မှာပင် မြသားဖြူ ၏ မျက်ဝန်းလေးတွေ လွန့်လွန့်ကလေး လှုပ်ခပ်လာသည်။

မိုးညှ ဖြူ့လက်ကလေးကို ဝမ်းသာအားရ ဆုပ်ကိုင်လိုက်ပြီး

"ဖြူ ဖြူ"

ဖြူ့နားထဲသို့ ခေါ်သံသဲ့သဲ့လေး တိုးဝင်လာသည်။ ခေါင်းမှ အဆစ်ဆစ် နာကျင်သော ဝေဒနာနှင့်အတူ လေးလံနေသော ဖြူ့မျက်ဝန်း တွေကို ခပ်ဖြည်းဖြည်းချင်းအားယူဖွင့်လိုက်သည်။ အမြင်အာရုံတွေက ဝေဝိုးတဝါး။

ဖြူ တစ်စုံတစ်ခုကို ပြောလိုဟန်ဖြင့် နှုတ်ခမ်းသားလေးတွေ အဆက်ဆက် လှုပ်လာသည်။

"သမီး သမီးလေး သတိရလာပြီလားဟင်၊ အမလေး မေမေ ဝမ်းသာလိုက်တာကွယ်"

မျက်ရည်စက်လက်ဖြင့် ဝမ်းသာအားရ ပြောနေရှာသော ဒေါ် စပယ်ညိုကို ဖြူ သေချာကြည့်လိုက်သည်။ ပြီးနောက် စိုးရိမ်တကြီး ငုံ့ကြည့်နေသော ဦးမိုးကောင်း။

ဖြူ့ခေါင်းလေးကို တစ်ဖက်သို့ ငဲ့စောင်း၍ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့လက်တစ်ဖက်ကို ကြင်နာစွာ ထွေးဆုပ်ပြီး သူ့ပါးပြင်နှင့် ကပ်ထား သည့် ချစ်သူ။

ဖြူ ဝေဒနာတွေကြားထဲမှ ယှဲ့ယှဲ့လေး ပြုံးလိုက်သည်။ အားလုံး ကို မြင်နေရပြီဆိုတော့ ဖြူ မသေသေးဘူးပေါ့။

"မေမေ ဖေဖေ"

ဖြူ့နှုတ်မှ ခပ်တိုးတိုး ထွက်ပေါ်လာသော ခေါ်သံသဲ့သဲ့ကြောင့် ဒေါ်စပယ်ညိုနှင့်ဦးမိုးကောင်း ဝမ်းသာသွားသည်။

"သမီးလေး သတိရသွားပြီ၊ မေမေတို့ကို မှတ်မိသွားပြီနော် ဟုတ်လား၊ အဖေကြီးရေ ရှင့်သမီး အားလုံးကို သတိပြန်ရပြီရှင့်၊ ရှင် ဝမ်းမသာဘူးလား"

ဒေါ်စပယ်ညို ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာနေရ၏။

"မေမေ ဖေဖေ"

"သမီးလေး သမီးအနားမှာ ဖေဖေတို့ရှိတယ်၊ ဘာမှအားမငယ် နဲ့တော့"

"ဖြူ ဒီတစ်ခါတော့ ဖြူ့ကို ကံကြမ္မာက မျက်နှာသာပေးလိုက် ပြီပေါ့"

"မြသား မြသားရဲ့ဘဝကြီး အရမ်းကိုစုတ်ပြတ်သတ်သွားပြီ





မမေ၊ မြသား ဟိုလူယုတ်မာလက်ထဲကို ပြန်မသွားပါရစေနဲ့တော့နော်"

ကလေးငယ်တစ်ယောက်လို ကြောက်အားလန့်အား တောင်း ပန်နေရှာသော မြသားဖြူ၏မျက်ဝန်းတွင် အရာရာကို ဆုံးရှုံးလိုက်ရသော ကြေကွဲရိပ်တွေ အပြည့်အသိပ် တိုးဝင်နေသည်။

"စိတ်ချ သမီး၊ အဲဒီလူကို အချုပ်ထဲပို့လိုက်ပြီ သမီး၊ သူ သမီးကို ဘယ်တော့မှ လာမနှောင့်ယှက်ရဲတော့ဘူး"

"စိတ်ချပါ ဖြူရယ်၊ ဖြူ့ဘေးမှာ ကိုယ်ရှိနေသမျှကာလပတ် လုံး ဖြူ့ကို ဘယ်သူမှ လာနှောင့်ယှက်လို့မရအောင် ကိုယ် ကာကွယ်မယ်၊ ဖြူ နေကောင်းသွားရင် ကိုယ်တို့လက်ထပ်ကြမယ်"

"ဟင် မြသားနဲ့ကိုမိုးညနဲ့ လက်ထပ်ကြမယ် ဟုတ်လား"

မြသားဖြူ မျက်နှာမှာ ကြောက်ရွံ့နေရင်းမှ အံ့ဩရိပ်တွေဘက် သို့ ပြောင်းလဲသွားသည်။ ပြီးနောက် တစ်စုံတစ်ခုကို သွေးပျက်စွာ တွေးမိလိုက်ပြီး

"ဟင့်အင်း မဖြစ်တော့ဘူး၊ လက်ထပ်လို့ မဖြစ်တော့ဘူး၊ မြသားဘဝကြီးက ရစရာမရှိအောင် စုတ်ပြတ်သတ်သွားပြီ၊ ဒါကြောင့် မြသား ကိုမိုးညကို လက်မထပ်ပါရစေနဲ့တော့"

လုံးဝမျှော်လင့်မထားသော စိမ်းသက်သည့် စကားက မိုးည၏



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲကို မြှားအစင်းပေါင်းများစွာ ထိုးစိုက်လိုက်သလို နာကျင်ရှုရှ သွားရ၏။

"ဖြူ အဲဒီစကားမျိုး မပြောပါနဲ့၊ ကိုယ် တောင်းပန်ပါတယ်၊ အတိတ်နဲ့စိမ်းပြီးကာမှ ဖြူ့နှလုံးသားက ကိုယ့်ကို ခုလိုငြင်းဆန်လိုက်တာ ဟာ ဖြူ့ကိုယ်ဖြူ တရားတယ်လို့ ထင်လို့လား၊ ကိုယ် ဘယ်လောက်ထိ ခံစားသွားရမယ်ဆိုတာ ဖြူ နည်းနည်းမှ မစဉ်းစားမိဘူးလား"

ဖြူ မျက်ဝန်းအစုံကို မှိတ်ထားလိုက်ပြီး အသံမဲ့ရှိုက်ညည်းလိုက်သည်။ ရင်ထဲက အပူမီးတွေက နှလုံးသားတွေ ပြာကျမတတ် ပြင်းထန်လွန်းနေသည်ဆိုတာကို ဖြူ ကိုယ်တိုင်သိသည်။ သို့သော် ဖြူ တစ်ကိုယ်ကောင်းမဆန်ချင်။ ကိုယ့်ဘဝဟာ ရစရာမရှိအောင်ကို လူယုတ်မာလက်ထဲမှာ ကြေကွဲပျက်စီးခဲ့ရပြီးမှ သိပ်ချစ်မိသွားတဲ့ချစ်သူကို လောဘတကြီး အမိအရ ဖမ်းဆွဲထားတာဟာ ဖြူ့အတွက် ဘယ်တော့မှ တရားနည်းလမ်းမကျနိုင်။

"သမီးလေး စိတ်ကိုငြိမ်ငြိမ်ထားပါနော်၊ ကိုမာဖြစ်နေတဲ့တစ်လျှောက်မှာ သမီးဘေးမှာ အမြဲအရိပ်လိုကြည့် စောင့်ရှောက်နေတဲ့ မောင်မိုးကို ခုလိုစကားမျိုးတွေနဲ့ မထိုးနှက်ပါနဲ့ကွယ်၊ သမီးလေးစိတ်တွေ မကြည်လင်သေးဘူးဆိုရင် ခဏအနားယူလိုက်နော် သမီး"

ဒေါ်စပယ်ညို မိုးညကို အားနာစွာဖြင့် လှမ်းကြည့်ပြီး သမီး





ချစ်သူကို ချွေးသိပ်လိုက်သည်။

"ဟုတ်ပါတယ် ဖြူ၊ ဒီအချိန်မှာ ဖြူ အနားယူဖို့ လိုအပ်နေတယ်၊ ဒါကြောင့် ဒီကိစ္စတွေ ဖြူ ဘာမှမတွေးနဲ့တော့၊ ဖြူ့စိတ်တွေ ပြန်လည်တည်ငြိမ်လာမှ ကိုယ်နဲ့ဖြူ နားလည်မှုယူကြတာပေါ့"

"ဟုတ်တယ် သမီး၊ မောင်မိုးည ပြောသလို သမီး စိတ်တွေ အခုချိန်မှာ ယောက်ယက်ခတ်နေတယ်၊ အတိတ်က လောင်းရိပ်မည်းကြီး တစ်ခုက သမီးကို လိုက်ပြီး ခြောက်လှန့်နေလို့ အခု ပစ္စုပ္ပန်အခြေအနေကို အလွယ်တကူ လက်ခံလိုက်ဖို့ စိတ်မရဲတာပါ၊ သမီးရဲ့စိတ်ခံစားမှုတွေ ပြန်လည်တည်ငြိမ်လာဖို့ အချိန်နဲ့ကုစားရမှာပဲ၊ ဒါကြောင့် ခုချိန်မှာ သမီး ဘာမှမတွေးနဲ့ဦး၊ ဘယ်လိုဆုံးဖြတ်ချက်ကိုမှလည်း အလျင်စလို ဆုံးဖြတ်လိုက်နဲ့ဦးလို့ ဖေဖေ ပြောချင်တယ် သမီးရယ်"

ဦးမိုးကောင်း သမီးဖြစ်သူကို ကရုဏာသက်စွာဖြင့် ဖြေသိမ့်ပေးလိုက်သည်။

ဖြူ ဘာမှစောဒက မတက်တဲ့ အားလုံးကို ဥပေက္ခာပြု ကျောခိုင်းသည့်အနေဖြင့် ပစ္စုပ္ပန်ထဲမှ ခေတ္တခဏ ရှောင်ပြေးလွတ်မြောက်ချင်သည်။

ဖြူ့ဘဝကျမှ အဲဒီလောက် နာကျင်စေရသလား။ ဖြူ့ရင်ထဲမှာ ခံစားနိုင်အောင် ငိုကြွေးနေမိတာကို ဘယ်သူသိမှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



အဝိတ်က နာကျင်စရာ ရွံရှာစရာကောင်းသော နာကျင်မှုတွေက တကယ့်ကို မွှန်းကြပ်စေတယ်။

■ ■ ■

ဗျူး၁၁၄၁



## အခန်း (၃၃)

"မိန်းမတစ်ယောက် ငြင်းပယ်ခံလိုက်ရတဲ့ ယောက်ျားတွေဟာ ပိုပြီး ထိခိုက်လွယ်တယ်ဆိုတာ ငါတော့ ယုံသွားပြီ မိုးညှ"

အရက်ပုလင်းတွေ အရက်ဖန်ခွက်တွေကို မိတ်ဆွေဖွဲ့နေသည့် မိုးညှကိုကြည့်ပြီး ကိုယဉ်ကျေး စိတ်မသက်သာစွာဖြင့် ဝေဖန်လိုက်သည်။

"ဟုတ်တယ် ယုံလိုက်တော့ ကိုယဉ်ကျေး၊ အခု ကျွန်တော် ခံစားနေရတဲ့ ဝေဒနာနဲ့ သွေးပျက်ခြင်းတွေက ကျွန်တော့်ဘဝကို တစ်နေရာကို လွှင့်ပစ်ခံရတဲ့ အရုပ်ကလေးတစ်ရုပ်ဘဝကို ရောက်နေပြီ၊ ဒါကြောင့် ကွဲနေတဲ့ ကျွန်တော့်ရဲ့အသည်းကို ဟောဒီအရက်နဲ့ ပြန်ပြီး ဆက်နေရတာပေါ့"

"တကယ့်ရော ဆက်လို့ရသွားလား မိုးညှ"

ဗျူး၁၁၄၁

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ကြည့်နေတုံးပဲ ရလို့ရဩားပေါ့ဗျာ"

"အေးကွာ မြသားဖြူက မင်းကို ဘာကြောင့် အစိမ်းခေါက် ခေါက်သွားရတာလဲ၊ မင်းအတွက် သူ့ကို မာဝင်နေတုံးကမှ အကြင်နာ တွေ မေတ္တာတွေ၊ အပြည့်ပေးပြီး ခု ဝေဒနာတွေ သက်သာသွားပြီးတော့ မှ မင်းကို လက်မထပ်နိုင်ပါဘူးလို့ ဘာကြောင့် ပြောထွက်ရက်တာလဲ၊ ငါတော့ တွေးလေ နားမလည်နိုင်လေပဲ၊ ဘယ်လိုကံတရားကများ မင်းကို ခုလိုမျိုး လှည့်စားလိုက်တာလဲ"

မိုးညှ အလွမ်းတွေကို အရက်နှင့် ဖြေသိမ့်နေသည့် မြင်ကွင်း မျိုးကို ကိုယဉ်ကျေး အမှန်တကယ် မကြည့်ရက်ပါ။ သစ္စာတရားတွေကို တန်ဖိုးထားတဲ့ လူငယ်လေးကို ခုလိုအပြစ်ဒဏ်မျိုးပေးတာဟာ လောက ကြီးမတရား။

"ကံတရားဆိုတာ အလွယ်တကူ ခန့်မှန်းလို့မရနိုင်တဲ့ အရာ တစ်ခုပဲ မဟုတ်လား၊ ကိုယဉ်ကျေးရာ မေတ္တာတရားဆိုတာ ရောင်ပြန် ဟပ်တတ်တာပဲ၊ ကျွန်တော့်ဘက်က ဖြူ့အပေါ်မှာ ဖြူ ဘယ်တုဝ ဘာသက် အပြစ်မျိုးပဲရှိနေပါစေ၊ မေတ္တာမှမပျက်ခဲ့တာ၊ အဲဒါကြောင့်ပဲ ဖြူ ကျွန်တော့် ကို ငြင်းဆိုခဲ့ရလောက်အောင် အခြေအနေကို တွန်းပို့ခံခဲ့ရတယ်"

"ဟာ မင်းဟာကလည်း ရှုပ်နေတာပဲ၊ မင်းမေတ္တာတရားကို သူ နားလည်မှတော့ မင်းကို ခုလိုပုံစံမျိုးကြီး ဖြစ်အောင် ထားခဲ့မလားကွ"





ကိုယဉ်ကျေး မခံချိမခံသာဖြစ်နေသော အသံဖြင့် အရက်ရှိန် တက်ပြီး ဇီလင်ဇင်နေသော မိုးညှကို ဖိဟောက်လိုက်သည်။ မိုးညှ ဖန် ခွက်ထဲမှ လက်ကျန်အရက်ကို တစ်ရှိန်ထိုး မော့ချလိုက်ပြီး ပုလင်းကို လှမ်းယူပြီး ဖန်ခွက်ထဲ ငှဲ့ရန် ကြိုးစားသည်။

ကိုယဉ်ကျေး မိုးညှ လက်ကို ဖမ်းထားသည်။

"တော်လောက်ပြီ ငါ့ညီ၊ မင်း အရမ်းများနေပြီ"

"မများပါဘူး၊ ကျွန်တော် လီမစ် ကျွန်တော် သိပါတယ် ကိုယဉ် ကျေးရာ၊ ဖြူ ကျွန်တော့်နားမှာ မရှိတဲ့ မိနစ်တိုင်း နာရီတိုင်း နေ့ရက် တိုင်းကို ဒီအရက်နဲ့ ဖြေသိမ့်မှ ဖြူ့ကို ကျွန်တော့်အာရုံထဲက ခဏထုတ် ထားလို့ ရမှာပေါ့"

မိုးညှ၏ အကြောင်းပြချက် မခိုင်လုံသော ဆင်ခြေပေးစကား ကို ကိုယဉ်ကျေး စိတ်ပျက်စွာဖြင့် ခေါင်းတခါခါ လုပ်လိုက်သည်။

"မဟုတ်သေးဘူး၊ အသည်းကွဲတဲ့ ဒဏ်ရာကို အရက်နဲ့ဖြေသိမ့် တယ်ဆိုတာ ခပ်ညံ့ညံ့ယောကျ်ားတွေရဲ့ အလုပ်ဆိုတာကို မင်း နည်းနည်း လေးမှ မတွေးမိတော့ဘူးလား"

"မတွေးချင်တော့တာ ကိုယဉ်ကျေးရာ၊ ကျွန်တော် ဘာမှကို တွေးချင်တော့ဘူး။ ခုချိန်မှာ အဖော်ပြုစရာဆိုလို့ ဖြူ့ကို လွမ်းရတဲ့ အငွေ့အသက်လေးပဲ ရှိတော့တာ၊ ဒီတော့ ကျွန်တော့်ကို မတားပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ကျွန်တော် တစ်ယောက်တည်း နေပါရစေတော့''

ဘယ်လိုမှ ပြောမရနိုင်မှန်းသိလိုက်သဖြင့် ကိုယဉ်ကျေး သက်ပြင်းမောကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။

''ကဲ ဒါဆိုလည်း ငါ အိမ်ခဏပြန်လိုက်ဦးမယ်၊ ပြီးမှ ပြန်လာခဲ့မယ်၊ မင်းကိုယ်မင်း အလွန်အကျွံမဖြစ်အောင်တော့ထိန်း။ ဟုတ်ပြီလား''

''အင်းပါ စိတ်ချ''

အာလေးလျှာလေးဖြင့် စိတ်ချဟု ပြောနေသော မိုးညကိုကြည့်ပြီး ကိုယဉ်ကျေး စိတ်မသက်သာစွာဖြင့် ခေါင်းတခါခါလုပ်ရင်း မိုးညအိမ်ပေါ်မှ ဆင်းလာခဲ့သည်။

ကိုယဉ်ကျေး စိတ်ထဲမှာ ဟီးရိုးဆန်ဆန် ဥပေက္ခာပြုသွားရော့သော ဖြူ့ကိုပဲ ဒေါသတွေ လိှုမ့်ဖြစ်နေတော့၏။

■ ■ ■



## အခန်း (၃၄)

မိုးကုတ်မြေ၏ ရာသီဥတုသည် အေးချမ်းဆောင်းရိပ်တွေဖြင့် လှပသက်ဝင်ကာ ရင်ထဲက အလွမ်းတွေကို ဆင့်ကဲဆင့်ကဲ ပို၍ လွမ်းလာစေ၏။

အတိတ်၏အချိန်ကာလတစ်ခုထဲတွင် မြတ်နိုးကြင်နာစွာ ယှက်နွယ်ခဲ့ကြသမျှ အရာအားလုံးသည်၊ ဝင်သက်ထွက်သက်တိုင်းမှာ သတိသရ ဖြစ်နေစေ၏။

နာကျင်စရာကောင်းလွန်းသည့် အတိတ်ဆိုးနှင့် ရင်ခုန်သိမ်မွေ့စွာ ကြည်နူးခဲ့ဖူးသော အချိန်တွေ ရောယှက်ကာ အသိတရားတွေက မုန်းမြတ်ချက်အမှန်ကိုချဖို့ အင်အားမဖြစ်သေးသလို ခန္ဓာကိုယ်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းကြေကွဲခြင်းတွင် လောင်မြိုက်သွားပြီလားဟုတောင် အနှစ်မဲ့စွာ တွေးလိုက်မိ၏။

"သမီး အပြင်မှာအေးတယ်လေ၊ လာ အထဲဝင်ကြရအောင်"

"ရပါတယ် မေမေ၊ မြသား ခုလိုမျိုး တောင်ကုန်းလေးပေါ်မှာ ထိုင်ပြီး ဟိုးအဝေးက မြူတွေကို ငေးကြည့်နေချင်လို့ပါ"

မြသားဖြူ၏ဆင်ခြေစကားကို ဒေါ်စပယ်ညို စိတ်မသက်သာသော သက်ပြင်းဖျော့ဖျော့ဖြင့် တုံ့ပြန်လိုက်ပြီး မြသားကို တစ်စုံတစ်ရာ ပြောရန် ဟန်ပြင်နေ၏။

"သမီးကို မေမေ ပြောစရာရှိတယ်"

"ပြောလေ မေမေ၊ ဘာပြောမှာလဲ"

တောင်စဉ်တောင်တန်းတွေကို ငေးမောရင်း ဒေါ်စပယ်ညိုကို မကြည့်ဘဲ မေးလိုက်သည်။

"ရန်ကုန်က ဖုန်းလာတယ်"

မြသားရင်ထဲ ဖျတ်ခနဲ တုန်ခါလှုပ်ရှားသွားသည်။ သို့သော် ဘယ်သူ့ဖုန်းလဲဟု နှုတ်က မမေးမိ။

"မောင်မိုးညရဲ့သူငယ်ချင်း ကိုယဉ်ကျေး ဆက်တာ၊ အစ မောင်မိုးညခင်ဗျာ အရက်တွေချည်းပဲ ဖိသောက်နေလို့ သူတို့လည်း ဘယ်လိုမှ ထိန်းလို့မရဘူးတဲ့"





"အဲဒါကို မြသားက ဘာလုပ်ပေးရမှာလဲ မေမေ၊ မြသားနဲ့ လက်ထပ်လိုက်တာနဲ့စာရင် ကိုဘဝက ခုလိုနေနေရတာက ပိုပြီး အဓိပ္ပာယ်ရှိပြီး ဂုဏ်မငယ်တော့ဘူးပေါ့"

ဒေါ်စပယ်ညို သမီးဖြစ်သူ၏ ခေါင်းမာပြတ်သားမှုကိုကြည့်ပြီး စိတ်ထဲမှာ တော်တော်လေး ကသိကအောက် ဖြစ်ရ၏။ ကိုယ့်သမီးအဖြစ်က ဆာလောင်နေတဲ့ ချစ်ခြင်းတရားတွေ အငတ်ပြေစေဖို့ အဝေးကို ထွက်ခဲ့လေသလား။

ထိုသို့ဆိုလျှင်တော့ ဒါဟာ လွဲမှားသော ခံယူချက်တစ်ခုပင် ဖြစ်ပေလိမ့်မည်။ သမီး၏အနစ်နာခံလိုစိတ် ပြင်းသော ချစ်ခြင်းမေတ္တာ တရားသည် တစ်ဖက်စွန်းကို ရောက်နေကာ တစ်ဖက်သားကိုရော ကိုယ့်ကိုယ်ကိုယ်ပါ မသေမချင်း နှလုံးသားတွေမှ သွေးစိမ်းရှင်ရှင် ထွက်အောင် မွှင်းသတ်နေသလို ဖြစ်နေ၏။

"သမီးအတွေးအခေါ်တွေ မှားယွင်းနေတယ်လို့ မေမေ ပြောချင်တယ်ကွယ်၊ သမီး စဉ်းစားပါ၊ ကိုယ့်ကိုချစ်နေတဲ့ချစ်သူ၊ ကိုယ်ကလည်း ချစ်နေတဲ့သူတစ်ယောက်ကို ကိုယ့်ရင်ဘတ်အကွဲခံပြီး ဝေဒနာတွေပေး နေမယ့်အစား ကံကြမ္မာက သူ့အလိုလို ဖန်တီးလာတဲ့ ကြမ္မာဆိုးကို ရှုပစ်ပြီး အနာဂတ်ကို နှစ်ယောက်အတူ လျှောက်လှမ်းသင့်တယ်လို့ မေမေ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မြသား လုပ်ရပ်က မှားနေတယ်လို့ မေမေက ဆိုလို ချင်တာလားဟင်"

"ဒါပေါ့ သမီးလုပ်ရပ်က ကလေးအရမ်းဆန်တယ်၊ ထိရောက်မှု မရှိတဲ့အပြင် နှစ်ယောက်စလုံး နာကျင်ကြေကွဲရတယ်၊ ဒါပေမဲ့ မေမေ သမီးကို အပြစ်မတင်ရက်ပါဘူး။ သမီးရဲ့စေတနာမေတ္တာနဲ့ အသိဉာဏ် တွေကို သောကတွေက ဖိုးမျိုကုန်လို့ သမီးအနေနဲ့ အတွေးမှားသွားတာ လို့ပဲ ယူဆပါတယ်"

မေမေ့စကားကြောင့် မြသား တွေဝေသွားသည်။ ရုတ်တရက် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်ကာ မျက်လုံးတွေ ပြာဝေသွားရ၏။ ရပ်နေသော ခြေအစုံက မခိုင်တော့ဘဲ ယိုင်သွားသည်။

ဒေါ်စပယ်ညို အချိန်မီ ဖမ်းထိန်းလိုက်ပြီး ရုတ်တရက် စကား ပြောနေရင်းမှ ဖျော့ခွေသွားသော မြသား၏ ဖြူဖျော့ဖျော့ မျက်နှာကိုကြည့် ပြီး စိတ်ပူသွားသည်။

"သမီး သမီးလေး ဘာဖြစ်တာလဲ"

"မူးတယ် မူးတယ် မေမေ၊ မြသား ဘာဖြစ်တာလဲ မသိဘူး"

မြသား အသံတွေက အားမရှိသလို တိုးဖျော့နေသည်။

"အေး အေး မေမေ ဒေါက်တာ စိုင်းဘခက်ကို ဖုန်းဆက်လိုက် မယ်၊ ခုတော့ သမီး အခန်းထဲမှာ ပြန်လှဲနေလိုက်ဦးနော်"





ဒေါ်စပယ်ညို မြသားကို တွဲကာ အိမ်ထဲသို့ ပြန်ဝင်လာလိုက် သည်။ ခုတင်ပေါ်ရောက်တော့ မြသား မျက်လုံးပင် မဖွင့်နိုင်။ ရင်ထဲမှာ လှုပ်လှုပ်ဖြင့် တုန်ခါနေသည်။ ဒေါ်စပယ်ညို ဆရာဝန်ဆီကို အရေး တကြီး ဖုန်းဆက်လိုက်သည်။

"သမီး ဒေါက်တာစိုင်း အခုပဲ လာလိမ့်မယ် သိလား"

ဒေါ်စပယ်ညို မြသား၏ နာသီးဝလေးမှာ ရှူဆေးတောင့်လေး ကပ်ပေး၏။

နာသီးဝထဲသို့ ပြင်းရှသော ရှူဆေးရနံ့က ခံရခက်စွာ တိုးဝင် သွားသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဘယ်လို မြသားမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား မေ

မြသားဖြူ အံ့သြတုန်လှုပ်နေသလောက် ဒေါ်စပယ်ညို မျက်မှာ အပြုံးတွေနှင့် ဝေနေသည်။

"ဟုတ်တယ် သမီး၊ ဒေါက်တာစိုင်းက သေသေချာချာ စ သွားတာ ပိုပြီးသေချာအောင် ဆီးစစ်တံနဲ့ စစ်ခိုင်းတာပေါ့၊ အခု အ လေးနှစ်ကြောင်း ပေါ်နေတယ် တွေ့လား၊ အဲဒါ သမီးမှာ ကိုယ်ဝန် လက္ခဏာပဲ မဟုတ်လား"

မြသားဖြူ ဒေါ်စပယ်ညို ပြသော ကိုယ်ဝန်ရှိ မရှိ ဆီးစစ် အတံလေးကို မြသား မယုံကြည်သော အကြည့်လေးဖြင့် မရဲတရဲ





ကြည့်လိုက်သည်။ အနီလေးနှစ်ကြောင်းက တန်းခနဲ ပေါ်နေသည်။

"ဒီကလေးဟာ မောင်မိုးညနဲ့ရတဲ့ ကိုယ်ဝန်မှုားလား သမီး"

"ရှင်"

ဒေါ်စပယ်ညို ဒဲ့မေးလိုက်သဖြင့် မြသား ရှက်စိတ်ကြောင့် ထူအမ်းသွားရသည်။ အခြေအနေအားလုံးကို သုံးသပ်တတ်သော မိခင်ဖြစ်သူကို မြသား ဘယ်လိုပြောပြရမှန်းတောင် မသိတော့။

"မေမေ့ကို မငြင်းပါနဲ့ သမီး၊ ဟိုလူယုတ်မာနဲ့ သမီး ဘယ်လိုမှ ကလေးမရနိုင်ဘူးဆိုတာ မေမေ သိပြီးသားပဲ၊ တကယ်လို့ မေမေ ထင်သလို ဒီကလေးဟာ မောင်မိုးညနဲ့ဆိုရင် မေမေ့သမီးကို ဆူစရာမှမလိုတာ၊ သမီး ဖေဖေဆိုရင်လည်း ပျော်နေမှာ အမှန်ပဲ"

"ဟင့်အင်း မြသားကတော့ မပျော်ဘူး။ မြသား မသိစိတ်နဲ့ ကျူးလွန်မိခဲ့လို့ ပတ်ဝန်းကျင်မှာ မြသား ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရမလဲ"

"ဒါကတော့ သမီးရယ် သမီးကိုမာဝင်ခဲ့တုံးက မှားခဲ့တဲ့ အမှားတစ်ခုပဲ၊ အခု သမီးရောဂါ ပျောက်သွားပြီ၊ ကျန်းမာလာတဲ့အချိန်မှာ မှားတဲ့အမှားမျိုးမှ မဟုတ်တာ၊ ကံကြမ္မာက ခုလိုဖန်တီးပေးလိုက်တော့ သမီးလည်း မောင်မိုးညကို ငြင်းဖို့မလိုတော့ဘူး။ သူ သိရင်လည်း ဝမ်းသာမှာသေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စပယ်ညို မိုးညကို အသိပေးမည်ဟုဆို၍ မြသာ
အထိတ်တလန့်ဖြင့် အကြောက်အကန် ငြင်းဆန်၏။

"ဟင့်အင်း မဖြစ်ဘူး၊ သူ သိလို့မဖြစ်ဘူး၊ သူ့ကို မပြော
မေမေ၊ သမီး သူ့ကိုရင်ဆိုင်ဖို့ လိပ်ပြာမသန့်ဘူး"

"ဩော် သမီးရယ် ပြောရကျပ်လိုက်တာကွယ်၊ ဒါဆို သမီး
ဗိုက်ထဲက ကလေးကို သမီး ဘယ်လိုလုပ်ဖို့ စိတ်ကူးသလဲ"

မိခင် အမေးကြောင့် မြသား သူ့ဗိုက်ကလေးကိုငုံ့ကြည့်
ခပ်သာသာလေး ပွတ်ကာ

"မြသား မွေးမှာပါ မေမေ"

"ဒါဆို သမီး ကလေးကို မိမစုံဖမစုံနဲ့ လူ့လောကထဲကို
ခေါ်မယ်ပေါ့ ဟုတ်လား သမီး"

မြသား မဖြေဘဲ ခေါင်းကိုတွင်တွင်ငုံ့ထား၏။

"အဲဒီလို လုပ်ခဲ့မယ်ဆိုရင် သမီးဟာ မိခင်ကောင်းတစ်ယော
မဖြစ်နိုင်တော့ဘူး"

မေမေ့အပြောကြောင့် မြသား ဖျတ်ခနဲ မော့ကြည့်လိုက်သည်

ဘယ့်နှယ်ပြောပါလိမ့် မေမေရယ်၊ မြသားဟာ ဒီကလေး
မိခင်ကောင်းတစ်ယောက် ဖြစ်အောင် အစွမ်းကုန် ကြိုးစားမှာပါ၊ မြ
မေမေ့လို မိခင်ကောင်းတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်။





မြသား မိခင်၏ဝေဖန်ချက်ကို စိတ်ထဲကပဲ ချေပလိုက်၏။

ဘာပဲဖြစ်ဖြစ် မြသား သိပ်ချစ်တဲ့ အစ်ကို့ရင်သွေးလေးကို
မြသား လွယ်ထားရတယ်ဆိုတာ ဘယ်လောက် ရင်ခုန်ကြည်နူးစရာ
ကောင်းလိုက်သလဲလို့။

အစ်ကို့ကို လွမ်းတဲ့စိတ်နဲ့ မြသား ဒီရင်သွေးလေးနဲ့ပဲ ကျေနပ်
နှစ်သိမ့်နေရတော့မှာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ကိုယဥ်ကျေး ကိုယဥ်ကျေး"

မိုးည ဝမ်းသာလှိုက်လှဲသော အသံကြီးဖြင့် ကိုယဥ်ကျေးကို ထွက်ခေါ်၏။

"ဟေး"

ကိုယဥ်ကျေး အပင်တွေရေလောင်းနေရင်းမှ လှမ်းထူးလိုက်သည်။

"ကျွန်တော့်မှာ မင်္ဂလာသတင်းတစ်ခု ပြောစရာရှိတယ်ဗျ"

"ဘာလဲ မင်း ထီပေါက်လို့လား"

ကိုယဥ်ကျေး လှမ်းအော်မေး၏။

"ထီပေါက်တာထက် ဝမ်းသာစရာကောင်းတဲ့သတင်းဗျ"





"ဟေ ဟုတ်လား အေး ငါလာပြီ ငါလာပြီ"

ကိုယဥ်ကျေး ရေပန်းကရားကို ဘုတ်ခနဲ ပစ်ချလိုက်ပြီး မိုးည မ်ဘက်သို့ အပြေးတစ်ပိုင်းဖြင့် ကူးလာလိုက်၏။

"ပြော ပြော ဘာသတင်းကောင်းလဲ"

အလောတကြီး မေးလိုက်သော ကိုယဥ်ကျေးအမေးကြောင့် ည ဂုဏ်ယူဝံ့ကြွားသောအပြုံးဖြင့် ခပ်မာမာပြုံးလိုက်ပြီး

"ကျွန်တော် ကလေးအဖေ ဖြစ်ပြီဗျ"

"ဟေ ဟုတ်လား၊ ငါတို့ရပ်ကွက်ထဲက ဘယ်မှဆိုးမနဲ့ ယူမှာ ို့လဲ"

"ဟာ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ ကိုယဥ်ကျေးကြီးကလည်း ျွန်တော့်ကို မဦးမချွတ် ပြောရက်လိုက်တာဗျာ"

"နို့ သိဘူးလေကွာ၊ မင်းက ကလေးအဖေဖြစ်ပြီဆိုပြီး ခုန်ဆွ ဆွ ဖြစ်နေတော့ ငါလည်း အဲဒီလို တန်းတွေးလိုက်တာပေါ့၊ အိမ်ထောင် တော့မယ်ဆိုလည်း ကလေးဆိုတာမျိုးက တန်းရတာ မဟုတ်ဘူးလေ ွာ ခုတော့ မင်းက ကလေးအဖေ တန်းဖြစ်ပြီဆိုတော့ ငါက အဲဒီလို ွေးလိုက်မိတာပေါ့ကွ"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ခုပဲ မိုးကုတ်က ယောက္ခမလောင် ြီး ဖုန်းဆက်တယ်၊ မြသားဖြူမှာ ကိုယ်ဝန်ရှိနေပြီတဲ့၊ ဒါကြောင့်



www.burmeseclassic.com

မင်္ဂလာပွဲလုပ်ပေးဖို့ ခုပဲ မိုးကုတ်ကို တက်လာခဲ့ပါတဲ့၊ ကျွန်တော့်မိဘတွေ လည်း သွားကြပါလိမ့်မယ်၊ ဒီတော့ ကိုယင်ဦးကျော့ကြီး ကျွန်တော့် မင်္ဂလာပွဲ တက်ရအောင် လိုက်ခဲ့ပါလား"

"အေး လိုက်မယ်ကွာ၊ ငါလည်း မျှော်ရ အဲ ပျော်ရတာပေါ့ အဟား မိုးညတို့လက်ထွက်ပုံများ ခုမှပဲ ဘူးပေါ်သလို ပေါ်ရတော့တယ် မင်းပြောတော့ ရှိုးရှိုးလေးပါဆို၊ ဟိုခမျာ မိုးကုတ်ကို ပြန်သွားတာ မင်း အထုပ်ကို ပိုက်ပြီး ပြန်သွားရတယ်"

"ဟုတ်တယ်လေ အခု ကျွန်တော် ကိုယ့်အထုပ်ကိုယ် သွားပြီး ယူမှာ အဟဲ"

မိုးည မျက်နှာမှာ ပျားရည်မြစ်ထဲ ခြေချော်ကျထားသလို ဝိတ်တွေဖြင့် ချိုမြိန်၍နေ၏။

ဖြစ်နိုင်လျှင် မိုးကုတ်ကို ဟတ်ချလောင်းဆိုပြီး မန်းမှုတ်ရှုန်း ရောက်သွားချင်ပါ၏။

ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ မိုးညအတွက် အနာဂတ်ကို ဆင် လျှောက်ဖို့ အချောမွေ့ဆုံးလမ်းတစ်ခုပဲဆိုတာကို အသက်နှင့်လောင်းကြေး ထပ်ပြီးတောင် ယုံကြည်လိုက်ချင်ပါ၏။

■ ■ ■



## အခန်း (၃၇)

"သမီးရေ အိုဂျီကို ဗိုက်သွားအပ်မလို့ အဆင်သင့်ပြင်ပြီးပြီ လား၊ ပြီးရင် သွားကြမယ်"

အခန်းအပြင်မှ မိခင်ဖြစ်သူ၏တက်ကြွနေသော အသံကြောင့် မြသား စိတ်ပျက်လက်ပျက်ဖြင့် ခုတင်ပေါ်မှ ဆင်းလိုက်သည်။

ဗိုက်ကဖြင့်မထွက်သေးဘူး၊ ခုမှ နှစ်လတောင် ပြည့်ပါဦးမည် လား။ ဒါကို ရေးကြီးခွင်ကျယ်ဖြင့် ဆရာဝန်ကို ဗိုက်သွားအပ်မည်ဆိုတော့ မြသား စိတ်ထင် အိုဟာနည်းနည်းဖြစ်နေသည်ဟု ခပ်ပျစ်ပျစ် တွေးလိုက် သည်။

အတွေးနှင့်အတူ တံခါးလော့ခ်ကို ဖွင့်လိုက်သည်။

www.burmeseclassic.com



"ဟော့တော် ခုထိ ဘာမှလည်း မပြင်ရသေးပါလား၊ မြန်မြန်လုပ်လေကွယ်၊ မောင်ခမ်းကို ကားမောင်းဖို့ ခေါ်ထားတယ်၊ မြန်မြန်လုပ်၊ သူ့ခမျာ ခြံအလုပ်က တစ်ဖက်နဲ့ မအားဘဲ လာပေးရရှာတာ"

"မေမေရယ် ကိုယ်ဝန်အပ်တာ မစောလွန်းဘူးလားလို့ မြသားကြားဖူးတာက ကိုယ်ဝန်ဆောင်သည့် ဗိုက်အပ်တယ်ဆိုတာ ကိုယ်ဝန်ဆယ့်နှစ်ပတ်ကြာမှ အပ်ရတယ်ဆိုလားပဲ၊ မြသားက ခုမှ တကယ့် လနုနုလေးဟာကို"

"အို မဟုတ်ကဟုတ်ကတွေ တွေးနေတယ် ကြည့်စမ်း၊ အဲဒါ ကျန်းမာရေးအသိမရှိတဲ့ မိခင်လောင်းတွေ အလုပ်ကွယ့် ကဲ ကဲ ဘာမှ ဆင်ခြေတက်မနေနဲ့၊ ခုပဲ ပြင်ဆင်ထားလိုက်တော့၊ ပြီးရင် မေမေ လာခေါ်မယ်"

ဒေါ်စပယ်ညို မြသား အခန်းထဲမှ ထွက်သွားသည်။

မြသားဖြူအဖို့ အမှန်ဆိုလျှင် ယောက်ျားမရှိဘဲ ကိုယ်ဝန်သွားအပ်ရမည့်အရေးကို သေလောက်အောင် တွေးပြီး ကြောက်နေမိသည်။

ခုမှပင် မြသားအနားမှာ ချစ်သူကို ရှိနေစေချင်သည့်ဆန္ဒတွေ ရင်မှာ တဖွားဖွားဖြစ်ထွန်း၍လာသည်။ မြသားဖြူ ကိုယ့်ကိုယ်ကိုယ် ခေါင်းမာပြီး ဖြစ်သင့်ဖြစ်ထိုက်တာတွေကို မစဉ်းစားမိဘဲ ချစ်သူ၏ မေတ္တာတရားတွေကို ဥပေက္ခာပြု ကျောခိုင်းခဲ့သည်။





အမှန်ဆို မြသား၏အတွေးတွေဟာ ဗိုက်ထဲက ရင်သွေးလေးအတွက် အနည်းငယ်တော့ လျှော့ချသင့်တာပေါ့။

တွေးရင်းဖြင့် မြသား ကိုကို သတိရလာသည်။ ကိုနှင့်ပျော်ရွှင်ကြည်နူးခဲ့သည့် အချိန်ကာလလေးတွေကို နှမြောတသဖြင့် တသသ မြန်မြင်ယောင်လာသည်။

"ဒေါက် ဒေါက် ဒေါက်"

အတွေးတွေဖြင့် သောကကို မွေးမြူနေသော မြသားဖြူ အခန်းတံခါးခေါက်သံကြောင့် ဝေ့ဝဲနေသော ကျလုလု မျက်ရည်ကို လက်ခုံဖြင့် မိသွဲ့ပြီး သုတ်လိုက်သည်။ ထို့နောက် အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

"ဟင် ကို"

ရင်ထဲမှ ဖော်မပြနိုင်သော ကြည်နူးမှုတစ်ခုက လှိုက်ခနဲ နှလုံးသားနံရံတွေကို ပြေးဆောင့်၏။

"မြသားဖြူ နေကောင်းတယ်နော်"

"အင်း ကောင်းပါတယ်၊ ကိုကရော ဒီကို ဘာလာလုပ်တာလဲ"

"ကိုယ် မိုးကုတ်မှာ မင်္ဂလာကိစ္စ လာစီစဉ်ရင်းနဲ့ မြသားဆီကို သတိကြီးလို့ ခဏဝင်လာတာ၊ မင်းပေးခဲ့တဲ့ ဒဏ်ရာတွေက ကိုယ့်ရင်ဘတ်ထဲမှာ ရှိမနေသင့်တော့ဘူးလေ၊ ဒါကြောင့် ကာယကံရှင်ဖြစ်တဲ့ မင်းဆီကို လာပြန်ပို့တာ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကိုက မင်္ဂလာကိစ္စ လာစီစဉ်တာ ဟုတ်လား။ ဘယ်သူနဲ့လဲ"

ညှိုးမှေးသော မျက်နှာဖြင့် မြသား အလောတကြီးမေးလိုက်သည်။

"ကိုယ်က မိုးကုတ်မြို့က မိန်းကလေးတွေနဲ့ အတော်ရေစက်ပါတယ် မြသားရဲ့၊ ခုလည်း ဒီကကောင်မလေးတစ်ယောက်နဲ့ လာစေ့စပ်တာ၊ ကိုယ့်မိဘတွေလည်းပါတယ်၊ စေ့စပ်ပွဲပြီးမှပဲ အပြန်ဝင်ခဲ့မယ်လို့ မှာလိုက်တယ်"

မိုးညို မျက်နှာက ဘာမှမဖြစ်သလို ပုံမှန်မိတ်ဆွေတစ်ယောက်ကို ပြောနေသလို အေးဆေးတည်ငြိမ်လွန်းနေ၏။

မြသားရင်ထဲမှာတော့ ဘာမှမကျန်တော့လောက်အောင် နှလုံးသားတစ်စုံကို သွေးစိမ်းရှင်ရှင် ထွက်သည်အထိ ဆွဲနှုတ်ခံလိုက်ရသလို နာကျင်လွန်းလှ၏။

ရင်ထဲမှာ ဟင်းလင်းပြင်ကြီးတစ်ခုလို ဘာမှမရှိတော့။

"မြသားကို လာနောက်နေတာလား ကို"

အားမရှိသည့် တုန်ရီရီ လူနာတစ်ယောက်လို အသံပျိုးဖြင့် မေးလိုက်သည်။

"ဒီကိစ္စက ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ကိစ္စပါ မြသား၊ ကိုယ် မနောက်ပါဘူး"





ဆိုးရွားလိုက်တာ။ ထိုအဖြစ်အပျက်ဆိုးကြီးထဲက မြသားက ဘယ်ကဲ့သို့ ရုန်းထွက်ရမည်လဲ။ ထိုအမှန်တရားတစ်ခုသည် မြသားဖြူ့အတွက် မခံစားနိုင်လောက်အောင် ခါးသီးလွန်းလှ၏။ သို့သော် ကိုယ့်ကို ကျောခိုင်းသွားတော့မည့် ချစ်သူရှေ့မှာ မြသား၏စိတ်တွေ ယိုင်နဲ့သွား၍ မဖြစ်။ စိတ်ခံစားမှုတွေကို မပြိုလဲသွားအောင် တောင့်တင်းထားရပေဦးမည်။

"အင်းလေ အမှန်တကယ်ဆိုရင်လည်း မြသား အစ်ကို့အတွက် ဝမ်းသာပါတယ်"

"ဒါပေါ့ ဝမ်းသာပေးရမှာပေါ့"

မြသားဖြူ့ ခံစားချက်တွေ အပြည့်အသိပ်ဖြင့် ချစ်သူမျက်နှာကို တစ်ချက်ကြည့်ကာ အသံတုန်တုန်ဖြင့် ဝမ်းသာစကားဆိုလိုက်ရပေမယ့် ရင်ထဲမှာတော့ ဖြေမဆည်နိုင်လောက်အောင် ရှိုက်ကြီးတငင် ငိုချလိုက်ချင်ပါသည်။

"မြသား ကိုယ့်ကို ဘာပြောစရာရှိသေးလဲ"

ဘာသဘောနှင့်မေးမှန်း မသိပေမယ့် ငိုသံအက်တော့မည့် မြသား၏အသံကို ကိုကို မကြားစေချင်တော့။ ထို့ကြောင့် ခေါင်းကို တွင်တွင်ခါလိုက်သည်။ အကြည့်ချင်းလည်း ဆုံဖို့မှ မလိုတော့တာ။

"ဒါဆို ကိုယ် သွားတော့မယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြသား ခေါင်းညိတ်ပြလိုက်ပြီး အခန်းတံခါးကို ပိတ်ဖို့ လက်ရွယ်လိုက်သည်။

တံခါးချပ်အဆုံးထိ မပိတ်မိသေးခင်မှာ မိုးညှ တံခါးကို လက်ဖြင့် တွန်းကန်ထားပြီး

"နေဦး မြသားဖြူ ကိုယ့်သတို့သမီးနာမည်ကို မင်းကို မပြောရသေးဘူး၊ မိုးကုတ်မြို့က ကျဉ်းကျဉ်းလေးဆိုတော့ ကို စေ့စပ်မယ့် ကောင်မလေးကို မင်းများသိနေမလားလို့ပါ၊ သူ့နာမည်က မြသားဖြူတဲ့ အခုဆိုရင် သူက အပျိုစင်တစ်ယောက် မဟုတ်တော့ဘူး၊ ဗိုက်ထဲမှာ သူ့အရင်ချစ်သူရဲ့ကိုယ်ဝန် လွယ်ထားရတယ်"

BURMESE CLASSIC .com

"ဟင် ကို ကို ပြောနေတာတွေက"

မြသား မည်သို့သော မေးခွန်းမျိုးတွေ မေးရမှန်းမသိအောင်ပင် ရင်ထဲက တမြေ့မြေ့ ခံစားနေရသော ခံစားချက်တွေက ပြောင်းလဲမြန်ဆန် လွန်းလှ၏။

မျက်ရည်တွေ ဝေ့နေသော မျက်ဝန်းလေး အရောင်လက်လာ၏

"ကို လူဆိုး သွား၊ ဒီကတော့ စာကယ်အောက်မေ့လို့ ကိုယ့်ကိုယ်ကိုယ် ရှုးသွပ်ပစ်လိုက်ဖို့တောင် အဆင်သင့်ဖြစ်နေပြီ"

မြသားဖြူ တဟဲဟဲဖြင့် ရယ်နေသော မိုးညှ၏ရင်အုပ်ကျယ်ကျယ်ကို လက်သီးဖြင့် ခပ်ဖွဖွထုရင်း အရှက်ပြေဆို၏။





"တစ်ခါလက်ထပ်ဖို့အရေး ဟီးရိုးလုပ်ပြီး ပဲများနေတဲ့ ကောင်မလေးကို မှတ်လောက်အောင် ပညာပေးချင်လို့လေ၊ ကဲ ဘယ့်လိုလဲ နောက်တစ်ခါ ကိုယ့်ကိုယ်ကိုယ် စိတ်ဒဏ်ရာရအောင် လုပ်ဦးမလား"

ကလေးငယ်တစ်ယောက်ကို မေးသလို မေးခွန်းထုတ်နေသော မိုးညှ ရင်ခွင်ထဲသို့ မြသားဖြူ ဖွတ်တိုးဝင်လိုက်ပြီး

"ဟင့်အင်း နောက်ဆုံးမှာ မြသားပဲ နာကျင်ရတယ်၊ မြသား ကိုကို ဒီတစ်သက် မပြောနဲ့ နောင်ဆယ်သက်တောင် ခွဲနိုင်မှာမဟုတ်ဘူး ကို၊ ခုချိန်မှာ မြသားရဲ့အပြင်းပြဆုံးဆန္ဒက ကိုရယ်၊ မြသားရယ်၊ ဟောဒီ ဗိုက်ထဲက ကလေးလေးရယ်၊ ပျော်ပျော်ရွှင်ရွှင် နေသွားဖို့ကိုပါပဲ"

"ကိုယ်လည်း ဒီလိုပါပဲ ဖြူရယ်၊ ကိုယ့်ချစ်သူလေးကို ဘယ်တော့မှ ခွဲမသွားဘူး၊ ကိုယ်တို့ ရှေ့ဆက်ရမယ့် အနာဂတ်ကို ဒီထက် လှပအောင် အချစ်တွေနဲ့ ထုံမွှမ်းကြမယ်"

အင်မတန် လေးနက်လှိုက်လှဲသော အသံဖြင့် ပြောလိုက်သော စကားကို မြသားဖြူ ဝမ်းသာလွန်း၍ ကျသော မျက်ရည်စတွေဖြင့် ပင့်မော့ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

မျက်နှာချင်း ထိစပ်မိသည့် တဒင်္ဂ ဒြပ်မဲ့ဝိုကြွေးခြင်းတွေသည် အသစ်အသစ်သော တက်ကြွပျော်ရွှင်စိတ်တွေကြောင့် အဝေးကို လွင့်ပျော ကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အဆက်အစပ်မဲ့သော တိမ်တစ်အုပ်မျောလွင့်နေသော ကောင်းကင်ပြင်ကြီးသည် ဖရိုဖရဲ လှပနေဆဲပါပဲ။

အတိတ်စိမ်းတွေကတော့ ဟိုးခပ်ဝေးဝေးမှာ ပြတ်ကျန်ခဲ့ပြီလေ။

ပရိသတ်အတွက်

အမြဲတမ်း၊

သျှီး

[redacted]

www.burmeseclassic.com